
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အခန်း ▸▸ ၁ ◂◂

ညို့ရီနေသော နီမြန်းသည့် နှုတ်ခမ်းတစ်စုံကို ပိုင်ဆိုင်သူ…

ချွန်ကော့ကော့ နှာတံကလေးနှင့် ရယ်လိုက်တိုင်း ကွန့်တက်သွားတတ်သော မျက်ခုံးတန်းလေးနှစ်ဖက်မှာ အနီရင့်ရင့် ညိုရိပ်သမ်းနေတတ်သည်။

မျက်တောင်တစ်ခတ်မှာ အသက်ရှူမှားစေနိုင်သော ပြာလဲ့သည့် မျက်ဝန်းအစုံက နှုတ်ခမ်းများနှင့်အပြိုင် ဖြားယောင်းနိုင်၏။

အနီမဟုတ်သော အနက်ရောင်မမှန်၊ ဝါသည်ဟု ပြော၍ မရတတ်သည့် ဆံပင်သည် အလယ်ခွဲအုပ်အုပ်လေး စင်းလာပြီး လည်ဂုတ်နားမှာ ကုပ်ကုပ်လေး ဖြစ်သွားသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အောက်ဘက်မှာ ခပ်ပါးပါးရှည်ချထားသော အထပ်ဆံပင်လေးကချို့က ပခုံးထက်သို့ ပျော့နွဲ့ခွေဆင်းနေသည်။

အလွန်လှပ၍ ဆွဲညို့နိုင်စွမ်းသော သူမကလေးဟာ ကျွန်တော် ခန့်ညားထည်၏ သူငယ်ချင်းလေး ဦးဦးဖျားဖြစ်လေသည်။

ᕯᕯᕯ

BURMESE CLASSIC .com

## အခန်း ›› ၂ ‹‹

ခဲပုပ်ရောင်ရင့်လွန်းသော စကတ်ရှည်အကျပ်က ဒူးအထက်ထိ ချပ်ကပ်နေသည်။

ပြည့်ဝန်းစွံ့ကားသော ကိုယ်လုံးဟာ အကာအရံမပါဘဲ မြင်နေရသလို လှလွန်းတော့လည်း ရိုင်းနေသည်။

"ဘာဖြစ်လို့ ဒီလောက်ကျပ်တာကို ဝတ်တာလဲ"

"ဘာ"

မှုံကုတ်ကုတ်ကြည့်၍ပြောသော သူ့စကားကို 'ဘာ' တစ်လုံးတည်းနှင့် မလိုလားစွာ ပယ်ချပစ်လိုက်၏။

ထုံးစံအတိုင်း နောက်ထပ်ဘာမှထပ်ပြောလာတော့မှာ မဟုတ်တာကို သိနေသောကြောင့် ဖျားက စာအုပ်နှင့် လက်မောင်းကို လှမ်းရိုက်၍



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆီကို လာရင် နင့်အကြည့်တွေကို စာအုပ်ကြားထဲမှာ ခဏညှပ်ပစ်ခဲ့စမ်းပါ ထည်ရယ်"

နှစ်យောက်အတူ ကားပေါ်တက်ပြီးကြသည်အထိ ထည် စကားတစ်ခွန်းမှ မဆိုခဲ့ပါ။

"ဦးဦးလေးရေ… ညနေ အိမ်ကို တန်းပြန်နော်၊ ကတ်ကျေးကိုက်လုပ်ထားမယ်"

ခြံထဲကနေ ပန်းတွေခူးတက်လာသည့် အမိုးက လှမ်းပြောသည်။

ဖျား လက်ပြ၍ နှုတ်ဆက်လိုက်သည်။

အိမ်မှာ ဦးဦးဖျားဆိုသည့်နာမည်ကို အပိုင်းပိုင်းဖြတ်၍ အမျိုးမျိုးခေါ်ခဲ့ကြသည်။

မွေးချင်းမောင်နှမ,မရှိဘဲ တစ်ဦးတည်းသော သမီးလေး ဖြစ်ခဲ့သော်လည်း မိဘဘိုးဘွားအစုံရှိသေးသည်။

အားလုံးက ဖူးဖူးမှုတ် ချစ်ကြ၏။

ခန့်ညားထည်နဲ့ ဦးဦးဖျားက တစ်ခြိကျော်လေးပဲ ဖြစ်သည်။

သို့သော် မိဘချင်းက ငယ်သူငယ်ချင်းဖြစ်သလို သူတို့နှစ်ယောက်ကလည်း အလယ်တန်းကျောင်းမှာ စတက်ကြကတည်းက အတူတူ။

ဦးဦးဖျား၏ ဖခင် ဦးညီမင်းက အဝေးပြေးကားတွေ





ရှိသည်။

မိဘအမွေအနှစ်များစွာနှင့် တခြားကုမ္ပဏီလုပ်ငန်းသည်း ထူထောင်ထားတာတွေ မရှိ။

ဒေါ်ကေမီက အငြိမ်းစား ကထိက။

ထည့်ဖခင် ဦးကျော်လင်းကျတော့ ရောဝတီလုပ်ငန်းမှာ နိုင်ငံတော်တာဝန်နှင့် ပြေးဆွဲနေသော မော်တော်အစီးနှစ်ဆယ်ကို ဦးစီးချုပ်ကိုင်ထားသူ။

ရေကြောင်းနှင့်ကုန်းကြောင်း စီးပွားရေးတွေက ဆန့်ကျင်ဘက် ဖြစ်နေသော်လည်း ဦးညီမင်းနှင့် ဦးကျော်လင်းတို့က အိမ်မကပ်ဖြစ်ကြတာချင်းလည်းတူကာ အပြင်မှာ လက်တွဲ မိနေကြ၏။

"ညီရေ… ပြည်မှာ တောင်ပံတစ် ဒီနေ့ဝင်မယ်၊ မင်း ဘယ်မှာလဲ၊ ငါတို့ ဆုံကြမလား"

"ဆုံမယ်၊ ပြည်ဂိတ်မှာ ငါ ဆင်းနေခဲ့မှာပေါ့"

ဦးညီမင်းက ဦးကျော်လင်းဆီက ဖုန်းရပြီဆို အလှည့်ကျသည့်ကားနှင့် လိုက်သည်။

ချိန်းသည့်မြို့မှာ ဆုံ၏။

ဦးညီမင်းက ချိန်းလျှင်လည်း ဦးကျော်လင်းက ဖြစ်အောင်သွားသည်။ တစ်ခါတစ်ရံ မချိန်းဘဲ ဆုံဖြစ်ကြတာလည်း ရှိ၏



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိမ်အပြန် နှစ်ယောက်အတူပြန်လာတတ်ကြတာလည်း ရှိလေသည်။

အိမ်ရှင်မတွေကတော့ နှစ်အိမ့်တစ်အိမ် အလယ်မှာ ခြံတစ်ခြံခြားနေပေမယ့် အမြဲ တပူးတွဲတွဲ။

ဦးကျော်လင်းက မော်တော်တွေကို 'တောင်ပံ' အမည်နှင့် 'တောင်ပံတစ်၊ တောင်ပံနှစ်' စသော နာမည်တွေ ပြောင်း၍ လုပ်ထားသည်။

ဦးညီမင်းကျတော့ နာမည်ကို ကားနံပါတ်နှင့်သာခွဲပြီး ကားအားလုံးကို 'ကေမီ' နာမည်နဲ့ပဲ ထားသည်။

"မောင်နော်... ကေမီ့နာမည်ကို ကားတွေမှာတပ်ပြီး ဟိုကခေါ်၊ ဒီကခေါ်နဲ့၊ သက်သက်ဖွတာလား"

ဒေါ်ကေမီက ကေမီ့နာမည်ကြီးကို ကားနဲ့တွဲ၍ ပါလာတိုင်း ရန်လုပ်တတ်သည်။

"မီကလည်းကွာ၊ မောင်က မိန်းမကို အမြဲသတိရနေချင်လို့ပါ၊ ဒါမှ ငါ့ကေမီလေးကို စီးနေရပါလားဆိုပြီး..."

"မောင်နော်"

မိသားစုဆုံပြီဆို [illegible] ဖျားတို့ မိသားစုက [illegible]

ထည်တို့ဆိုလည်း ဒီလိုပဲဖြစ်သည်။

ဘယ်လိုမှ ခွဲထွေးလို့ မရတာက ဦးဦးဖျားနဲ့





ခန့်ညားထည်...

"ငါ့ကို ဒီမှာချပေးခဲ့တော့ ထည်"

"ဘာလုပ်မလို့လဲ"

မေးလိုက်ပေမယ့် ကားကိုတော့ အရှိန်လျှော့ချပြီးသား ဖြစ်နေ၏။

"ငါ ကိစ္စရှိသေးလို့"

ထည်၏ ထူထဲသော မျက်ခုံးနှစ်ဖက်က မညီမညာ ဘွန့်တက်သွား၏။

"ကျောင်းချိန်နီးနေပြီဥစ္စာ၊ ဘာကိစ္စလဲ"

"ချိန်းထားလို့"

သိသားပဲလို့ မပြောဖြစ်။

ဒေါသကတော့ ထောင်းခနဲ ဖြစ်သွားသည်။

ဖျားတို့က ပြောပြီဆို ဆင်ဆင်ခြင်ခြင် မရှိ။ တကယ်ဆို သူငယ်ချင်းဆိုပေမယ့် လေးစားသမှုတော့ ရှိသင့်သည်။

"ဟွဲ... ကားရပ်ပါလို့ဆို၊ လွန်ကုန်ပြီ"

ခေါ်နေကျအတိုင်း ပခုံးကို တအုပ်နဲ့ပဲ ရိုက်သည်။ ယ်ရယ်မောမောနဲ့ဆို ခပ်သာသာ။

ဒေါသဖြစ်ပြီဆို ဖျန်းခနဲ။

ထည်က ကားကို လမ်းလွှတ်ရုံလေး တမင်ရပ်ပစ် ိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား အကျင့်ပုပ်တာ"

ဖျား ကားပေါ်ကနေ ရုတ်တရက် ဆင်းလို့မရဘဲ ဖြစ်နေသည်။

နောက်ကားက ရှုပ်နေသဖြင့် ဒုက္ခရောက်သွားသည်။

"ထည်... နင်ဟာလေ၊ မတည့်တော့ မတည့်အောင် လုပ်တယ်လို့ပြောတယ်၊ ဘာဖြစ်ဖြစ် တည့်ချင်စရာကို မရှိဘူး"

ထည်က စတီယာရင်ကို ဖိအုပ်ထားပြီး ခပ်စောင်းစောင်း လှည့်ကြည့်၏။

"ရပ်ဆိုလို့ ရပ်ပေးတာပဲ၊ နင်က ရပ်ဆိုတိုင်း ချက်ချင်း ရပ်ရအောင် ကားမှာ စက်တပ်ထားတာ၊ ခြေထောက်မပါဘူး"

"ရပ်လို့ရတဲ့နေရာမှာ ငါပြောတာပဲ၊ တမင်ညစ်တာ၊ ဟွန်း... နောက်ကို နင်မမောင်းနဲ့၊ ဝါ့ဟာငါ မောင်းမယ်"

"မိန်းကလေးတစ်ယောက်မောင်းတဲ့ကားကို တစ်သက်လုံး မစီးဘူး"

"ဟွန်း"

ဖျားက တက်ခေါက်ပြီး ကားရှင်းသည်နှင့် ဖျတ်ခနဲ ဆင်း၏။

လှည့်ကြည့်လိုက်တော့ ဆိုဖာပေါ်မှာ ဖျား၏ပိုက်ဆံအိတ်လေးက ဒီတိုင်း။





ထည် ပြုံးလိုက်ပြီး ကားကို မောင်းထွက်လိုက်၏။

နောက်ကြည့်မှန်ထဲမှ နာရီလေးကြည့်၍ ပလက်ဖောင်းပေါ် ပြေးတက်သွားသည့် ဖျား၏ပုံရိပ်လေးကို မြင်နေရသည်။

"ကျောင်းကို အသွားအပြန် အတူတူပဲသွားကြ၊ ဖျား ကားမမောင်းရဘူး၊ သားမောင်းတာကိုပဲ လိုက်စီး"

ဒေါ်ကေမီက သတ်မှတ်ပေး၏။

ဘာပဲဖြစ်ဖြစ် ထည့်ကိုဘေးမှာထားပြီးတော့လည်း ထင်သလိုလုပ်ခွင့်ရနေသည်မို့ ဖျားက သဘောတူခဲ့သည်။

လူကြီးတွေကွယ်ရာမှာဆို ထည်နဲ့ ခင်မင်သင့်မြတ်ကြသည်ဆိုတာ မရှိ။

ထည်သည် ဖျားကို သည်းညည်းခံနေတာမျိုး မဟုတ်ပါ။

ဒါပေမဲ့ ဘာလုပ်လုပ် ပြင်းပြင်းထန်ထန် တားမြစ်တာမျိုးလည်း မရှိခဲ့။

ပြောကြည့်သည်။

မရရင်သွား။

ဘယ်တော့မှမတည့်ခဲ့ကြတာလည်း ရည်းစားထားတတ်သည့် ပြဿနာကြောင့်ပဲ ဖြစ်၏။

လှသလောက် ရည်းစားများတဲ့ ဦးဦးဖျား...

ရည်းစားထားတိုင်းလည်း ထည်သိသည်။ တအောင်



www.burmeseclassic.com

www.burmeseclassic.com



အသိပေးတာမျိုး မဟုတ်။

''ငါ ဒီနေ့ ဧယျနဲ့ ချိန်းထားလို့''

နာမည်တစ်မျိုးထွက်လာပြီဆို အဲဒီနာမည်က ရုပ်ရှင်သွားကြည့်ဖို့၊ ရှော့ပင်ထွက်ဖို့၊ အင်တာနက် စုံနေအောင်ပါသည်။

ဘယ်လောက်မှမကြာခင် နာမည်တစ်မျိုး ဖြစ်တတ်ပြန်သည်။

''မိန်းမကျနေတာပဲ၊ အရမ်းပွမ်းတယ်''

ရည်းစားဖြတ်သွားတာ သူ့မှာ ပေါ့ပေါ့လေး။

''ဘာဖြစ်လဲ ရည်းစားထားတာ၊ နောက်ဆုံးနှစ်ပဲရောက်နေပြီ၊ ငါ့ကိုယ်ငါ သိတယ်၊ ဆရာမလုပ်နဲ့''

ပြောပြီဆို ရည်းစားထည်လဲဖြစ်နေတတ်သူတွေကို ဦးဦးများတို့ လက်ညှိုးထိုးပြမည်။

''ငါ သူတို့ထက် အများကြီးသာတယ်''

ဟု ပြော၍ အဆုံးသတ်၏။

''ချိန်းတိုင်း ဘာလို့သွားတာလဲ၊ ယောကျ်ားလေးတွေကို ဘာမှတ်နေလဲ''

ပြောမရလွန်းတော့ ရှက်သွားအောင်ပြောပစ်လိုက်ဖို့ထည် အားထုတ်ခဲ့ဖူးသည်။

ဒါပေမဲ့ ဖျားက သူ့ထက်ပိုနေ၏။





''နင်ကော ခုနေ ကောင်မလေးတစ်ယောက်နဲ့ ချိန်းထားရင် ဘာဖြစ်မလဲ''

ပြန်မေးချလိုက်တာ ထည့်မျက်နှာ ဘယ်ချောင်ထိုးရမှန်းမသိ ဖြစ်သွားခဲ့သည်။

ခုချိန်ထိ ဘယ်မိန်းကလေးကိုမှ သူ စွဲစွဲလမ်းလမ်းကြည့်ခဲ့ ငေးခဲ့ဖူးသည် မရှိပါ။

ချစ်ဖို့ဆိုတာ အဝေးကြီး။

''ပြောလေ''

''ဘာပြောရမလဲ၊ ဝါသနာမပါဘူး''

''အဲဒီလိုပဲပေါ့၊ ယောကျ်ားလေးတိုင်း စည်းကမ်းမဲ့ကြတာ မဟုတ်ဘူး၊ နင့်လို သူတော်ကောင်းလေးတွေ ရှိသေးတယ်''

ပြောပြီး ရယ်ချပစ်လိုက်တာ လက်သီးနဲ့ထထိုးပစ်ဖို့သာကောင်းတော့သည်။

''ချိန်းတိုင်းသွားတာ မဟုတ်ဘူး၊ ငါသွားစရာရှိမှ အဖော်ခေါ်တာ၊ အဲဒီလို ငါခေါ်တိုင်း နင်လိုက်ပေးဖူးလား''

''ဘာလို့လိုက်ရမှာလဲ၊ နင့်မှာ အားတိုင်း သွားစရာတွေက များနေတာ''

''သွားတယ်လေ၊ အဲဒါကြောင့်ပေါ့၊ ရည်းစားထားတော့ ဖုန်းကောက်ဆက်လိုက်တာနဲ့ ရှေ့မှာ ချက်ချင်းရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ဘာ''

အဓိပ္ပါယ်မရှိဟု ထအော်ပစ်ချင်သည်။

ဦးဦးဖျား လွဲချော်နေတာကို ဒေါသဖြစ်တိုင်း ပြောပေါက် ဆိုပေါက်က ဘယ်တော့မှအဆင်မပြေ။

လူကြီးတွေကတော့ ဘာမှမသိကြပါ။

''နင် မာမီကို မတိုင်နဲ့နော်၊ ငါက ရွှဲ့မှာ၊ မီဘက အိမ်မှာနေတာ၊ ကွယ်ရာမှာ ငါထင်သလို လုပ်လို့ရတယ်''

ပြောလည်း ပြောရဲသည်။ တကယ်လုပ်ရဲမှာကလည်း သေချာ၏။

စိုးရိမ်လွန်းလို့မဟုတ်ပေမယ့် သူတိုင်လိုက်လျှင် စကားတတ်သော ဖျား၏ပါးစပ်က ဟိုဒီပုတ်ခတ်ပြောလိမ့်ဦးမည်။

နေပစေ…။

ကြည့်နေလိုက်တော့လည်း ဖျားတစ်ယောက် လိမ်ချင်တိုင်း လိမ်နေ၏။

''ဟိုကောင်ရယ်ရတယ် သိလား ထည်၊ ငါ့ကိုမေးတယ်၊ သူ့ကို ချစ်သူထားတာလား၊ အဖော်ငှားတာလားတဲ့၊ ဘာလဲ မသိဘူးလေ၊ ငါပြောလိုက်တယ်၊ အဖော်လိုချင်လို့ ရည်းစားထားတာလို့၊ သူ ခေါက်သွားတယ်''

ဒါမျိုးနဲ့ပဲ နောက်တစ်ယောက်… နောက်တစ်ယောက်။

''ယောကျ်ားလေးတွေက လောဘကြီးသားနော်၊

သစ္စာမွန်စာပေ



ရည်းစားထားကြတာကို ဘယ်လိုကွက်သလဲ မသိဘူး၊ ဟွန်း… ပေးသေးတယ်''

တစ်ခါတစ်ရံ ကြောက်သလို ရွံ့သလို စကားသံတွေ ဟွက်ကျလာတတ်၏။

ထိုအခါ သူ ဟားတိုက်ရယ်ပေးလိုက်သည်။

''သူတော်ကောင်းလေးတွေပါ''

ဟု ပြောလိုက်တော့ ဖျားက လိုက်ရယ်သည်။

''ဘယ်တော့မှမရဘူး၊ ငါ့ပါးက မာမီနမ်းဖို့''

ဟု ထပ်ပြောလိုက်လျှင် ထည့်မျက်နှာကြီး ရဲခနဲ ဖြစ်လေသည်။

မိဖျား… ကောင်စုတ်မလေး။

စာအုပ်နဲ့နဖူးကို လက်ပြန်ရိုက်ပစ်လိုက်ရင်း မျက်နှာပူသွားတာကို ဖြေရသည်။

ရည်းစားထားတဲ့ကောင်မလေးနဲ့ သူငယ်ချင်းဖြစ်နေရတာ မလွယ်ပါလား။ ကားမောင်းရင်း တွေးဖြစ်ခဲ့သော ဖျားအကြောင်း…

ထည် နာရီကို ကြည့်လိုက်သည်။

မျက်လုံးတို့က ဆိုဖာပေါ်က ပိုက်ဆံအိတ်လေးဆီ နောက်ထပ် ရောက်သွားပြန်သည်။

လှည့်မပေးဘဲ တမင်ညစ်လာခဲ့ပြီးမှ စိတ်ကမဖြောင့်

သစ္စာမွန်စာပေ,

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကျောင်းဝင်းထဲဝင်ခါနီးမှ ကားကို ပြန်ကွေ့ခဲ့မိသည်။

ဒီမနက်တော့ မိဖျားနဲ့ ရောယောင်၍ သူ့ အတန်းလစ်ရဦးမည်။

ᨏ ᨏ ᨏ

## အခန်း » ၃ «

ပြန်လှည့်လာခဲ့ပေမယ့် ဖျား ဘယ်သွားမှန်း မသိ။

ဒီနားတစ်ဆိုင်ဆိုင်၊ ဒါမှမဟုတ် အနီးအနားက ပန်းခြံတစ်ခုခုများလား။

တစ်ခုခုမှမဟုတ်ဘဲ ချိန်းထားသည့်ပုဂ္ဂိုလ်မရောက်သေး၍ စောင့်နေတာဖြစ်ဖြစ်။

စိတ်ထဲမှာထင်တာက သူချထားပေးခဲ့သော ဒီနေရာအနီးတစ်ဝိုက်မှာပဲ ဖျားကိုတွေ့ရမည်ဟု။

ကားကို ဖြည်းဖြည်းချင်းလိုမ့်၍ ဖျားကူးသွားသည့်ဘေးတစ်ဖက်သို့ စေ့စေ့စစ်စစ် လိုက်ရှာကြည့်မိသည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာမှမတွေ့ . . .

ထိုစဉ် သူ့မျက်လုံးတွေက တီးဝင်ကာတစ်ခုဆီ ရောက်သွား၏။

ဖျား . . .

စားပွဲတစ်လုံးမှာ တစ်ယောက်တည်း။

လမ်းဘက်ကို ဒီတိုင်းလှည့်ထိုင်နေတာမို့ သူ ဒီရှေ့က ခေါက်တုံ့ခေါက်ပြန်ဖြတ်တာ နှစ်ခေါက်ရှိနေသည့်အဖြစ်ကို မြင်နေလိမ့်မည်။

ကားကို ရပ်လို့ရသည့်နေရာမှာ ရပ်လိုက်ပြီး သူ ဆင်းလာခဲ့သည်။၏

စားပွဲနားရောက်မှ ဟိုဒီတစ်ခေါက်ဝေ့ကြည့်၍ ဖျားရှေ့မှာ ထိုင်၏။

"ဘယ့်နှယ်လဲ၊ မလာသေးလို့ မျှော်နေတာလား"

မေးပြီး ကိုင်လာသောပိုက်ဆံအိတ်ကလေးကို စားပွဲပေါ် တင်လိုက်ပြီး ဖျားက သူ့ကို တစ်ချက်မော့မကြည့်ဘဲ ပိုက်ဆံအိတ်ကို ကြည့်ပြီး အစားအသောက်မပျက်။

"ဖျား"

"ဘာလဲ"

"ဘာလုပ်နေတာလဲ"

"မမြင်ဘူးလား"





"မြင်တယ်လေ၊ အိမ်မှာစားသောက်ပြီးမှ ထွက်လာတာကို ဒီလောက်ထိ သွတ်သွင်းနေတာ အံ့သြနေလို့၊ ဘယ်မှာလဲ ဟိုတစ်ယောက်ကော"

ဖျားက သူ့ကို ဖျတ်ခနဲမော့ကြည့်၍ ခါးဆန့်လိုက်သည်။

"မေးတာ နှစ်ခါရှိပြီ၊ ဘာလဲ . . . အဲဒီတစ်ယောက်ကို သိပ်စိတ်ဝင်စားနေလား"

"အဲဒီတစ်ယောက်ကိုစောင့်နေတဲ့ နင့်ကို စိတ်ဝင်စားလို့လေ၊ ဘာလုပ်နေတာလဲ၊ ဒီမှာ ကျောင်းချိန်မှီသေးတာကို၊ မလာရင်လည်း ထ၊ သွားမယ်"

ပြောရင်း သူ ထရပ်လိုက်သည်။

ပြီးမှ ဖျတ်ခနဲ ပြန်ထိုင်ချကာ . . .

"မိဖျား . . . နင့် ဒီမှာထိုင်တာ ဘယ်ကပိုက်ဆံပါလို့လဲ၊ ဟိုတစ်ယောက်လာရင် ရှင်းမှာပဲဆိုပြီးတော့လား"

"ရပ်ကို သေချာကြည့်ဦး၊ ကျွေးတိုင်းစားတဲ့ရုပ်လား၊ ပိုက်ဆံပေါတာကို ပြောပြပြီး တောင်းစားမယ့်ပုံပေါက်နေလား"

"ဒါဆို ငါပြန်လှည့်လာမှာကို သိနေလို့ပေါ့"

ဖျားက နှုတ်ခမ်းမဲ့၍ ဘယ်တော့မှမပျက်ပါသွားသည် မရှိတတ်သော၊ ဘယ်လိုအမျိုးအစားမှန်းမသိနိုင်သည့် နှုတ်ခမ်း

www.burmeseclassic.com



နီတွေ ဆိုးထားသည့်အပေါ် တစ်သျှူးနှင့် ဖိသုတ်ပစ်၏။

ထို့နောက် တစ်သျှူးကို စားပွဲပေါ်ပစ်ပေါက်ချကာ

"ကျန်ခဲ့မှန်းသိလျက်နဲ့ စိတ်ကောင်းမရှိစွာ အကျင့်ပုပ် စိတ်ပုပ်ပြီး တမင်တင်ဆောင်သွားတဲ့ နင့်ကားပေါ်က ပစ္စည်းကို မျှော်နေရအောင် ငါက အရူးမှမဟုတ်"

ထည့်မျက်နှာ ရှုံ့မဲ့မဲ့ ဖြစ်သွား၏။

မျက်လုံးတို့က ဖျား၏လက်ချောင်းကလေးများသို့ အရောက်...

"ဟင်... ဖျား"

လက်စွပ်ကွင်းပါးလေးတွေကို လက်သန်းနှင့် လက်မှာပဲ ထပ်ညှပ်နေအောင် ဝတ်ထားတတ်သော ဖျား၏လက်သွယ်သွယ်လေးပေါ်မှာ လက်စွပ်နှစ်ကွင်းလျော့နေပြီ။

"ဖျား... နင် လက်စွပ်တွေ..."

"ဟုတ်တယ်"

သူ့စကားမဆုံးခင် ဖျားအသံက ဆောင့်အောင့်ထွက်လာသည်။

"ဟ... မြန်လှချေလား၊ ကြည့်စမ်း... ငါသွားတာ ပြန်တာ ဘယ်လောက်မှ မကြာသေးဘူး"

သူ ဘေးဘီကို လိုက်ဝေ့ကြည့်လိုက်မိပြန်သည်။

"ဘယ်မှာသွားရောင်းပစ်လိုက်တာလဲ"





ဖျားမျက်နှာက ပါးပြင်လေးနှစ်ဖက်နှင့် နှုတ်ခမ်းလွှာလေးတွေ၊ နှာသီးဖျားလေးတွေ အရောင်ရင့်လာတော့ ပို၍လှသွား၏။

ဒေါသဖြစ်ပြီဆို ရဲတက်လာတတ်သော ဖျားမျက်နှာလေးက ဒီလိုပဲ သူ့နေရာနှင့်သူ ရွေးချယ်၍ အရောင်ရင့်သွားတတ်သည်။

ဒါလည်း ပါရမီထူးရှိနေသော ဖျား၏အလှအပတစ်ခုထင်သည်။

"ငါ့ဟာငါ ဘယ်မှာသွားရောင်းရောင်း ဘာလုပ်မလို့လဲ၊ ပိုက်ဆံတစ်ပြားမှမပါတာကို ငါက ဘာဆက်လုပ်နေရမလဲ၊ ရည်းစားဆိုတဲ့သတ္တဝါကို ပိုက်ဆံချေးဖို့ ရပ်စောင့်နေရမှာလား၊ စိတ်ဓာတ်ပုပ်ပွပြီး သူများဒုက္ခရောက်စေချင်လို့ တမင်လုပ်သွားတဲ့ ညစ်ကို လမ်းဆုံမှာ ခြေစုံရပ်ပြီးမျှော်နေရမလား"

"မိဖျား"

ဖျားအသံက ကျယ်ကျယ်လောင်လောင်ကြီးမို့ ထည်လည်း ရှက်စိတ်နှင့် ဒေါသ ရတ်တရက် အရောင်မကွဲတော့။

"နင် ငါ့ကို ဘာဖြစ်လို့ ခဏခဏ ပုပ်တယ်၊ ယုတ်တယ် ပြောနေတာလဲ"

"ဟုတ်တာပြောတာပဲ၊ ငါဆင်းကျန်ခဲ့ကတည်းက နင်မြင်တယ်မို့လား၊ တမင်မောင်းထွက်သွားတာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သလား''

ထည် မျက်နှာကွက်ခံနဲ့ မျက်သွားပြီးမှ

''ခု အချိန်မီပြန်လာတာပဲ''

''လာလုပ်မနေနဲ့၊ လိုးဝမကျေနပ်ဘူး''

မျှားက ငါးရာတန်တစ်ရွက်ကို လွယ်အိတ်ထဲကထုတ်၍ စားပွဲပေါ်မှာ ချလိုက်သည်။

ရေနွေးပန်းကန်လုံးနှင့် ငွပ်ခနဲဖိပစ်ခဲ့ပြီး အားလုံး သတိထားမိနိုင်သော ခြေလှမ်းများက တစ်လှမ်းတစ်လှမ်းကို မြေပြင်အောက် တစ်လက်မခန့် နစ်ဝင်သွားနိုင်၏။

''ဟိတ်... ဒါက ဘယ်ကိုလဲ''

စိတ်တိုနေမိပေမယ့် ကားဆီမသွားဘဲ လျှောက်ထွက်သွားသဖြင့် ထည် ဘေးကနေ ခြေလှမ်းကျဲများဖြင့် ကမန်းကတန်း ကပ်လိုက်ရသည်။

မျှားက လှည့်မကြည့်ဘဲ ဆံပင်တွေကို လက်တစ်ဖက်နှင့် ထိုးလှန်ပစ်လိုက်သည်။

''မျှား... ငါမေးနေတယ်၊ ဘယ်ကိုလဲ''

''ငါ့မှာပိုက်ဆံရှိတယ်လေ၊ ပန္နည်းရောင်းရကျိုးနပ်အောင် ဝယ်စရာရှိတာ လျှောက်ဝယ်ပစ်မယ်''

ချိန်းထားတယ်ဆိုတာကရောဟု မမေးဖြစ်ပေမယ့် တွေးလိုက်မိသည်။





''တစ်မနက်လုံး ဘာလုပ်မှာလဲ၊ ကျောင်းသွားမယ်''

''မသွားဘူး''

''ဘာလဲ၊ ဟိုတစ်ယောက်နဲ့ချိန်းထားတဲ့ဆီ သွားဦးမလို့လား''

သေလိုက်၊ ဒီပါးစပ်...

မေးပြီးမှ မှားသွားပြီမှန်း သိလိုက်၏။

မျှားမျက်ဝန်းစူးစူးလေးတွေ သူ့ထံ ဖျတ်ခနဲ ဝင့်တက်လာသည်။

လူအတော်များသော ရုပ်ယှက်ခတ်နေသည့် အလယ်မှာ ခြေစုံရပ်ပစ်လိုက်၏။

ထိုအခါ သူ့ဘေးမှာ ပါလာခဲ့သော ထည်လည်း ရပ်တန့်သွားသည်။

သူတို့နှစ်ယောက်၏ကိုယ်ပေါ်သို့ အမှတ်တမဲ့ တိုးတိုက်သွားကြသော လူတွေကို ဘယ်လိုမှမရှောင်နိုင်ဘဲ နှစ်ယောက်သား ထပ်၍ ရှေ့တိုးနောက်ဆုတ်တွေ မငြိမ်မသက် ဖြစ်ကုန်ကြလေသည်။

''လာစမ်းပါဟာ''

ထည်က မျှားလက်ကို ဖျတ်ခနဲ ဖမ်းဆုပ်၍ လူတွေရုပ်ထွေးနေသော ပလက်ဖောင်းကျဉ်းကျဉ်းပေါ်ကနေ ဆွဲချလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ထည့်… နင် ငါ့ကိုလွှတ်စမ်း၊ ဘာလုပ်တာလဲ အဲဒါ"

ဘယ်လောက်ဆောင့်ရုန်းရုန်း မလွှတ်ဘဲ ကားနား ရောက်မှ လက်ကိုလွှတ်ကာ ဖျားပြန်မထွက်နိုင်အောင် ကားနဲ့ ပိတ်၍ ရပ်ထားလိုက်၏။

"ကဲ… ဘယ်သွားမှာလဲ ပြော"

"ဘာလုပ်မလို့လဲ"

"ငါလိုက်ပို့မယ်"

"မလိုဘူး၊ ငါ့ရည်းစားနဲ့ ငါသွားမှာ"

ချက်ချင်းကြီး ထဖြစ်သွားပြန်ပြီ။

စောစောကတော့ မဟုတ်တာပြောလို့ပဲ လူကို ထသတ် ချင်တော့သလိုလို။

ဒါပေမယ့် ဖျား သူ့ကို ရွဲ့ပြောတာလား၊ တကယ်လား၊ ဘယ်လိုမှ အကဲခတ်လို့မရ။

"နောက်ထပ် ပုပ်ဖို့ ယုတ်ဖို့ စိတ်ကူးရှိနေရင်လည်း အိမ်ကိုပြန့်တိုင်လိုက်လေ၊ ရတယ်"

သူ့ပခုံးတစ်ဖက်ကို တိုးတိုက်၍ ဖျား ထွက်သွားသည်။ ဒီတိုင်းရပ်ကျန်ခဲ့ရင်း ဒေါသတငွေ့ငွေ့ ဖြစ်လာ၏။

"တောက်"

ကားတံခါးကိုဆွဲဖွင့်၍ အထဲဝင်ပြီး ပြန်ပိတ်ပစ်လိုက်





တာ ကားတစ်စီးလုံး သိမ့်သိမ့်တုန်သွား၏။

"ကြိုက်တဲ့နေရာ ကြွ၊ အေးဆေးပဲ"

⁂

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ›› ၄ ‹‹

ကျောင်းက ပြန်လာပြီး ရေချိုးခွင့်လေးတောင် မပေး။

"ဘာ… သူ့ဟာသူ ပြန်သွားတာ ဟုတ်လား၊ ပြောတာ လွယ်လှချေလား ထည်၊ အမလေး… ကိုယ့်ကိုယ့်ကြည့်လို့ ကိုယ့်ကားပေါ် စိတ်ချလက်ချ တင်ပေးထားတာ၊ ကြည့်စမ်း… သွား သွား၊ ခု သွားပြန်ရှာ၊ ဘယ်ကိုသွားတာလဲ၊ ဘယ်သူတွေနဲ့လဲ"

"မာမီကလည်း… သူ့မာမီမသိအောင်တော့ သူ အချိန်မီ ရောက်အောင်ပြန်လာမှာပါ၊ ကလေးပေါက်စလေးမှ မဟုတ်တာ၊ နေပစေ… ကျွန်တော် နေရာတကာ ဆရာလုပ်တော့ရော ဘယ်တုန်းက ခေါင်းညိတ်ဖူးလို့လဲ"





ဘယ်သွားမှန်းကို မသိဘူး။

သူ့ရည်းစားနဲ့ ချိန်းပြီး သွားတာ။

အတန်း လုံးဝမတက်ဘဲ တစ်နေကုန်သွားနေတာ။

စသော…

စသဖြင့်… စကားလုံးတွေ လျှာပေါ်မှာ ခုန်ပေါက်နေကြ၏။ အားရပါးရ ပြောပြလိုက်ပြီး ကျပ်ပေးလိုက်ချင်သည်။

စိတ်ပုပ် စိတ်ယုတ် ပြောခဲ့ရဦးမည့်အပြင် မဟုတ်မဟာတ် စွပ်စွဲတာတွေပါ ရောလွင့်ပါလာနိုင်သည်မို့ ထိန်းချုပ်ထားရ၏။

"ငါ့ရည်းစားနဲ့ ငါတွေ့တာ၊ နင်က မနာလိုလို့လား"

လို့ မေးချလိုက်လျှင်…

အဲဒီမိမျှားရဲ့ မေးဖျားကို လက်သီးနဲ့ ပြေးထိုးမိတော့မှာ ကျိန်းသေပေါက်။

သူ့မှာ မာမီရင်ဘတ်ထုနေတာကို တစ်ဖက်လှည့်၍ မဲ့ရွဲ့နေမိဆဲ နောက်ထပ် ထမီစလေးတစ်ဖက်မ၍ အနံ့တီမီ ရောက်လာပြန်ယည်။

"သား… ထည်လေး၊ ဦးဦးလေးရော… မိစံက သားပြန်ရောက်နေပြီလို့ပြောလို့ အန်တီမီလာတာ၊ ဦးဦးပေး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာဝင်နေခဲ့လဲ''

''ဟို… သူ… သူပြန်နှင့်မယ်ဆိုပြီး ပြန်သွားတာ အန်တီမီ၊ ညနေက သူတို့အတန်းက အရင်လွှတ်တာ''

''အို… အရင်လွှတ်လည်း စောင့်ရမှာပဲ၊ သင်းက ဘာဖြစ်လို့ ပြန်နှင့်ရတာလဲ၊ သိပြီ… သိပြီ၊ ဒီကလေးမ အချိုးမပြေတာ၊ အတန်းစောစောပြီးတာ ခုတုံးလုပ်ပြီး အပေါင်းအသင်းတွေနဲ့လျှောက်လည်တာနေမှာ၊ သူ့ဒယ်ဒီသိရင် မလွယ်ဘူး၊ ဖအေရှိတုန်း ခဏလေးတောင် အပိုးကျိုးကျိုး မနေဘူး''

''လူငယ်တွေပဲ မီရယ်၊ ကဲ… သား ရေမချိုးနဲ့ဦး၊ ဘယ်သွားတာလဲ၊ သား သိတယ်မို့လား၊ လိုက်ခေါ်ချေ''

''ဟာ… ကျွန်တော်ဘယ်သိမလဲ မာမီ၊ အစောကြီး ကတည်းက ထွက်သွားတဲ့ဟာ''

ဒေါ်မေကျော်က ဒေါ်ကေမီကို လှမ်းကြည့်၏။

ဒေါ်ကေမီမျက်နှာက သမီးကို အပြစ်တင်နေတာက သိပ်သိပ်။

ထည့်ကို လိုက်ရှာပေးစေချင်နေတာလည်း သိသာနေသည်။

ထို့ကြောင့်…

''ဘာဖြစ်ဖြစ် အရပ်လေးမျက်နှာတစ်ခုခုကိုသိရင်





အဲဒီကို မှန်းပြီးလိုက်ရှာ၊ မိန်းကလေးဆိုတာ ညနေနေဝင် လမ်းပေါ်မှာ သွားလာနေတာ မကောင်းဘူး''

''အဲဒါ သူသိပါတယ် မာမီရာ၊ တွေ့လည်း ရန်ဖြစ်ရဦးမှာ၊ ကျွန်တော့်စကားကို ဘယ်တုန်းက အကောင်းထင်လို့ လဲ''

''မထင်လို့မရဘူး သား၊ အန်တီမီ ခေါ်ခိုင်းတာလို့ ပြော၊ လာပေ့စေဦး… ဟွန်း''

ဒေါ်မေကျော်ကိုယ်တိုင်က ခေါ်ပေးဖို့ တိုက်တွန်းနေပြီမို့ ထည် ကားပေါ် ပြန်ရောက်လာခဲ့သည်။

စိတ်တိုတိုနှင့် ဒီတိုင်းပစ်တင်ထားခဲ့ပြီး လုံးဝပြန်မကိုင်ခဲ့သော ဖျား၏ပိုက်ဆံအိတ်လေးက ဒက်ရှ်ဘုတ်ပေါ်မှာ။

သူသွားလေရာသို့ ငြိမ်သက်စွာ ပါလာခဲ့ရှာသည်။

ဒီအိတ်ကြောင့်…

နှုတ်ခမ်းကို ဖိပိတ်ပစ်မိကာ အိတ်ကိုပဲ မကျေမနပ် ကြည့်လိုက်မိသည်။

ဖျား ဘယ်သွားတယ်ဆိုတာ သူမသိပေမယ့် ဘာရယ် မဟုတ်ဘဲ နှစ်ယောက်သားရန်ဖြစ်ခဲ့သည့် တီးစင်တာရှေ့ကိုပဲ မောင်းလာခဲ့မိသည်။

ထိုအခါ မလှမ်းမကမ်းမှာရှိသော ကားမှတ်တိုင်တွင် ရပ်နေသည့် ဖျားကို မြင်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထည်က ကားကို လမ်းဘေးမှာ ကပ်ချထားလိုက်သည်။

သူ ကားပေါ်ကမဆင်းမီ အဲကွန်းဘတ်စ်ကားကြီးတစ်စီး မှတ်တိုင်သို့ ရောက်သွား၏။

ကားပေါ်တက်ဖို့ ဟန်းစီစောင့်နေသော မှုးဆီ သူ ပြေးသွားကာ ခြေနင်းခုံပေါ်လှမ်းတက်လိုက်ပြီဖြစ်သည့် ခြေထောက်ကိုပါ ပြန်ပါအောင် သူ ဆွဲထုတ်ခဲ့ရသည်။

"အာ.... ဖြည်းဖြည်းဆွဲပါ"

သူ့လက်ထဲမှာ မရုန်းဘဲပါလာပြီးမှ လူရှင်းနေရာမှာ ဖျတ်ခနဲ ဆောင့်ခါချ၏။

"ဘာဖြစ်တာလဲ၊ မီးလောင်ပြင်ပြေးတာကျနေတာပဲ"

"မီးလောင်ပြင်ထက်ဆိုးတယ်၊ ဒီမှာ ရေမချိုးရသေးဘူး၊ ဘာမှမမျိုရသေးဘူး၊ ဘယ်မှာလဲ ခင်ဗျားရည်းစား၊ ခင်ဗျားကတော့ တစ်နေကုန် စားသောက်ပျော်ပါးပြီး..."

"အံမာ... ပြောချင်တိုင်း ပြောနေလိုက်တာ၊ ရည်းစားနဲ့ သွားရအောင်ငါ နှစ်ယောက်ပူးတွဲနေတာ နင်မြင်လို့လား"

မှုးက ခါးလေးနှစ်ဖက် ဆတ်ခနဲထောက်၍ ကက်ကက်လန် ရန်တွေ့သည်။

ဘာပဲဖြစ်ဖြစ် တစ်နေကုန်လျှောက်လည်နေပြီး သူမ မျက်နှာမှာ ပင်ပန်းနွမ်းနယ်နေတာလည်း မရှိ။

သစ္စာမွန်စာပေ



ပြောင်အိသော နှုတ်ခမ်းနီမဆိုးတတ်သည့် နှုတ်ခမ်းသားလေးများက စားသောက်ပြီးစလို အဆီပြန်စိုရွှဲနေ၏။

ကြည့်ရတာ ဟိုနားက စင်တာမှာပဲ သူမ စားသောက်နေလိမ့်မည်။

ညနေစောင်းပြီမို့ အိမ်အပြန်ကို ပူပင်နေတုန်း ကားလာတာဖြစ်၍ ဒီနားကို ထပြေးလာတာ ဖြစ်မည်။

ပထမ ကားလွတ်သွား၍ နောက်ကားမျှော်ရင်း ပါးစပ်သုတ်ဖို့ကို သတိမရဘဲ ဖြစ်နေသည်။

တစ်ချက်တည်း လျှောက်တွေးဆက်စပ်ကာ ဆာဆာလောင်လောင်ဖြစ်နေသော ကိုယ့်ဗိုက်ကိုတောင် ယောင်ရမ်းပွတ်လိုက်မိသည်။

ကိုယ့်မှာတော့ သူမကြောင့်...

ဒီတစ်ခါ သူ ဘာမှမပြောရသေးမီ ကားကိုလှည့်ရှာပြီး သူမဘာသာပဲ ကားဆီကို သွားသည်။

ကားထဲဝင်ထိုင်၍ နားကြပ်လေးတပ်ပြီး လက်ပိုက်ငြိမ်ကျနေသည်။

အသံမမြည်သည့်ကားကို အသံမြည်အောင် တံခါးပိတ်ခြင်း၊ ဆောင့်ထွက်ခြင်းလုပ်၍ ထည်က ရွဲ့သည်။

မှုးက မေးစင်းထားသည့် မျက်တောင်ကော့လေးတွေတောင် လှုပ်ခတ်မသွားဘဲ ကူရှင်မှာ မှီနေလိုက်တာ အေးရာ

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အေးကြောင်း။

မေတ္တာထားဖို့မကောင်းတဲ့ ရုပ်…

ထည် မျက်စောင်းမထိုးတတ်ဘဲ ထိုးမိလေသည်။

⁂

## အခန်း » ၅ «

“ဖျား”

ခေါင်းသံနှင့်အတူ အနားမှာကပ်ထိုင်ချလိုက်သဖြင့် လက်ထဲမှာ ကိုင်ထားသည့် ကွတ်ကီးထုပ်ကို မဖောက်ဖြစ်ဘဲ ဖျားပခုံးလေးကျုံ့၍ ငုံ့ကြည့်၏။

သင်အံ…

နီညိုစင်းကျားနှင့် စပို့ရှပ်လက်တိုပွပွ၊ ဘောင်းဘီရှည်နီညိုရောင်။

ဝတ်ထားပုံက ခပ်ကြောင်ကြောင်ကလေးနှင့်ပါပဲ။

ဒါပေမယ့် သင်အံပုံစံက မကြောင်ပါ။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ ပါးစပ်ဖျားမှာ ချောသည်ဟု ပြောယူရသည့်စတိုင်လ်က ဘယ်လိုနေနေ ကြည့်ကောင်းနေသည်ပဲ ဖြစ်၏။

သူ့ကိုငဲ့ကြည့်နေသည့် ဖျားကို သင်အံက ပြုံးပြသည်။

"သွားမယ်လေ"

"ဘာ"

"ဒီနေ့ တို့အားတယ်၊ တစ်နေရာရာမှာ အေးအေးဆေးဆေး စကားသွားပြောမယ်၊ ဒါမှမဟုတ်ရင် ဖျားတစ်ခုခု မဝယ်ချင်ဘူးလား၊ ပလာဇာ တို့ လိုက်ပို့မယ်"

ဖျားက မျက်ဝန်းလေး ဘေးကိုရွှေ့ပစ်လိုက်ပြီး ပြုံးသည်။

မုန့်ထုပ်ကိုဖောက်ဖို့ အစီအစဉ်က ပျက်ပြယ်သွားရကာ လက်ဖဝါးနှစ်ဖက်ကြားမှာ ဖိညှစ်ထား၍ ခုံတန်းလေး၏ တစ်ဖက်စွန်းကို ရွှေ့ထိုင်လိုက်သည်။

ပခုံးချင်းထိလုလုကပ်နေရာမှ တစ်ဖက်စွန်းစီမှာ ဖြစ်သွားကြ၏။ သင်အံက ခပ်မှုံမှုံပြုံးပြီး ကျောမှီမှာ လက်ကို ဆန့်တင်လိုက်သည်။

လက်ဖျားကတော့ ဖျား၏ကျောနောက်သို့ ရောက်လာသည်ပင်။ ဖျားက အနည်းငယ် ခါးလေးကိုင်းလိုက်ပြီး မျက်နှာပေါ် ဝဲကျလာသည့် ဆံပင်တွေကို သိမ်းတင်ပစ်လိုက်သည်။





ရည်းစားထားဖို့ကို မကြောက်တတ်သောဖျားသည် အချစ်နှင့်ပတ်သက်သော ထိတွေ့သာယာမှုများကို အထူးသဖြင့် မရှောင်ရှားတတ်၏။ ဒါကို သင်အံကလည်း သိသည်။

မထိနဲ့ဆိုမှ ပိုထိချင်သည်။ မပေးတာကိုမှ ပိုလိုချင်သည်။

သို့သော် မသင့်မြတ်နိုင်ခဲ့သော ထိုအပေးအယူကိစ္စများကို ဘယ်သူ့ပါးစပ်ထဲမှာမှ ထည့်မပြောခဲ့ကြ။

"ဘာလဲ၊ မလိုက်ချင်ဘူးလို့ ငြင်းမလို့လား"

"ဟုတ်တယ်လေ၊ သင် အားပေမယ့် ဖျားမှမအားတာ၊ နောက်တစ်ရက်ရက်ပေါ့"

သင်အံက နောက်ထပ်၍ ပြုံးလိုက်၏။

"ဒီနေ့ ဖျားကို တို့က ခွတ်ခေါ်ဖို့ စိတ်ကူးထားတယ်ဆိုရင်ရော"

"ဟုတ်လား၊ ဒါပေမယ့် ဖျား မလိုက်ချင်ဘူး"

"ဒါဆိုလည်း ဒီဘက်တိုးကွာ၊ ဘယ်မှမသွားဘူး၊ တစ်ချိန်တော့ လစ်ကြရအောင်၊ ဖြစ်တယ်မို့လား"

သင်အံက ဖျားလက်ကလေးတစ်ဖက်ကို လှမ်းဆွဲလိုက်၏။

ဖျားက မဆိုင်းမတွ ပြန်ရုန်းသည်။

သင်အံက မလွှတ်ဘဲ မြဲမြဲဆုပ်ထားလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ဖျားရယ်၊ ဒီလောက်လေးတောင် တို့မှာ အခွင့်မရှိဘူးလား"

ဖျားက မျက်တောင်ရှည်တို့ ပင့်ကပ်သွားသည်အထိ စိုက်ကြည့်လိုက်ပြီးမှ လက်ကို ဆတ်ခနဲ ရုန်းပစ်လိုက်သည်။

"ဖျားအတွက်ကတော့ အဲဒီလောက်လေးမဟုတ်ဘူး သင်၊ ဖျား မကြိုက်ဘူး"

ကန်ဘောင်ပေါ်မှာ အတွဲလေးတွေ သွားလာနေကြတာ ရှိသည်။ သူတို့လိုပဲ ခုံတန်းလေးတွေမှာ ထိုင်နေကြတာ ရှိ၏။ ဒါပေမယ့် အားလုံးက သူတို့လိုမဟုတ်ဘဲ ကြင်ကြင်နာနာ။

သင်အံက ဖျားသိအောင် သူ့မျက်ဝန်းတွေကို အတွဲများဆီ အချိန်ယူ၍ ကြည့်နေလိုက်ပြီး

"ကောင်မလေးတစ်ယောက်ဆီက ကောင်လေးတစ်ယောက်က ချစ်ခွင့်ရဖို့ကြိုးစားကြတာ ဘာဖြစ်လို့လဲ၊ ဖျားသိလား"

ဖျားမျက်နှာလေး ဖျန်းခနဲ ရဲတက်သွား၏။

ဒေါသဖြစ်သွားတိုင်း ပို၍လှသွားတတ်သော စူးလက်နေသည့် မျက်ဝန်းလေးတွေကို သင်အံက စိုက်ကြည့်နေ၏။

"အဲဒါတွေ ဖျား မသိချင်ဘူး၊ စိတ်လည်းမဝင်စားဘူး၊ ဖျားသိတာက ချစ်သူဆိုတာ သူငယ်ချင်းထက် ပိုရင်းနှီး





တယ်၊ တွဲသွားတွဲလာမှာ သူငယ်ချင်းထက် ပိုပြီးရင်ခုန်ပျော်ရွှင်ရတယ်၊ ဒါပဲ၊ အဲဒီရင်ခုန်သံဟာ ပျော်ရွှင်မှုပဲ သင်၊ ဖျားလိုချင်တဲ့ ပျော်ရွှင်မှုက သူငယ်ချင်းထက်ပိုတဲ့ ခံစားမှုတစ်မျိုး၊ ဒီထက် ဘာမှမပိုဘူး"

"တို့က ပိုချင်တယ်ဆိုရင်တော့ ဖျားလိုက်လျောရမှာပဲ၊ ဒါ ချစ်သူတို့ရဲ့သဘာဝ၊ တို့က ဖျားကိုချစ်တယ်၊ ဖျားနဲ့ ပတ်သက်ပြီး တို့ရဲ့ရင်ခုန်သံတွေ အမြဲတမ်းမြန်နေခဲ့တယ်၊ အဲဒါ ချစ်နိုင်းနေတာ၊ ရင်ခုန်သံတွေရဲ့နောက်မှာ နွေးထွေးယုယမှုတို့ကပါနေမှာပဲ၊ ယောကျ်ားလေးတစ်ယောက်ကို ချစ်ပါတယ်လို့ ကျေနပ်လက်ခံလိုက်တယ်ဆိုရင် ဖျား ဒါကို မသိလို့မရဘူး"

"အို… မသိဘူး"

ဖျား ဆတ်ခနဲ ထရပ်လိုက်သည်။

သင်အံက လက်ကို ဖျတ်ခနဲ ဖမ်းဆွဲထား၏။

"ပြန်ထိုင်ပါ၊ တို့တွေ ဆွေးနွေးလို့ရပါသေးတယ်"

"ဟင့်အင်း… သင် တို့လက်ကို လွှတ်လိုက်ပါ"

ဖျားက နှုတ်ခမ်းစေ့ထားရင်း အေးစက်စွာ တားမြစ်၏။

လက်ကိုမလွှတ်ဘဲ သင်အံက လ[illegible]လိုက်ကာ

"ရည်းစားဆိုတဲ့ကောင်လေးဘက်က ဒီလိုတစ်ဆင့်တိုး



www.burmeseclassic.com

www.burmeseclassic.com



လှာရင် ဆောရီးဆိုပြီး လက်ပြထားခဲ့တာ မင်းရဲ့ရာဇဝင်ပဲ မို့လား''

သင်အံ မျက်နှာကလည်း မဲ့ပြုံးတွေ၊ လှောင်ပြုံးတွေ ပျောက်ကွယ်လျက် အံကို ခပ်ဖိဖိကြိတ်ထားသည်။

လက်ကို ဖျား ဘယ်လိုမှရုန်းမရအောင် ဆုပ်ညှစ်ထား ၍

''မင်း ကိုယ့်ကို ဘယ်တော့မှ ဆောရီးလုပ်လို့မရဘူး၊ အဲဒါ မှတ်ထားပါ''

အံကို တင်းခနဲကြိတ်ကာ လက်ကိုထပ်၍ ဖျစ်ညှစ် လိုက်ရာ ဖျားမျက်နှာလေး မဲ့ကျသွား၏။

''ရတယ်... ခုတည်းကပြောလိုက်မယ်၊ ဆော်ရီး''

မှုန့်ထုပ်ကို လွှတ်ချသည်။

ဖျား၏လက်တစ်ဖက် ရိပ်ခနဲ မြောက်တက်သွားသည်။

''မင်း...''

မျက်လုံးထဲမှာ မီးပွင့်တွေ ပြိုးပြက်လက်သွား၏

ဘယ်လိုမှ ထင်မှတ်မထားခဲ့သော ရိုက်ချက်ကိုပင် နာရမှန်းမသိ။

သင်အံ လည့်ထွက်သွားသည့်မျက်နှာကို ပြန်လှည့် လိုက်သည်။ ငြေး..

ကျောခိုင်းသွားတာကို သိလိုက်ပြီး လှမ်းဆွဲလိုက်သော်





လည်း ရောင်စဉ်တွေဖြာနေဆဲ မျက်လုံးတွေက မရေရာဘဲ သေသေချာချာ မဆွဲမိလိုက်။

ပါးတစ်ဖက်နှင့်အတူ မျက်ဝန်းတစ်ဖက်မှာ မျက်ရည် ဝေ့လျက် ကျိန်းစပ်ကျန်ခဲ့၏။

သင်အံ မင်း ဒီတိုင်း ရပ်ကျန်ခဲ့မှာလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း » ၆ «

"ဘာ… နင်… နင်… သင်အံကို ရိုက်ပစ်ခဲ့တယ်"

"ဟုတ်တယ်"

စာအုပ်တွေကိုသိမ်း၍ ဖြေပုံက ဘာမှဂရုမစိုက်သလို။

ဖျားမျက်နှာကိုကြည့်ကာ ခင်ဝေကျော်က လည်နင်သွားသလို တံတွေးမျိုချ၏။

လှလေးက ပခုံးတွန့်သည်။

"ဩော်… အဲဒါကြောင့် သင်အံ ဒီလောက် ခေါက်တုံ့ခေါက်ပြန် လာနေတာကိုး"

ခင်ဝေကျော်က စဉ်းစားသလိုလေးပြောရင်း လှလေးကို မျက်စပစ်၍

"လှလေး… နင် ဘယ်လိုထင်လဲ"





"ဘာလဲ"

"ဒီကောင် ရိုးရိုးသားသား ပြန်ဆက်ဖို့ကြိုးစားတာတော့ မဖြစ်နိုင်ဘူး၊ ခပ်ညံ့ညံ့ကောင်မှမဟုတ်တာ၊ သူခံလိုက်ရတာကို ဘပ်ပြီးလက်နက်ချလာဖို့ လုံးဝကိုမဖြစ်နိုင်တာ"

လှလေးကလည်း ခေါင်းညိတ်သည်။

ပိုက်ဆံအိတ်လေးဖွင့်၍ စစ်ဆေးလိုက်ပြီး ပြန်ပိတ်၍ ဖျားကို ပခုံးနဲ့တိုက်သည်။

"ဟုတ်တယ် ဖျား၊ နင်က လူကြားထဲမှာ ရိုက်ပစ်ခဲ့တာ၊ သူ့ရှက်မှာပဲ၊ ခုနက သူလာတာ မျက်နှာကတော့ တကယ့်ကို ခဲခဲယယကြိုးစားနေတဲ့ပုံမျိုး၊ ရင်ထဲမှာ ကြိတ်ကြဲချင် ကြဲနေမှာ၊ ဒီတစ်ခါ လာထပ်ခေါ်ရင် နင် သနားမသွားနဲ့"

"လုံးဝမစဉ်းစားဘူး၊ ပူမနေနဲ့"

"ခု ဘယ်လိုလုပ်မလဲ"

ခင်ဝေကျော်ကလည်း ပိုက်ဆံအိတ်ကလေးကိုင်ပြီးနေပြီ။

"ကင်တင်းသွားမယ်လေ၊ နင် ဘယ်လိုလုပ်မလဲ"

"ငါမလိုက်တော့ဘူး"

"သူ နောက်ထပ်တော့ ချက်ချင်းကြီးပြန်မလာနိုင်ပါဘူး၊ လိုက်ခဲ့ပါလား"

ဖျားက ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစ်ခုခု ဝယ်ခဲ့ဟာ၊ မလိုက်တော့ဘူး"

"ဟော... ဟော... ဟိုမှာ လာပြီ"

"အဲဒီမှာ လဲသေလိုက်လို့ ထွက်ပြောလိုက်"

"ဟဲ့... မဟုတ်ဘူး"

လှလေးက ကော်ရစ်ဒါကို မေးထိုးပြ၍

"ဟိုမှာ ခန့်ညားထည်"

ထည့်ကိုတော့ ဖျား ခေါင်းထောင်ကြည့်လိုက်မိသည်။

ကျောင်းချိန်ဆို အရောင်သာကွဲသည့် ရုပ်လက်ရှည်တို့ ပါသော အမျိုးမျိုးဝတ်တတ်သော ထည်က ရွှေးညှင်းရောင် ကွက်စိပ်ပုဆိုးနှင့် နုံ့သာရောင်ရှပ်ကို ဝတ်ထား၏။

ဆံပင်တိုတိုညှပ်ထားပုံက ရိုးလွန်းနေပေမယ့် နားသယ်စပ်နှင့် ဂုတ်ပိုးစပ်တွေမှာ စိမ်းမြနေခြင်းကြောင့် ထည် သည် ဘယ်အချိန် ကြည့်ကြည့် တည်တည်ခံ့ခံ့နှင့် ရှင်းသန့်သော ရုပ်သွင်ရှိ၏။

အထဲနဲ့အပြင် မျက်လုံးချင်းဆုံတော့ ဖျားက မေးဆတ် မေးသည်။

ထည်က ခေါင်းညိတ်ခေါ်၏။

ထူထဲသော မျက်ခုံးနှစ်ဖက်က ဘယ်တော့ကြည့်ကြည့် ဘယ်သောအခါမှ ပြေပြစ်လှပနေသည်မရှိ။

အထူးသဖြင့် ကျောင်းမှာ ဖျားဆီရောက်လာသည့်အခါ





တိုင်း...

"ဘာလဲ"

ဖျား သူ့ရှေ့ရောက်သွားတော့ ကော်ရစ်ဒါမှာရှိနေကြ သည့် ကျောင်းသားတွေက ကြည့်နေကြ၏။

"ခဏလိုက်ခဲ့ဦး"

"ဘာလုပ်ဖို့လဲ"

"ကိစ္စရှိလို့၊ နင့်ကို အားအားယားယား မခေါ်ဘူး"

ဖျား အတွက်တက်ရန်ရှိသေးသည့် နှုတ်ခမ်းလေး တင်း ခန့် စေ့သွားမိလျှင် ထည်က ဖျားလက်ကလေးကို ဆုပ်ကိုင် လိုက်ပြီး ချာခနဲ လှည့်ထွက်သွားသည်။

"ထည်... နင် ဘာဖြစ်တာလဲ၊ ဟိုမှာ သူများတွေ ကြည့်ကုန်ပြီ၊ လက်ကိုလွှတ်စမ်း"

သစ်ပင်ရိပ်ကလေးအောက်သို့ ဆွဲချလာပြီးမှ ခြေလှမ်း ရပ်သည်။

ဖျားရှေ့မှာရင်ဆိုင်ရပ်လိုက်ရင်း လက်ကိုလွှတ်၏။

"မိဖျား... နင် ငါ့ကို တော်တော်ဒုက္ခပေးပါလား ဟင်"

"ဘာလဲ... ဘာဖြစ်လို့လဲ"

"မိုင်းဆိုတဲ့ကောင် နင့်ကို အဲ့စိကလီလုပ်ထားတဲ့စာ ဘာဖြစ်လို့ ငါ့စာအုပ်ထဲ ထည့်ပေးလိုက်တာလဲ"



www.burmeseclassic.com

"ဘာ"

ဒါပြောလာမည်မထင်သောကြောင့် ဖျားမျက်လုံးလေး ပင့်ထားလျက်နှင့် အံ့သြသလိုလေး ကြည့်သည်။

"မိုင်း"

"ဟုတ်တယ်၊ မိုင်းခန့်ဆိုတဲ့ ကောင်"

ဖျား ပြုံးစိစိလေး ဖြစ်သွားသည်။

"အဲဒါ နင့်ဆီပါသွားတယ်"

ဖျားက ပြုံးလိုက်တော့ ထည့်မျက်နှာကြီး ပို၍ မှောင်မည်းသွားသည်။

မနေ့ညက တဂိုးရဲ့ကဗျာစာအုပ်ငှားထားတာ လာပြန်ပို့သည်။

သူလည်း ထုံးစံအတိုင်း ဖျားနဲ့ စကားကောင်းမပြောဖြစ်ဘဲ စာအုပ်ကို ဒီတိုင်း စားပွဲပေါ် ပစ်တင်ထားလိုက်သည်။

ညကျတော့ မာမီ အခန်းထဲဝင်လာပြီး စကားပြောရင်း အကျင့်လိုဖြစ်နေသည့် မာမီ့လက်က စားပွဲပေါ်မှာ အငြိမ်မနေ။

အမြင်မတော်တဲ့စာအုပ် ကောက်ထပ်။ သေချာစီ။ ပြီးတော့ ဖွင့်လျက်သားစာအုပ်၊ ဒါမှမဟုတ် ကပ်ပိတ်မနေတဲ့ အလယ်ဟနေသည့် စာအုပ်ပွပွဆို မာမီ ဖွင့်ကြည့်ပြီး စာရွက်ခေါက်လေးတွေ့လို့ မာမီဖွင့်လိုက်တဲ့အထိ သူကိုယ်တိုင် ဘာမှန်းမသိသေး။





"ဟင်… သား ထည့်၊ ဒါ…"

မာမီ မျက်စိရော မျက်နှာရော ထပ်တူပျက်သွားရင်း သူ့ကို ဖျတ်ခနဲ ကြည့်သည်။

"ဘာဖြစ်လို့လဲ မာမီ"

သူ ကမန်းကတန်း ထရပ်လိုက်ပေမယ့် မာမီက စာရွက်ကိုင်သည့်လက်နှင့် ကိုယ်ကိုလွှဲပစ်ပြီး စာဆုံးအောင် ဖတ်နေသည်။

"ထည့်လေးနော်… သား ရည်းစားမထားရဘူး"

မာမီ ခဏခဏ သတိပေးနေတာကြာတော့လည်း နားထဲမှာ စည်းတစ်ခုခြားထားသလို ဒါဟာ ကျော်လွန်ခွင့်မရှိတဲ့ နယ်နိမိတ်တစ်ခုလိုပင်။

သူ ခေါင်းဖြီးရင်း မှန်ရှေ့မှာ ကြာကြာရပ်နေလျှင်၊ စပို့ရှပ်၊ ဘောင်းဘီ သိပ်မဝတ်တတ်ဘဲ တစ်ခါတစ်ခါ ဝတ်ထွက်လာလျှင်၊ သူငယ်ချင်းတွေ ဖုန်းခဏခဏဆက်နေလျှင်၊ အခါပေါင်းများစွာမှာ မာမီ မပျက်မကွက် သတိပေးနေတတ်တာ ထိုတားမြစ်ချက်ကိုပဲ ဖြစ်သည်။

"ဖုန်းတွေလာလှချေလား၊ သူငယ်ချင်းက ယောက်ျားလေးလား၊ မိန်းကလေးတွေလား"

ဟု မေးတတ်တာမျိုး။

"ခေါင်းဖြီးနေတာပဲ အားမရနိုင်တော့ဘူး၊ မာမီ့သား

www.burmeseclassic.com



လှချင်လာတာ မရှိးတော့ဘူး ထင်တယ်"

ဆိုတာက အကဲခတ်လွန်းသည့် မျက်လုံးများနှင့်ဖြစ်ကာ မာမီဟာ သူ့ကို မိန်းကလေးတစ်ယောက်လို ဂရုစိုက်ထိန်းကျောင်းသလိုမျိုး ဖြစ်နေခဲ့တာ။

အခု မာမီ့လက်ထဲကစာဟာ တစ်စုံတစ်ရာ မရှိးသားတော့ဘူးဆိုတာ သိလိုက်ပေမယ့် ကိုယ်တိုင်ဘာမှန်းမသိရတော့ ဘာပြောရမှန်းမသိ။

စာကိုဖတ်ပြီးမှ မာမီက သူ့ရှေ့မှာ ဖြန့်လျက်သားချပေးသည်။

*တို့ရဲ့ ငြိမ်သက်နေတဲ့ နှလုံးသားရေပြင်ညီထဲကို ပွင့်ဖတ်လွှာလေးတစ်စလို ဝင်ရောက်လာတဲ့ ပန်းရင့်ရောင်နှင်းဆီလေးရယ်...*

စာကြောင်းတွေကို ဆုံးအောင်မဖတ်ဖြစ်မီ မာမီ့မျက်နှာကို ထည် ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။

စာကို ဆုံးအောင်ဖတ်ဖို့ပြောနေသလို မာမီက နှုတ်ခမ်းတွေစေ့ပြီး တိတ်ဆိတ်စွာ ကြည့်နေခဲ့၏။

*... ချစ်တယ်ဆိုတဲ့စကားတွေ မင်း အများကြီး ကြားဖူးမှာပါ။*

*မင်းဟာ အသည်းလုံးရင်ထဲက အချစ်မိဖုရားလေး အချစ်ရယ်... တို့လည်း မင်းကို ချစ်တယ်..*

သစ္စာမွန်စာပေ



*ချစ်ပါရစေ...*

*ချစ်ခွင့်ပေးပါ...*

*အချစ်ချင်းတူရင် အားလုံးကို တို့ အရှုံးပေးလိုက်မယ်၊ အချစ်ကို အမြည်းပေးလို့မရပေမယ့် ချစ်ကြည့်ပါ။ မင်း ယုံကြည်သွားတဲ့အခါ ဆက်ချစ်ပါ။*

*တို့အချစ်အတွက်က အာမခံမလိုပါဘူး။ ဘယ်သူနဲ့မှ မတူအောင် တို့ချစ်တတ်တယ်...*

*စွဲလမ်းတတ်တဲ့ နှလုံးသားကို ကြင်နာခွင့်နဲ့ ကယ်ဆယ်ပေးပါ အချစ်ရယ်...*

*မင်းလေးကို တို့ ခုံခုံညားညား ချစ်ပါရစေ...*

*တခမ်းတနား စာဖွဲ့နိုင်တဲ့ အချစ်တွေနဲ့*

*ခန့်*

"မဟုတ်ဘူး၊ အဲဒါ... အဲဒါ ကျွန်တော်မှမဟုတ်တာ မာမီ"

စာကို အလန့်တကြားကောက်လိုက်ပြီး ငြင်းလည်း ငြင်းမိ၏။

လက်ထဲမှာ စာကို လုံးချေပစ်လိုက်တာကလည်း ဖျောက်ဖျက်ဖို့မဟုတ်ပေမယ့် မာမီက ချက်ချင်းဆွဲယူပစ်လိုက်၏။

"ပေးစမ်းပါ အဲဒီစာ"

သစ္စာမွန်စာပေ

www.burmeseclassic.com

ဟု ပြောပြီး စာကို တင်းမာသောမျက်လုံးနှင့် ထပ်ဖတ်သည်။

“တောက်… ရေးထားလိုက်တာ မိန်းကလေး တစ်ယောက်ခြေရင်းမှာ ဝပ်စင်းခယပြီး”

“မဟုတ်ဘူး မာမီ”

“ဘာမဟုတ်တာလဲ၊ ဒါ မင်းလက်ရေး၊ ဒီမှာ ခန့်လို့ လက်မှတ်ထိုးတယ်၊ ပြောစမ်း၊ အဲဒါ ဘယ်ကမိန်းကလေးလဲ၊ ဘယ်လောက်လှနေလို့လဲ၊ မင်းကို မာမီအထင်ကြီးခဲ့တာတွေ အလကားပါလားဟင်၊ မင်းကို မာနကြီးကြီး ခန့်ခန့်ညားညား နေတတ်တဲ့သားလို့ထင်ပြီး မာမီက စိတ်ချခဲ့တာ”

စာတွေကို ရွတ်ပြရင်း ဒေါသတွေလည်းထွက်နေသော ထည့်ကို ဖျားက ရယ်ချင်ပက်ကျိဖြစ်နေသည့် မျက်နှာနှင့် နှုတ်ခမ်းလေးကိုက်၍ကြည့်နေရင်း စကားဆုံးတော့ ဟားခနဲ ရယ်ချလိုက်သည်။

“ဟုတ်တယ်၊ မိုင်းခန့်လက်ရေးက နင့်လက်ရေးနဲ့ တစ်ထပ်တည်းပဲ၊ ဆောရီး”

“ဘာဆောရီးလဲ၊ အဲဒီစာ ငါ့စာအုပ်ထဲ ဘာလို့ရောက်နေတာလဲ”

“ပါသွားလို့နေမှာပေါ့”

“ဘာဖြစ်လို့ ပါလာတာလဲလို့ မေးနေတာ”





ဖျားက ပြုံးစိစိမျက်နှာနှင့် ဆံပင်တွေကို ခါထုတ်ပစ်လိုက်သည်။

“ငါထည့်လိုက်မိလို့နေမှာပေါ့၊ စာကတော့ သူ့ဟာသူ ခုန့်ဝင်သွားပါ့မလား”

“မိဖျား”

ထည် ဒေါသဖြစ်ဖြစ်နှင့် ဖျားလက်မောင်းလေး တစ်ဖက်ကို ဆောင့်ကိုင်ပစ်လိုက်သည်။

ဖျားကိုယ်လေး သူ့ရင်ဘတ်နားထိ ယိုင်ခနဲ ပါလာသည်။

ဖျားက သွားကလေးတွေပေါ်အောင် ရယ်လျက် ကိုယ်ကို ပြန်မတ်၍ သူ့လက်ကိုပါ ပုတ်ချပစ်၏။

“ဘာဖြစ်နေတာလဲ၊ စာလေးတစ်စောင်မိတာ ဘာဖြစ်သွားနိုင်လို့လဲ၊ ယောက်ျားလေးပဲ… မိုးကြိုးပစ်မှာကျနေတာပဲ”

“မိုးကြိုးပစ်တာထက် ဆိုးတာပေါ့၊ အဲဒီစာ အခု ဒယ်ဒီ့ဆီရောက်သွားပြီ သိလား၊ နင် ရည်းစားထားနေတာ ကျတော့ အိမ်မှာ ဘယ်သူမှမသိဘူး၊ ငါက မဟုတ်ဘဲနဲ့ အခု မိုးမီးလောင်နေပြီ၊ ပြောစမ်း မိဖျား၊ အဲဒါ သက်သက်လုပ်ချလိုက်တာလား”

“အံမယ်… လုပ်စရာလား”

www.burmeseclassic.com



"နင်ပဲ ထည့်လွှတ်လိုက်တာဆို"

"ဒါက ထားမိထားရာကို ပြောတာ"

"ဘာထားမိထားရာလဲ၊ ထားမိထားရာက ခဏငှား ထားတဲ့ ငါ့စာအုပ်ထဲကိုပဲ ဖြစ်ရရောလား"

"ဒါတော့ မတတ်နိုင်ဘူး၊ ရှေ့ကဖယ်ဟာ၊ ငါ မုန့်စား ချိန်မရှိတော့ဘဲနေဦးမယ်"

ဖျားက ထည့်ရှေ့ကနေ ထွက်သွားဖို့ ရှောင်သည်။

ထည်က ဖျားလက်ကိုဆွဲထားပြီး ခါးကြားထဲက ဟန်းဖုန်းကို ထုတ်လိုက်၏။

"သွားလို့မရဘူး၊ ဒယ်ဒီ ခုနက ဖုန်းဆက်တယ်၊ နင့်ကို မေးမလို့၊ သွားခေါ်ချေတဲ့"

ဖျား မျက်ခုံးလေးနှစ်ဖက် ပင့်သွားသည်။

အံ့သြ၍မဟုတ်ဘဲ ဝမ်းသာအားရ ဖြစ်သွားတာမျိုး။

မချိုမချဉ် မျက်နှာလေးနှင့် ထည့်လက်ထဲက ဖုန်းကို ဆွဲယူလိုက်ကာ…

"ဒါဆိုလည်း ငါပြောလိုက်မယ်လေ၊ ထားခဲ့"

ဖျားက ဟန်းဖုန်းမကိုင်ပါ။

အိမ်ကို ဖုန်းမဆက်နိုင်အောင်လည်း အထူးတလည် ကြိုတင်စီစဉ်ထားတဲ့သူ။

ဒါကြောင့် သူမ ရည်းစားထားတတ်နေတာကို အိမ်က





ဘယ်သူမှမသိ။

အကြောင်းတစ်ခုခုနှင့် အိမ်ကဖုန်းဆက်တိုင်း ထည့်ဆီ ကပဲဖြစ်ကာ ထည်က ဖျားဆီ လာပြောပေးရ၏။

ခုတော့ "ဖျားနဲ့ဒယ်ဒီ စကားပြောမယ်" တဲ့။

ဖျားနဲ့သူက စကားနိုင်လုဘက်…

ရန်ဖြစ်ဘက်။

ဘာပဲဖြစ်ဖြစ် သူ့ ဒုက္ခရောက်မည့်အရေးအတွက် ဖျားက ကာကွယ်ပြောပေးနိုင်လောက်သည့် အခြေအနေမရှိကြ တာ လူကြီးတွေက သိသည်။

သေးတဲ့အမှု ကြီးအောင်၊ ကြီးတဲ့အမှု သေမိန့်ကျအောင် ဖျားတို့က တိုက်တွန်းဖို့ အဆင်သင့်။

ဒီကိစ္စ တကယ်ဟုတ်လျှင် ဖျား အမှန်အတိုင်းပြော မှာပဲလို့ ဒယ်ဒီက တွက်ပြီးသား။

ဒါမှမဟုတ် သာသာထိုးထိုး ပြောချင်ပြောမည်။

အခု မျက်နှာရှေ့မှာမြင်နေရသော အမူအရာများအရ သူ့အတွက် အခြေအနေမကောင်းနိုင်တာကို ထည်လည်း တွက် လိုက်မိပြီ။

ထိုစဉ် ဖျားလက်ထဲက ဖုန်းလေး ထမြည်လာ၏။

သူမဟုတ်ပါဘူးဟု အတန်တန်ငြင်းနေတာကို မာမီ ဘယ်လိုမှလက်မခံခဲ့။



www.burmeseclassic.com

www.burmeseclassic.com



“မယုံရင် ဖျားကိုမေးကြည့် မာမီရာ”

ဟု ပြောလိုက်မိပြီးမှ မှားသွားပြီကို သိလိုက်၏။ ဖျားက သူ့ရည်းစားထားသည့်စာပါဟု ဝန်ခံမှုဖြစ်မည် ဝန်ခံဖို့နေနေသာသာ ဖျားကြောင့် သူ သေမိန့်ကျသွ နိုင်သေးသည်။

စာထဲမှာ သူ့နာမည်ကြီးသာ ပါနေပြီး ဖျားဆိုတ မပါ။

ထိုအခါ . . .

“ကျွန်တော့်သူငယ်ချင်းပါ မာမီရယ်၊ သူ့ကောင်မလေ ကို ပေးဖို့ ရေးထားတာ၊ အဲဒီကျွန်တော့်စာအုပ်ထဲ ဘယ်လို လာမှန်း မသိဘူး၊ လက်ရေးက သူနဲ့ကျွန်တော် တကယ့် တူတာ”

အဖြစ်က သူ ဘယ်လိုပဲဖြေရှင်းရှင်း ယုတ္တိမရှိ ဖြစ်နေ၏။

ထို့ကြောင့် ဒီမနက် ဒယ်ဒီ သိသွားသည်အထိ မ က အကျယ်ချဲ့ပစ်သည်။

ဒယ်ဒီ့ကို မာမီမတိုင်ပါစေနဲ့ဟု ဆုတောင်းနေခဲ့ပေမဲ့ မပြည့်ခဲ့ပါ။ ဒယ်ဒီ့ဒေါသက ကျောင်းချိန်ထဲထိ ရောက်ချ ခဲ့၏။

ဖုန်းမြည်လာတော့ ထည့်မျက်နှာ အထိတ်တလန့်ပြ





သွားပေမယ့် ဖျားက ပြုံးလိုက်သည်။

“ဖျား . . . နင် . . . နင် . . . ငါပြောတာ ဟုတ်ပါတယ်လို့ ပဲ ပြောနော်၊ ငါ့သူငယ်ချင်းရဲ့စာလို့ ငါပြောထားတာ၊ နင်သိ တယ်လို့ ပြောထားတာ၊ သိလား”

ဖုန်းကို နားနားမကပ်မိအောင် ဖုန်းကိုင်သည့် ဖျားလက် ကလေးကို ဖမ်းဆွဲထားပြီး ထည် သေလုမျောပါး ပြောပြ သည်။

ဖျားက လက်ကိုလိမ်၍ ရုန်းပစ်လိုက်ပြီး နားထောင ၏။

“သမီးလား”

“ဟုတ်ကဲ့ အန်ကယ်မင်း”

ဒယ်ဒီ ဘာတွေပြောနေ မေးနေမှန်း မသိ။

နားထောင်ရင်း နှုတ်ခမ်းကို တွန့်လိမ်၍ ပြုံးနေသော ဖျားမျက်နှာ မရိုးသားတော့တာကို ထည် နားလည်လိုက်၏။

“ဖျား . . . နင် . . . နင် . . . မဟုတ်တာတွေ မပြောနဲ့ နော်”

ဖျားက သူ့ကို မျက်လုံးလေးလှန်ကြည့်ပြီး ဘေးထွက် လျှောက်သွား၏။

“ဟုတ်တယ် အန်ကယ်မင်း၊ အဲဒါ သူ့စာ . . .”

“မိဖျား”



www.burmeseclassic.com

www.burmeseclassic.com



ထည် ခေါင်းနပန်းကြီးကာ ဖျားလက်ကို ဆောင့်ခ
ျစ်လိုက်သည်။ ပြီးတော့ ဖုန်းကို လှယူပစ်လိုက်ပြီး…

"ဒယ်ဒီ မယုံနဲ့၊ အဲဒါ သက်သက်ညစ်ပတ်တာ"

"သား… ဒယ်ဒီ မင်းကိုမေးနေတာ မဟုတ်ဘူးလေ
သမီးကို ပေးလိုက်စမ်း"

"ဟာ… သူ မဟုတ်တာတွေပဲပြောမှာ ဒယ်ဒီ
တကယ်ပါ၊ အဲဒီစာ လုံးဝမဟုတ်ဘူး၊ အဲဒါ… ဟို…
ကျွတ်…"

သူ ရှုံ့မဲ့ခြေဆောင့်ကာ စိတ်ပျက်လက်ပျက်ဖြစ်နေတာ
ကို လက်ပိုက်ကြည့်၍ ဖျားက ပခုံးလေးတွေလှုပ်အောင် ရယ်
သည်။

ဖုန်းပိတ်ပစ်လိုက်ပြီး ဖျားရှေ့သို့ ဒေါကြီးမောကြီး
ရောက်လာကာ

"နင်ဟာလေ… မွေတတ် ရှုပ်တတ်သလောက် စိတ်
ကောင်းကလည်း မရှိဘူး"

"ဘာ… စကားကို ကြည့်ပြော"

"ကြည့်ပြောနေတာပဲ၊ မဟုတ်တာလေးနဲ့ ပြဿနာ
က ကြီးထွားသွားပြီ၊ အိမ်ပြန်ရောက်မှပြောမယ်တဲ့၊ ...
ပြန်ရောက်ရင်လည်း နားကပူဦးမှာ၊ အဲဒါ တကယ်ဆို နင့်ကိစ္စ
ါကတော့ ဖော်မှာပဲ"

သစ္စာမွန်စာပေ



ဖျားက အလွှန်လှသော နှုတ်ခမ်းရဲရဲလေးတွေကို ဖိ
ပိတ်လိုက်ပြီး မဲ့၏။

"ဘာကိုဖော်မှာလဲ၊ ဖော်လေ… နင် အရှုံးပေါ့၊
ဂုဏ်ချက်မရှိဘဲ ဘယ်အမှုကိုမှ စီရင်ချက်ချလို့မရဘူး၊ ငါ့
ာမည် ငါ့ကိစ္စမပါဘဲ လျှောက်ပြောလေ၊ ကိုယ့်လည်ပင်းကို
ကြိုးကွင်း စွပ်ပြီးသား ဖြစ်သွားမှာ၊ အဟွန်း… လိမ်လိမ်မာမာ
တွေးစမ်းပါ၊ တစ်ခုပဲရှိတယ်"

ဖျားက လက်ကလေးနှစ်ဖက်နောက်ပစ်ပြီး ဟန်ကြီး
ပန်ကြီးပုံစံနှင့် ခါးမတ်မတ်ရပ်လိုက်၏။

ပြီးမှ…

"ငါမမီလိုက်တဲ့စာတွေ ကူးပေးရမယ်၊ အားလုံး
အကုန်နော်၊ ညနေမိုးမချုပ်ခင် ကိုယ်တိုင်လာကူးပေးရမှာ၊
ပြီးရင် ငါ့ကို ကြေးအိုးလိုက်တိုက်ရမယ်၊ မိုးမချုပ်ခင်ပဲ၊
အဲဒါတွေ သဘောတူတယ်လို့သာ ဂတိပေး၊ အန်ကယ်မေးရင်
ငါ အဆင်ပြေအောင် ဖြေပေးမယ်"

"မိဖျား"

"စဉ်းစားလေ၊ နင်ရှင်းရမယ့်ပြဿနာနဲ့ ငါနိုင်းတာ
ဘယ်ဟာက သက်သာမလဲ"

ထည် အံကြိတ်၍ ကြည့်၏။

ဖျားက ရယ်၍ ချာခနဲ လှည့်ထွက်သွားသည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကို အလှမ်းဝေးသော သစ်ပင်အောက် တစ်နေရာမှ စောင့်၍ရပ်ကြည့်နေသော မျက်ဝန်းတစ်စုံ။

ᕯ ᕯ ᕯ

## အခန်း ▸▸ ၇ ◂◂

"ဖျား"

ထည့်ကို အနိုင်ယူပြီး လှည့်ထွက်လာခဲ့ရင်း ပြုံးနေသည့် နှုတ်ခမ်းအစုံက အသံကြောင့် တင်းခနဲ စေ့လိုက်ပြီးသား ဖြစ်သွား၏။

လှည့်ကြည့်စရာ မလိုပါ။

နောက်မှာ သင်အံ ရောက်နေပြီ။

အစကတည်းက တမင်စောင့်နေတာကိုလည်း တွက်လိုက်မိကာ ထည်နဲ့သူမ စကားပြောနေကြတုန်းက ဒီနားမှာ ရှိနေမည်မှာလည်း သေချာ၏။

ဖျား နောက်ကိုပြန်လှည့်၍ ရင်ဆိုင်ရပ်လိုက်တော့ သင်အံသည် အဖော်များနှင့်ဖြစ်ကာ နှစ်ယောက်က နောက်ခပ်လှမ်းလှမ်းမှာ ရပ်နေခဲ့ကြ၏။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သင်အံက မျှားကို ခုမှမြင်ဖူးသူလို စူးစိုက်၍ ရိုင်းစိုင်းသော မျက်လုံးများကိုလည်း အနားသတ်မထားဘဲ မျှားတစ်ကိုယ်လုံးကို စူးစူးရဲရဲ ကြည့်လေသည်။

ကိုယ်မှာ မြားတွေပစ်စိုက်ခံလိုက်ရသလို သင်အံ့အကြည့်များကြောင့် အမြဲတမ်း ရဲရင့်နေတတ်သော မျှားကိုယ်လေး မလုံမခြုံ သေးကွဲ့သွားသလို ခံစားလိုက်ရ၏။

"ဘာလဲ"

မျက်နှာရော လေသံပါ ဒေါသများနှင့် ဆောင့်ထွက်သွားခဲ့၏။

သင်အံက တမင်ကြည့်ပစ်လိုက်တာမို့ သူထင်ထားသလို မျှား တကယ် ဒေါသထွက်သွားတော့မှ လှောင်ရိပ်နှင့် ရယ်သည်။

"ဘာမှတောင်မပြောရသေးဘူး၊ လေလုံးက ပြင်းလှချေလားကွာ၊ တို့ လွင့်ပါသွားဦးမယ် အဟွန်း"

"လျှောက်ရိမနေနဲ့ သင်၊ ဘာကိစ္စရှိသလဲ"

"ကိုယ့်ချစ်သူဆီလာတာ ကိစ္စလိုနေသေးလား မျှား၊ တို့လာတာနှစ်ခေါက်ရှိပြီ၊ ဘာဖြစ်လို့ ထွက်မတွေ့တာလဲ"

"မတွေ့ချင်လို့ပေါ့၊ အဲဒါကို ယူ သဘောမပေါက်ဘူးလား၊ တို့နဲ့ယူ ဘာမှလမ်းကြောင်းမရှိတော့ဘူး"

"ဟား ဟား ဟား..."

သစ္စာမွန်စာပေ



သင်အံက ရိုင်းပျသော အမူအရာတွေ တစ်ခုပြီးတစ်ခုပြနေသည်။ ဖွင့်မပြောသေးပေမယ့် ရောက်လာခဲ့သည့် ရည်ရွယ်ချက်တွေက သူ့မျက်နှာမှာ ပေါ်လွင်လာ၏။

"လမ်းကြောင်းဆိုတာ နေရာတိုင်းမှာရှိနေတာပဲ မျှား ရယ်၊ ချစ်သူတို့ရဲ့လမ်းကြောင်းက ပိုပြီးစူးရှပါတယ်၊ တို့ပြောလိုက်တာ မျှားမေ့သွားတယ် ထင်တယ်၊ မင်းရဲ့ဆောရီးလုပ်ပြသွားတာကို တို့က ရပ်ကျန်ခဲ့မှာမဟုတ်ဘူးဆိုတာ"

"ကျန်ခဲ့တာ ပါလာတာ တို့မသိဘူး၊ စာရင်းဟောင်းကို ပြန်လှန်တာလည်း တို့ရဲ့ရာဇဝင်မှာ မရှိခဲ့သေးဘူး"

"နိုး နိုး... စာရင်းဟောင်းမဟုတ်သေးဘူး၊ ခုမှ လယ်ဂျာသဘောပေါ့၊ မင်းနဲ့တို့နဲ့ပြဿနာက ဘာတွေများ ကြီးကျယ်သွားလို့လဲ၊ တစ်ဦးဦးက နားလည်ပေးလိုက်ရင် ရပြီ"

"စိတ်မကောင်းဘူး သင်၊ တို့ကိုယ်တို့တောင် နားလည်ဖို့ မကြိုးစားဘူး"

"ဒါပေမယ့် တို့ကတော့ နားလည်သွားပြီ၊ မေးပါရစေ၊ မျှားနဲ့ ခန့်ညားထည်က ဘာလဲ"

မျှားမျက်နှာ တင်းသွားသည်။

စူးရဲသော မျက်ဝန်းများ အားပြိုင်နေချိန်တွင် ပတ်ဝန်းကျင် ဘာမှမရှိတော့သလို နှစ်ဦးသားရင်ထဲမှာ အရောင်မတူသော ဒေါသများနှင့်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သင်အံက ပတ်ဝန်းကျင်မှာ သွားလာနေကြသည့် ကျောင်းသားတွေဆီ စိတ်မပါသော မျက်ဝန်းများကို ပို့လွှတ်လိုက်ပြီး

"သူ့ကို့တော့ မင်း အများကြီးပေးနိုင်တာပဲ"

စကားသံက အံကြိတ်၍ ညှစ်ထုတ်ပြောလိုက်ရသလို တစ်လုံးချင်း အေးစက်နေသည်။

ခန့်ညားထည်နဲ့ ဖျား ဆွဲလိုက်ရန်းလိုက်ဖြစ်နေကြသမျှ သူမြင်သည်။ ခန့်ညားထည်က တစ်ခုခုကို ဒေါသဖြစ်နေပုံရှိကာ ဖျားကတော့ ရင်ခွင်ထဲဆွဲသွင်းတော့မတတ် ဆွဲလွဲနေတာကို အပြုံးမပျက် ရှိခဲ့၏။

သူ့ကိုတော့ လက်တစ်ဖက်ဆွဲလိုက်မိတာနှင့် ခြေလှမ်း လက်လွှတ် တုံ့ပြန်ပြီး လမ်းခွဲသွားခဲ့သည်။

"မင်းနဲ့တို့ ဆွေးနွေးချင်တယ် ဖျား၊ ခဏလောက်လိုက်ခဲ့ပါ"

သင်အံက တင်းမာနေသည်မဟုတ်သော်လည်း ပျော့ပျောင်းခြင်းမရှိသော လေသံဖြင့် ခြိမ်းခြောက်သလိုလည်း သဘောရောက်နေ၏။

ဖျားက ဂရုမစိုက်ပါ။

"မမူးဘဲနဲ့ ဘာဖြစ်လို့လာရစ်နေတာလဲ သင်အံ၊ စကားတစ်ခွန်းကို ထပ်တလဲလဲပြောနေတတ်တာ အမူးသမား





ပဲ"

"ဟုတ်တယ်၊ ဒါပေမယ့် တို့က အချစ်မူး၊ အချစ်ကြောင့် ရူးသွပ်ပြီး မူးတာတော့မဟုတ်ဘူး၊ မိန်းမတစ်ယောက်ရဲ့ ပြောင်းပြန်မာယာတွေမှာ မျက်စိလည်ပြီး မူးသွားတာ၊ တို့က မင်းရဲ့ချစ်သူ၊ ချစ်သူကိုတော့ မကြည်ဖြူဘဲ ဘာမဟုတ်တဲ့ ကောင်ကိုတော့"

"ရပ်စမ်း"

ဘာမဟုတ်တဲ့ကောင်ဆိုသည့်စကားက နားထဲမှာ ခါးသွားသည်။

မျက်ဝန်းလေးတွေ မှိုရှိပြုံးကျယ်လာကာ အေးဆေးစွာ ကျော့ခိုင်းထားခဲ့ပြီးသော လမ်းကြောင်းတစ်ခုကို မစင်ပုံတစ်ပုံရှိနေခဲ့သလို ရွံရှာစွာ ကြည့်လိုက်မိသည်။

"ယောကျ်ားဆိုတာ သူများကို ပုတ်ခတ်မပြောရဘူး၊ အတင်းအဖျင်းပြောတတ်တာ မိန်းမအလုပ်"

"အတင်းအဖျင်းက ကွယ်ရာမှာ ပြောတာလေ၊ တို့က မင်းရှေ့မှာရပ်ပြီး မင်းကိုမေးနေတာ၊ အဲဒီကောင်က ဘာမို့လဲ"

နောက်ထပ် ခုန်တက်လာသည့် ဒေါသက တားဆီးမရတော့

"နင့်ထက် အများကြီးအဆင့်အတန်းရှိတဲ့ ယောကျ်ားပဲ"



www.burmeseclassic.com

www.burmeseclassic.com



""ပွန်း""

သင်အဲက မဲ့ပစ်သည်။

""နာသွားသလား၊ ကဲ… ဝန်ခံလိုက်စမ်းပါ၊ အဲဒီကောင်ကို မုံရင်မိုတယ်ပေါ့၊ ဒါဆို တို့က ကျေနပ်တယ်၊ ရုပ်ရှင်ဆန်ဆန် သနပ်ခေါင်မနေနဲ့၊ သူငယ်ချင်းကို ချစ်သူထက် ပိုတယ်ဆိုတာ လုံးဝအစိပ္ပါယ်မရှိဘူး၊ ဒီမှာ ဟို့လိုချင်တာ တစ်ခုတည်းပဲ၊ မင်းဟာ ရာဇဝင်ဟောင်းအတိုင်း နောက်ထပ် စီနီယာဆွဲချိန်သွားပြီ၊ ဒါပဲ… နာမည်ကောင်းလက်မှတ်နဲ့ ကျန်ခဲ့ဖို့မကြိုးစားနဲ့ ဖျား၊ အနမ်းမခံတဲ့ပန်း မရှိဘူး၊ ပန်းက ပန်းပဲ၊ အဲဒါ နားလည်လား""

""နင် လာမရိုင်းစိုင်းနဲ့၊ ယောက်ျားတိုင်း နင့်လိုမဟုတ်ဘူး၊ ငါ့သူငယ်ချင်းက သိက္ခာရှိတယ်၊ မာနရှိတယ်၊ ဒီလမ်းကြောင်းနဲ့ ဘာမှမဆိုင်ဘူး၊ အလကား ပန်းစားဘီလူး၊ ဟွန်း…""

ဖျား လက်သီးနှစ်ဖက်ဆုပ်ထားရင်း ချာခနဲ လှည့်ထွက်ခဲ့သည်။ သင်အံ ခြေတစ်လှမ်း ထပ်တိုး၏။

နောက်က နှစ်ယောက်က သူ့နားရောက်လာပြီး ဆွဲထားလိုက်ကြ၏။

""ပန်းရာဇဝင်က သပ်သပ်၊ ဦးဦးဖျားက သပ်သပ်၊ မင်း, ထားကြည့်လိုက်ကွာ၊ သူက ပန်းမဟုတ်ဘူး၊ ဆူး…





မင်း ပါမောက္ခဆီ ရောက်သွားလိမ့်မယ်""

သင်အံ တက်ခေါက်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၈ ⏪

"ဟယ်… ဟိုမှာ ထည်၊ ကြည့်စမ်း"

လှလေး လက်တို့ပြောတော့ လှည့်ကြည့်လိုက်မိသည်။

ကျောပိုးအိတ်မဟုတ်ဘဲ ကြိုးရှည်နှင့် အညိုရောင်အိတ်ကို ပခုံးမှာလွတ်၍ ကျောမှာပိုးထားသော ထည်က ပိုစတာတွေရှေ့မှာရပ်လျက် စိတ်ဝင်တစား မော့ကြည့်နေ၏။

ဘေးမှာ အဖော်ပါတာ မတွေ့ပါ။ ဖျားက ဟွန်းခဲ့မဲ့၏။

မိပြီ။

"အတန်းလစ်ပြီးတော့များ ရုပ်ရှင် ဘယ်တော့မှ မကြည့်ဘူး" တဲ့။





ဖျတ်ခနဲ တွေးလိုက်မိသည်က တစ်ယောက်ယောက်နဲ့များ ချိန်းထားသလား။

ဒါဆိုလည်း မိန်းကလေးနဲ့တော့ မဖြစ်နိုင်တာ သေချာသည်။

"ဟဲ့… ဖျား၊ အမြဲတမ်း ခန့်ခန့်ညားညားနေတတ်တဲ့ ခန့်ညားထည်ကြီးက ခုတော့ ရုပ်ရှင်လာခိုးကြည့်လို့ပါလား"

ဖျားက ခေါင်းညိတ်ရင်း သူခိုးဖမ်းဖို့ ခြေလှမ်းပြင်၏။ ရုံထဲရောက်နေမှတော့ ရုပ်ရှင်ကြည့်ဖို့အပြင် ဘာမှမရှိ။

သို့သော်…

ဖျားရှေ့မှာ ပိတ်ရပ်လိုက်သော လူတစ်ယောက်ကြောင့် ဖျား တုံ့ခနဲ ဖြစ်သွား၏။

"ဖျားတစ်ယောက်တည်းလားဟင်"

မိုင်းခန့်…

ဖျား စိတ်ညစ်သွားမိသည်။

ထိုပုဂ္ဂိုလ်လေး၏ ဖွဲ့ကလည်း မသေးပါလား။

ပြန့်ချစ်ဖို့ မစဉ်းစားခဲ့သည့်အထဲမှာ သင်အံ့နှင့်ကိစ္စတွေ ပေါ်လာပြီးမှ ပိုဆိုးသွားခဲ့၏။

အလားတူကိစ္စမျိုးတွေ ထပ်ဖြစ်လာမှာကို စိုးရွံ့တတ်ခဲ့သည်။

"မိန်းကလေးဖြစ်ပြီး ဂရုမစိုက်ဘဲ ကြပ်ကြပ်မေ့



www.burmeseclassic.com

www.burmeseclassic.com



သိလား၊ ယောက်ျားလေးတွေငြိုးပြီး ဓွတ်တရွတ်ဖြစ်လာမ ခက်ဦးမယ်''

သူမအကြောင်းအသိဆုံး ထည်ကား သက်ပေးခဲ့မှ သည်။

ဂရုမစိုက်ခဲ့သည့်အကျင့်အတိုင်း မိုင်းခန့်ကို စိတ်မကူး ပေးသည့် မပြတ်သားစွာထားခဲ့မိတာ ခုတော့ အပြစ်ဖြစ်ပြီ။

ပြီးခဲ့တဲ့အပတ် စနေနေ့က အဖြေပေးဖို့ တောင်းဆိုခဲ့ သည်။ အဖြေပေးမည်ဟု မပြောခဲ့မိသော်လည်း သူချိန်းသည့် နေရာကို လာခဲ့မည်ဟု သူမ ကတိပေးခဲ့၏။

ဒါပေမယ့် မသွားဖြစ်ခဲ့ပါ။

မလိုအပ်ဘူးလို့လည်း ထင်ခဲ့သည်။ ခုချိန်မှာ မိုင်းခန့် ကျေကျေသမျှ နားထောင်ပေးနေရမည်ဆိုလျှင်…

''ဖျား ရုပ်ရှင်ကြည့်မလို့လား''

''အင်း… ဟို… အဖော်တွေပါတယ်''

မိုင်းခန့်က ပြုံးလိုက်ပြီး

''အဖော်တွေပါလည်း ဘာဖြစ်လဲ ဖျားရဲ့၊ နေဦး… တို့ကို လက်မှတ်ပြ၊ ကပ်လျက်ခုံတစ်လုံး မရရအောင် ဝယ်မယ်''

''အဲဒါလေ… ဟော… ဟိုမှာ… ဟိုမှာ ထည် သူ လက်မှတ်ဝယ်ထားတယ်၊ ဖျားဝယ်တာမဟုတ်ဘူး မိုင်းရဲ့''





နောက်ကို သမင်လည်ပြန်လိုက်ကြည့်ပြီး မိုင်းခန့် မျက်နှာပျက်သွား၏။ ထည်က သူတို့ကို မမြင်ပါ။

ပိုစတာတွေရှေ့မှာပဲ ရပ်ကြည့်နေတာ တကယ့်ကို တူးဆန်းအံ့ဖွယ်အဖြစ်တစ်ခုကို မြင်နေရသလိုလို။

ဖျား ချက်ခြင်းကြီး ဆွဲထည့်ပစ်လိုက်တာကို မိုင်းခန့် ကလည်း နားလည်သွားပုံရကာ မျက်နှာပျက်ရှာသည်။

မချိတရိအပြုံးတစ်ချက်နှင့် ခေါင်းညိတ်မေးရင်း…

''သူနဲ့လား၊ အဲဒါ သူငယ်ချင်းလားဟင်''

''တကယ့်စစ်စစ်ပဲ မိုင်းရဲ့၊ ငယ်သူငယ်ချင်းလေ''

''သြော်''

''ဒါဆို သွားပြီနော်''

''ဖျား''

မိုင်းခန့်က ကမန်းကတန်း လှမ်းတား၍

''တို့ချိန်းတာကို လာမယ်ဆိုပြီး ဘာဖြစ်လို့မလာတာ လဲဟင်''

လူရှုပ်ရှုပ်ထဲမှာ စိတ်ညစ်သွားသလို ဖျားက သိသာ အောင် ရှုံ့မဲ့ပစ်လိုက်သည်။

''အဲဒါတွေ ဒီမှာလာမေးနေတာ တကယ်အောက်တယ် မိုင်း၊ တို့က သိပ် ဦးနှောက်ခြောက်ခံချင်တာ မဟုတ်ဘူး''

''ဟာ… ဆောရီး၊ တို့ ဆန္ဒစောသွားတယ်၊ ဒီလိုပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဖျားကို ဖုန်းဆက်လို့လည်းမရဘူး၊ ကျောင်းချင်းလည်း မတူ တော့ ခုလိုတွေ့ရဖို့က မလွယ်လို့ပါ၊ ဒါဆို ရုပ်ရှင်ပြီးရင် တစ်ခုခုစားရင်း အပြင်မှာတွေ့လို့ရမလားဟင်"

"မရဘူး၊ သူပါနေတာ ဘယ်လိုလုပ်ကောင်းမှာလဲ၊ စိတ်ညစ်ဖို့လည်းကောင်းပါတယ်၊ သူ တို့ကိုမေ့ပစ်လိုက်ပါနော်၊ စိတ်တော့မကောင်းပါဘူး"

"ဘာ"

မိုင်းခန့်မျက်နှာကြီး ပြုံးပျက်ကျလုလုဖြစ်သွားတာကို နှုတ်ကြီးကျောခိုင်းပစ်လိုက်ခဲ့သည်။

မိုင်းခန့်ရယ်… သူမရယ်… တစ်ဖက်မှာ ဘာကိုမှ မသိမမြင်သော ထည်နဲ့ သုံးပွင့်ဆိုင်အဖြစ်ကို လှလေးမြင်နေ သည်။

ဖျားကတော့ လှလေးကိုပြန်မကြည့်ဘဲ ထည့်ဆီကိုသာ တန်းတန်းမတ်မတ် လျှောက်သွားလိုက်၏။

မိုင်းခန့် ရပ်ကြည့်နေဦးမှာကို သိသည်။

ခုလျှောက်သွားသည့်အတိုင်း လက်တို့ခေါ်လိုက်လို့က တော့ အမှတ်မထင် ပြုံးပြုံလှည့်ကြည့်သည့် ထည့်မျက်နှာကြီး ကို မိုင်းခန့် မြင်သွားပေတော့မည်။

ကိုယ့်ခေါင်းနဲ့ကွယ်ထားလိုက်ဖို့က ငါးပေလေးလက်မ ရှိသော သူမအရပ်ထက် ထည်က ခေါင်းတစ်လုံးနီးပါး ပိုမြင့်





နေသည်။

ထို့ကြောင့် ပိုစတာဘက်ကို ခပ်ကျကျသွားရပ်ပြီးမှ

"ထည်"

"ဟင်"

ထည်က မျှတ်ခနဲ လှည့်ကြည့်၏။

မျက်ခုံးကြီးနှစ်ဖက်က တာဝန်ကျေစွာ တွန့်ကုတ်သွား ကြသည်။

မိုင်းခန့်က ရပ်ကြည့်နေဆဲ…

"ထည်… နင် ရုပ်ရှင်ကြည့်မလို့မို့လား"

"မကြည့်ပါဘူး၊ ဟိုကောင့်ကို စောင့်နေတာ"

"ဘယ်ကောင်လဲ၊ သူလာရင် ကြည့်မှာမို့လား"

"မကြည့်ပါဘူးဆိုမှ…"

ဖျားက မသင်္ကာကြည့်နှင့် စိုက်ကြည့်ပြီးမှ မိုင်းခန့်ကို သတိရကာ

"ငါ့ကို ဟိုကောင်လိုက်ရှုပ်နေလို့ပါ၊ ခဏလိုက်ခဲ့"

"ဟ… ဘာလဲ၊ ငါမှမကြည့်တာ"

ထည်က ရှန်းမည်ဖြစ်တော့ လက်ကိုလိမ်ဆွဲသလို ခပ်ဖိဖိညှစ်လိုက်ပြီး ဖျားက အပေါ်ထပ်ကို ဆွဲခေါ်လာခဲ့၏။

သူတို့အပေါ်ထပ်ရောက်တော့ ဝင်ပေါက်မှင့်လိုက်တာ နှင့် အတော်ပဲဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မိုင်းခန့်ကလည်း ခွဲတော့ မသေးလှပေ။ လက်မှတ်ဝယ်ပြီး အမိုကပ်လိုက်လာသည်။

ဝယ်ထားတာက လက်မှတ်သုံးစောင်။ အတော်ပဲဖြစ်သွား၏။

ခင်ဝေကျော် မလာဖြစ်တော့ဘဲ နှစ်ယောက်တည်းထွက်ခဲ့ကြတာမို့ တစ်စောင်ပိုနေတာက ထည့်အတွက်ဖြစ်သွား၏။

ရုံထဲမှာ လှလေးနဲ့ပြန်ဆုံခဲ့ကြသည်။

မိုင်းခန့်က သူတို့ရှေ့ထောင့်စွန်းမှာဖြစ်၏။

လှလေးက သုံးခုံအစွန်မှာ တိတ်ဆိတ်စွာ ထိုင်လိုက်ပြီး မိုင်းခန့်ကို မေးဆတ်ပြ၏။

ဖျားက နှုတ်ခမ်းတွန့်ရုံလေးပြုံးကာ ဝယ်ထားသည့်မုန့်ထုပ်တွေကို ပေါင်ပေါ်မှာ တင်ထားလိုက်၏။

"မိဖျား... နင်က ဘာလဲ၊ ငါ ရှန်းရင်းဆန့်ခတ်မလုပ်ချင်လို့ ကွယ်ရာခဏလေးဆိုပြီး လိုက်ခဲ့တာ"

"အံမယ်... ကြီးကြီးကျယ်ကျယ်"

"ဟုတ်တယ်လေ"

ထည်က မိုင်းခန့်ကို မသိမသာလှမ်းကြည့်၍

"ဟိုကောင့်ကြောင့်မို့လား"

"ဟုတ်တယ်လေ၊ သိရင်လည်း အသားယူမနေနဲ့၊





နင်နဲ့ တွဲချင်လွန်းလို့မဟုတ်ဘူး"

"တွဲချင်တယ်လို့ပြောနေတာ မဟုတ်ဘူး၊ ဟိုကောင်ရောက်လာရင် ငါနဲ့လွဲပြီး ဘယ်လိုလုပ်မလဲ"

ဖျားက· ထည် ထသွားမှာစိုးသောကြောင့် လက်ကိုမသိမသာ ဖိဆွဲထား၏။

"နင်က ရုပ်ရှင်ရုံမှာ ဘယ်သူ့ကို လာစောင့်တာလဲ"

"အတာထွန်းလေ၊ အိမ်မှာ ပြဿနာတွေရှုပ်ကြပြီး ဒီကောင်လွင့်နေတာ၊ အိမ်ကိုလည်း မပြန်ဘူး၊ ကျောင်းလည်း မတက်ဘူး၊ ညကမှ ဖုန်းဆက်ပြီး ငါ့ကို ဒီမှာချိန်းထားတာ၊ ဘာပြောမလို့လဲ မသိဘူး၊ ငါ သွားစောင့်နေမှဖြစ်မှာ"

ထည်က နောက်ကိုလှည့်မကြည့်တော့သော မိုင်းခန့်ဆီ တစ်ချက်ကြည့်၍ နေရာမှထသည်။

"ထည်နော်... ဝင်ထိုင်ပြီးနေမှ သွားမနေနဲ့တော့"

ထည် စိတ်ပျက်သွားမိသည်။

မိဖျားတစ်ယောက်ဟာ လုပ်ချင်တာလုပ်တတ်ပြီး ပြဿနာဖြစ်ပြီဆို သူ့ကို ဆွဲဆွဲထည့်တတ်တာ မကြာခဏ။

မိုင်းခန့် ပရိပုံ့စံလုပ်ထားတာကို သူလည်း သိသည်။

"ငါ စိတ်မကူးပါဘူး" လို့လည်း ဖျား ပြောဖူး၏။

"ဒီကောင်က ဘာလိုက်လုပ်တာလဲ"

ထည်မေးတော့ ဖျား ရုတ်တရက် မဖြေနိုင်ဘဲ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၏။ ပြီးမှ နေကြာစေ့တစ်ထုပ်ကို လှလေးကိုလှည့်ပေးပြီး တစ်ထုပ်ကို ဖောက်လိုက်၏။

"အလကားပါ၊ စကားအပိုတွေ မပြောချင်လို့"

မျှားမျက်နှာကို စိုက်ကြည့်ပြီး မယုံကြည်သည့် ထည်(၏) နှုတ်ခမ်းမဲ့၏။ ယုံစရာမှမရှိဘဲ။

"နင့်မှာ အလကားတွေ တော်တော်များတာပဲနော်"

"များတယ်လေ၊ ဘာဖြစ်လဲ၊ အဲဒီလို အလကားထားထားတာတောင်မှ ပြဿနာတွေ ရှုပ်ရှုပ်နေလို့၊ ငါ ပထမဆုံး ရှားရှားပါးပါး စိတ်ညစ်တတ်လာတာ နှစ်ခါရှိပြီ"

"ဟွန်း… နောက်ဆို အိမ်ထဲဝင်ပြီး ခေါင်းမြီးခြုံနေရဦးမယ်"

ထည်က ဒေါသမပါဘဲ ရယ်ကျဲကျဲနှင့်ပြောလျှင် မျှားက ပခုံးချင်းတိုက်ပြီး လိုက်ရယ်သည်။

ထိုအချိန်တွင် နောက်ကို ဖျတ်ခနဲလှည့်ကြည့်လာသည့် မိုင်းခန့်မျက်နှာကြီး သေချာတိကျစွာ ယိုယွင်းပျက်စီးလျက် ချက်ခြင်း ရှေ့ပြန်လှည့်လေသည်။

လှလေးက အားလုံးကိုမြင်နေသဖြင့် မျှားကို လက်တို့၏။

မျှားက အသံထွက်အောင် ပို၍ရယ်သည်။

"ထည်"

သစ္စာမွန်စာပေ



"ဘာလဲ"

"နင် ပိုစတာကြည့်နေတာ တကယ်စိတ်ဝင်စားလို့လား"

ထည်က မျက်မှောင်ကုတ်သွားပြီး မျှားကို လှည့်ကြည့်၏။

"စိတ်မဝင်စားဘဲ မော့နေရအောင် နင့်လို ဟန်ဆောင်ပန်ဆောင်တွေ ငါ့မှာရှိနေတယ် မှတ်လို့လား"

"မမှတ်ပါဘူး၊ ဒီဇာတ်လမ်းအကြောင်းသိရင် ပိုစိတ်ဝင်စားမှာ၊ သိချင်ရင် ပြောပြမလို့"

"မလိုပါဘူး၊ ခုပဲကြည့်ရတော့မှာ၊ ဆရာမလုပ်နဲ့"

"ထည်"

ထပ်ခေါ်တော့ ထည်က မထူးဘဲ လှည့်ကြည့်၏။

"ဒီမှာ နင် အလကားထိုင်ရတာနော်"

"အံမာ… မထိုင်ချင်ဘဲထိုင်ရတာ ဘာညှို့ပြော"

"ဘာပဲဖြစ်ဖြစ် အရမ်းကောင်းတဲ့ဇာတ်ကားတစ်ကားကြည့်ရတော့မှာပဲ"

"မထိုင်နဲ့ဆို ခု ထပြန်သွားဖို့ အဆင်သင့်ရှိတယ်"

ထည့်ကလည်း နည်းနည်းမှမလျှော့။

JOB. B. HOOD ဂျက်ကီချမ်းကားကို ပိုစတာရပ်ကြည့်မိပြီး ဟိုကောင်လာရင် ဝင်ကြည့်ရကောင်းမလား ဟု

သစ္စာမွန်စာပေ

www.burmeseclassic.com



သူ တွေးဖြစ်ခဲ့တာ ကိုယ့်ကိုယ်ကို သိသည်။

ဒါပေမယ့် ဒီဟာလေးက သိပ်ကျယ်တာ မဟုတ်။

"ထည် ရော့၊ ဒါကို နေကြာစေ့ ခွာပေးစမ်းပါ"

"မပေးနိုင်ဘူး"

ဟိုတုန်းကတည်းက လူကြီးတွေနဲ့ ရုပ်ရှင်ကြည့်ဖြစ်လည်း သူသောက်သည့် အအေးဘူးကိုမှ သောက်မည်။

သူကိုင်ထားသည့် မုန့်ထုပ်ကိုမှ ယူမည်။

"အတူတူပဲ ဖျားလေးရယ်၊ သမီးက ဖောက်ထားတယ်၊ ဟိုမုန့်ထုပ်က မဖောက်ရသေးတော့ လှနေတာပေါ့"

"ဟင့်အင်း"

ထိုအခါမျိုးဆို မာမိက သူ့လက်ထဲကနေ ချော့တောင်းပြီး…

"သမီးလေး တစ်ခုပဲစားရသေးတာ သားရယ်၊ လဲပေးလိုက်နော်၊ ယောကျ်ားဆိုတာ မိန်းကလေးကို အနိုင်မယူရဘူး"

ဒါ မှန်သလား…

မှားသလား… မတွေးတတ်။

ဒါပေမယ့် ပေးလိုက်မိတာကတော့ သူ့ထက် ကိုယ်ကသာချင်လို့ အလျှော့ပေးလိုက်တာပဲဖြစ်သည်။

နေကြာစေ့စားကြတော့ သူခွာပေးမှတဲ့။

သစ္စာမွန်စာပေ



ငယ်ကြတော့တဲ့အရွယ်လည်း မဟုတ်။

ခြောက်တန်း ခုနစ်တန်းဆိုတာ မူလတန်းကျောင်းသားလေးတွေ အရွယ်နှင့် အများကြီး ကွာခြားနေပါပြီ။

ဖျားကတော့ ဆိုးကို ဆိုးတာဖြစ်သည်။

မိဘတွေကွယ်ရာမှာ အတိုက်အခံတွေအမြဲဖြစ်၊ ဘယ်တော့မှ မသင့်မြတ်ခဲ့သမျှ လူကြီးတွေရှေ့မှာ ဖိနှိပ်ဖို့ စဉ်းစားထားသလား မသိ။

မိန်းကလေးဖြစ်ပြီး နေကြာ၊ ကွာစေ့ မခွာတတ်ဘဲဖြစ်နေတာလည်း ရုပ်ရှင်ကြည့်ပြီဆို ထည့်ကို သူမက မနာလို။

သူမ သွားကလေးထဲ ထည့်ဖိကိုက်၍ လက်ထဲမှာ မရမက ဖိကြိတ်ခွာနေရချိန်မှာ ထည်က တဖျောက်ဖျောက်နဲ့ ဝါးနေပြီ။

"ထည် ငါ့ကိုလည်း ခွာပေးစမ်းပါ"

"အံမာ"

ထည်က ဆတ်ဆတ်ထိမခံ။

"မာမီခွာပေးမယ် သမီး" လို့ ဘယ်အမေပြောပြောမရ။

မိန်းကလေးမို့ ခဏခဏ အရှုံးပေးရတော့လည်း ထည်က ဂျစ်ကန်ကန်။

သို့သော်…

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးနဲ့ မာနပြိုင်ပြီး စိတ်ကောက်ရန်ဖြစ်တာ ယောက်ျားမဆန်တာပဲ သားရဲ့၊ သူဆိုးဆိုး မဆိုးဆိုး သားသည်းခံရမှာပေါ့၊ သူက အနိုင်ယူနိုင်လို့ ပျော်သွားချင်သွားမယ်၊ သားရဲ့အန်တီမိတို့ ဟိုမှာ ရုံပြင်ပြန်ထွက်ရတော့မလိုလို စိတ်ညစ်နေရတာ ကြည့်စမ်း၊ သားက သဘောထားမကြီးနိုင်ဘူးလား"

မာမိက အပြောလည်းကောင်းသည်။

သူခွာပေးတော့မှ မယ်မင်းကြီးမက စားသောက်ရယ်မောလို့…

"အဲဒီလို လိမ္မာမှပေါ့"

ဟု ပြောသည့်မျက်နှာကို လက်သီးနဲ့လွှဲလွှဲ ထိုးပစ်လိုက်ချင်သည်။

တကယ်ဆို အသက်ချင်းကလည်း အတူတူ၊ သေချာစစ်ကြည့်မှ ထည်က ဖျားထက် ဆယ်ရက်ပဲကြီးတာ။

"တစ်ရက်တည်းပဲမွေးမွေး သားရယ်၊ မတူလို့ သားက ယောက်ျားဖြစ်နေတာပေါ့၊ ပြိုင်ဆိုင်ချင်တဲ့စိတ်တွေ လျှော့ပစ်လိုက်ကွယ်"

ထစ်ခနဲဆို 'ယောက်ျား' ဆိုသည့် စကားနဲ့ပဲ။

"ထည်"

ရှုပ်ပုပ်ကြီး လွှဲပစ်လိုက်သည့် ထည့်မျက်နှာကို





ကြည့်၍ ဖျားကလည်း သိသည်။

ထည် ဟိုတုန်းက ရှေးဟောင်းနှောင်းဖြစ်တွေ တွေးမိပြီး အနာပေါ်ပြီ။

"ထည်… ရှော့ပါဟာ၊ နင်လည်း စားလေ၊ ငါ့ကို နည်းနည်းပါးပါးပဲ ခွာပေး၊ သူငယ်ချင်းရင်းပဲ ဥစ္စာ"

"သူငယ်ချင်းရော ခွာပေးစရာလား"

"ဩော်… နင်က နင့်ကောင်မလေးဆိုရင်တော့ ခွာပေးမယ်ပေါ့"

"လုံးဝ၊ လုံးဝပဲ၊ မိန်းမရော၊ နေကြာစေ့ရော လုံးဝ စိတ်မဝင်စားဘူး"

"ခွာမပေးဘူးလား"

"မပေးဘူး"

"ပြီးရော"

နေကြာစေ့ကိုကိုင်ထားလျက်နှင့် လက်ပိုက်၍ ဖျားက နှုတ်ခမ်းလေး ့ လုံးနေအောင် ရှုထားသည်။

နှစ်ယောက်ဖြစ်နေတာကိုကြည့်၍ ဘေးကနေ လှလေးက ပြုံးစိစိဖြစ်လာ၏။

"ငါ့ ရည်းစားထားတာကျတော့ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ ဆုံးမလိုက်ရတာ၊ ဒါလေးတောင် လုပ်မပေးချင်ဘဲနဲ့များ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဆိုင်သလိုပဲ"

ထည်က ရယ်ချင်နေသည့်မျက်နှာကို အတင်းကြီး တည်ထားရသည့်မျက်နှာဖြင့် လှည့်လာသည်။

ဖျားက မျက်စောင်းပြန်ထိုး၏။

"ဘာလို့မဆိုင်ရမှာလဲ၊ ငါက ရည်းစားထားပေမယ့် ရုပ်ရှင်တွဲမကြည့်ဘူး၊ ကိုယ်လိုအပ်တာမဟုတ်ဘဲ သူတို့က ဟိုသွားမယ်၊ ဒီသွားမယ်ချိန်းရင် ဘယ်တော့မှမသွားဘူး၊ အဲဒါ စည်းကမ်း"

"ဘာစည်းကမ်းလဲ၊ ငါ့ကိုမတွေ့ရင် နင် ဟိုကောင်နဲ့ ဘယ်လိုရှောင်မလဲ"

ဖျား မျက်နှာလေးပျက်သွားသည်။

ဒါပေမယ့် ခဏပဲဖြစ်၏။

"ငါလည်း စိတ်အနည်းငယ်ပိန်သွားရုံပါ၊ ဖျားရဲ့ လောကမှာ အကျပ်ရိုက်သွားတယ်ဆိုတာ မရှိသေးဘူး၊ နင်ပြော တဲ့အတိုင်း ချောင်ပိတ်မိတာမျိုးလေ၊ ခုချိန်ထိ အားလုံး ငါဖြစ် စေချင်တဲ့အတိုင်းပဲ"

"ဟွန်း"

ထည်က နှုတ်ခမ်းမဲ့ပြီး တစ်ဖက်ပြန်လှည့်၏။

"နေကြာစေ့ခွာဖို့ပဲ အလုပ်သမား ငှားပေးရတော့ မလိုလို"





"မလိုပါဘူး၊ ရည်းစားနဲ့ ရုပ်ရှင်တွဲကြည့်လိုက်ရင် ရတယ်"

ထည် ပြန်လှည့်ကြည့်၏။

"ခင်ဗျားကို ဘယ်သူက တားနေလို့လဲ၊ ဘာလဲ... ခု ထပြန်ပေးရမလား"

"ထည်နော်"

"ပြောပြတာ"

"မပြောနဲ့၊ ရော့"

နေကြာစေ့ထုပ်ကို သူ့လက်ထဲ ဆောင့်အောင့်ထည့် လိုက်တော့ ငုံ့ကြည့်၍

"အမယ်... ဒါ ဘာလုပ်တာလဲ"

"မျိုလေ... ရှင် မျိုဖို့"

"ဒီလိုလား၊ မခွာခိုင်းဘူးဆိုရင် မျိုပေးမယ်"

ထည်က မုန့်ထုပ်ကို ကောက်ကိုင်သည်။

"အဲဒီမှာ ဖြောင့်ဖြောင့်မျို၊ နေကြာစေ့ခွံရှုးပြီး လည်ချောင်းခွဲထုတ်ရဦးမယ်"

"ပို့သတဲ့မေတ္တာကြောင့် နေကြာစေ့က အောင်လိုက် တာများ"

ဒေါသများနှင့် ဒိုင်းခနဲ ကြည့်လိုက်သော်လည်း ထည် က ပခုံးတွန့်၍ရယ်နေသဖြင့် ဖျားမျက်နှာလေး ပြုံးကျသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြီးတော့ လိုက်ရယ်၏။

ထိုအချိန်မှာပဲ ရုပ်ရှင်ပိတ်ကားကြီးကို စတင်ဖွင့်လိုက်လေသည်။

* * *

အခန်း ›› ၉ ‹‹

ဘာမှမဆိုင်ပါဘူးဟု ပြောနေရင်းမှ စာအုပ်ကြားထဲမှ လျှောခနဲထွက်ကျသွားသည့် စာရွက်ခေါက်လေးတစ်ခု။

ထည့်မျက်ခုံးတွေ မြင့်တက်သွား၏။

"တွေ့ပြီ၊ တွေ့ပြီ၊ အဲဒါ ညာဦးလေ"

ရယ်သံတွေ ထွက်လာသည်။

ကင်တင်းမှာ လူတွေပြည့်နေချိန်မို့ အနီးအနားစားပွဲက ကျောင်းသားတွေ သူတို့ဆီကို လှည့်ကြည့်ကြ၏။

ထည်က စာကို ချက်ချင်းလိုက်ကောက်သည်။

လင်းနေက သူ့ထက်ဦးအောင် ကောက်ယူလိုက်ကာ

"ငြိမ်ငြိမ်လေးကြည့်နေ"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး စာရွက်ခေါက်ကို ဖြန့်လိုက်၏။

နိုင်ဇော်နဲ့ မြေပုံက လိမ္မာစွာ တိတ်ကျသွားကြ၏။

“ပြောတော့ဖြင့် ဘာမှမဟုတ်ပါဘူးတဲ့၊ ဒီမှာ…”

စာဖတ်လိုက်ပြီး အစကတည်းက လင်းနေက အကြောင်းပြန်သည်။

“ဘာလဲ… ခင်ဝတီပဲမို့လား”

မြေပုံက ဖြတ်မေးသည်။

လင်းနေက မြေပုံမေးတာကို မဖြေသေးဘဲ ချောက်ချားနေသည့် သူ့မျက်နှာကြီးကို သူနိုးဖမ်းသလိုကြည့်၍

“ဖတ်ပြလိုက်ရမလား၊ ဝန်ခံမလား”

“ဘာကိုဝန်ခံရမှာလဲ၊ အမိပ္ပါယ်မရှိ…”

ဒေါသဖြစ်ဖြစ်နှင့် အော်ပစ်လိုက်ပြီး စာကို ဆတ်ခနဲ ဆွဲလုပစ်လိုက်သည်။

လင်းနေက ပြန်ဆုပ်ထားသဖြင့် စာက သူ့လက်ထဲမှာ တစ်ပိုင်းပြဲပါလာခဲ့သည်။

“ဟာကွာ… သွားပြီ၊ ဒီကောင်”

မြေပုံ နှမြောတသစွာ ဝင်ပြော၍ လင်းနေလက်ထဲက မညီမညာပြဲကျန်ခဲ့သည့် စာရွက်ကို ဆွဲယူ၏။

အောက်ဆုံးမှာကျန်သည့် စာသုံးကြောင်းကို အသံထွက် ဖတ်လိုက်ရာ





“အဲဒါ အချစ်ပါပဲ မောင်…

မောင် သိပါစေ…

မောင့်အတွက် အချစ်ခင်းတံတားလေး ဖြစ်ပါစေ”

“ဟိတ်ကောင်”

မြေပုံပါးစပ်ကြီးကို သူ ဘယ်လိုမှ မပိတ်လိုက်နိုင်။

လက်ထဲမှာပါလာသည့်စာကိုလည်း ဖြူးပြဲဖတ်ကြည့်မိသည်။

စာဟာ ကဗျာလည်းမဟုတ်၊ စာလည်း မဟုတ်။ နာမည်လည်း မပါပေ။

သို့သော် ခင်ဝတီစာအုပ်ထဲက ထွက်ကျလာတာပဲဖြစ်၏။

“ကဲ… မင်း ငြင်းဦးမလား”

မြေပုံက သူ့ဝန်ခံချက်ကို အမိအရ ညှစ်ယူနေ၏။

“ငါနဲ့ ဘာဆိုင်လဲ၊ စာအုပ်ချင်းမှားပါလာလို့ ပြန်ပေးမယ့်ကိစ္စ၊ သူ့စာအုပ်ထဲမှာရှိနေတာ၊ သူ့ရည်းစားကိုပေးဖို့နေမှာပေါ့”

“သူ့မှာ ရည်းစားမရှိတာ လုံးဝသေချာနေတာကွ၊ ငါ့ညီမဝမ်းကွဲ သက်လျာက ခင်ဝတီရဲ့သူငယ်ချင်းရင်း၊ ခင်ဝတီက မင်းကို တစ်ဖက်သတ်မြတ်နိုးနေတာ၊ အရမ်းကို အထင်ကြီးနေတာ၊ ရည်းစားမရှိတာ လုံးဝကို သေချာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခု စာအုပ်မှားတဲ့ကိစ္စကလည်း တကယ်မှားယွင်းတာလို့ မင်းထင်လား၊ ဒီစာကိစ္စ မင်းမဟုတ်ဘူးဆိုတာ သေချာရင် သူ့ဘက်က မင်းသိအောင် တမင်ဖန်တီးလိုက်တဲ့ကိစ္စ တစ်ခုပဲကွ''

''အဓိပ္ပါယ်မရှိတာကွာ၊ မိန်းကလေးတစ်ယောက်ကို သိက္ခာကျအောင် မပြောပါနဲ့၊ ပေး... ပေး၊ စာက ပြသွားပြီ၊ ပြသနာပဲကွာ''

မြေပုံက စာရွက်ပိုင်းလေးကို ပြန်ပေး၍ ရယ်သည်။

''စာကိုဖတ်လိုက်တာသိရင် သူ ကျေနပ်သွားမှာပါကွာ၊ ဟဲ ဟဲ... ကျေးဇူးတင်လိုက်ဦး သိလား၊ ဒီစာရွက်အခေါက်တိုင်း မင်းတွေ့ရင် ဖြန့်ဖတ်မှာမဟုတ်ဘူး''

''ဖတ်တော့ ဘာဖြစ်လဲ''

ထည်က မကြည်လင်သောမျက်နှာနှင့် နေရာမှာ ပြန်ထိုင်သည်။

''ဖတ်တော့ မင်း အခုသိသွားတာပေါ့၊ ဘယ့်နှယ်လဲ၊ ခင်ဝတီလည်း လှပါတယ်ကွာ၊ ဦးဦးဖျားနဲ့တော့ မယှဉ်နဲ့ပေါ့''

ပါလာပြန်ပြီ၊ နာမည်နောက်တစ်ခု။

''ခန့်ညားထည်''

ဒီနာမည်ကြောင့် တစ်ခုခုပြောတော့မည်ဆို ခေါ်ပြီး အတုံးလိုက် အတစ်လိုက်။

''ဘာလဲ''





''မင်း နာမည်နဲ့လိုက်အောင် တခမ်းတနားကြီး သိပ်နေနဲ့၊ တကယ့်အချောအလှတွေ သူများနောက် ပါသွားလိမ့်မယ်''

''အေးလေ၊ ဦးဦးဖျားနဲ့ကျတော့ ရန်တကျက်ကျက်၊ ခင်ဝတီကျတော့ မသိသလိုလို၊ ဒီပြင်ကောင်မလေးတချို့ မင်းကို သတိထားမိနေကြတာရော သိရဲ့လား''

''အဲဒါ မင်းတို့ပဲ လိုက်ကြည့်နေ''

''ဟော ဟော... ပြောရင်းဆိုရင်း ဟိုမှာ ခင်ဝတီတို့ လာနေကြပြီ''

နောက်လှည့်ပြန်ကြည့်လိုက်ပြီး သူ နေရာမှ ထရပ်လိုက်သည်။

လွယ်အိတ်ကို ပခုံးပေါ်ထပ်ချိတ်လိုက်ပြီး စာရွက်ပိုင်းနှစ်ခုကိုရော စာအုပ်ကိုရော ဖိကိုင်၍ ကင်န်တင်းထဲက ထွက်လိုက်၏။

ထိုအချိန်တွင် တစ်ဖက်အစွန်စားပွဲမှာ ဝင်ထိုင်လိုက်ကြသော ဖျားတို့သုံးယောက်ကို သူ မမြင်ခဲ့။

''ဖျား... ဟိုမှာ ထည်နဲ့ ခင်ဝတီ အဆင်ပြေနေတာတွေ့လား''

''တွေ့သားပဲ''

ဖျားက မျက်မှောင်ကုတ်၍ စိုက်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ထည့်ရဲ့ ခင်ဝတီ…

သူမ၏အဖော်နှစ်ယောက်က နောက်ဆုတ်ရပ်ပေးကြသည်။

နှစ်ယောက်တည်း တအုပ်တစ်အုပ် အပေးအယူလုပ်ရင်း ရယ်မောပြေလည်နေကြ၏။

“ခင်ပဲပြောတော့ ထည့်က ဒီတစ်သက် ရည်းစားထားဖြစ်မယ့်ကောင် မဟုတ်ဘူးဆို”

“နှ ထားဖြစ်သွားပြီနေမှာပေါ့”

ဖွားက အဖက်မတန်သလို လှမ်းကြည့်ပြီး ခေါက်ဆွဲသုပ် လှမ်းမှာတော့ ခင်ဝေကျော်က လှလေးကို မျက်စပစ်ပြ၏။

လှလေးက ထည့်ကို့ကို ပြန်ကြည့်၍

“ခင်ဝတီက တစ်ဖက်သတ်ထင်ပါတယ်ဟာ”

“ဘာဖြစ်ဖြစ်လေ”

ခင်ဝေကျော်က ဖွားကို ခပ်ပြုံးပြုံးနှင့် ပြန်ကြည့်၏။

“ဖွား”

“ဘာလဲ”

“ရင်ထဲမှာ ဘာတွေဖြစ်နေလဲ”

“ဘာမှဖြစ်စရာမရှိဘူး”

“ကိုယ့်ကျတော့ လုပ်ချင်သလိုလုပ်ပြီး သူများလုပ်





တာကျတော့ ရင်ထဲမှာ လျှောင်လှုပ်နေရောမို့လား၊ အဟွန်း…ဒါမျိုးက ဖြစ်တတ်ပါတယ်”

ဖွားက မျက်ခုံးလှည့်ကြည့်၍ ဟာသကာစ်ခုလို ရယ်ပစ်လိုက်သည်။

“ဘာလဲ… ရုပ်ရှင်ဆန်ဆန်အဖြစ်တွေ လာပြောနေတာလား၊ စိတ်ဝင်စားစရာထပ်ရှိသေးရင် စဉ်းစားပါဦး၊ ဒါတွေက ရိုးနေပြီ”

“ရိုးပေမယ့် ကမ္ဘာတိုင်း၊ နိုင်ငံတိုင်း ခေတ်အဆက်ဆက်မှာ အချစ်ကဟောင်းခဲ့တာမှမဟုတ်ဘဲ ဖွားရဲ့၊ အချစ်ပါလားလို့ မသိပေမယ့် တိရစ္ဆာန်တွေတောင်မှ အချစ်ရှိကြသေးတာ၊ ဒီ့ထက် ရုပ်ရှင်ဆန်အောင်ပြောရဦးမယ်ဆိုရင် နင်နဲ့ထည့်တစ်နေ့နေ့ လက်ထပ်ဖြစ်လိမ့်ဦးမယ်၊ ကြည့်နေ”

ခင်ဝေကျော်က ပြောချင်ရာပြောပြီး မျက်နှာလွှဲ၏။

“အဲဒီ နင့်ပါးစပ်ကြီးကို ရေသန့်ဘူးသုံးဘူးလောက်ကုန်အောင်သွားဆေးပစ်”

“ဩော်… ဖြစ်နိုင်ဆုံးကို ပြောနေတာများ”

ခင်ဝေကျော်က ထပ်ပြော၏။

လှလေးကလည်း ထောက်ခံသည်။

“ဟုတ်တယ်ဟ၊ နင်တို့မိဘချင်းကလည်း ဒီလောက်ချစ်နေကြတာ၊ နင်နဲ့ထည့်ကလည်း မတဲ့ကြပေမယ့်

www.burmeseclassic.com



သူငယ်ချင်းလေ''

''သွားစမ်းပါ၊ ဘယ်လိုမှကိုခင်ကြည့်လို့မရဘူး၊ တစ်သက်လုံးလည်း ခင်ကြဖို့မရှိဘူး''

''ဒါပေါ့၊ ခင်နေရင် လက်ထပ်ဖို့ ခက်ဦးမှာ၊ သူငယ်ချင်းမဟုတ်ကြတော့ လွယ်လွယ်လေး''

ဖျားမျက်နှာလေး နီလာသည်။

ကျောင်းမှာ နည်းနည်းလေးတွဲဖြစ် ခေါ်ဖြစ်ပြီဆို ထင်ကြေးပေးကြပြီ။ မဟုတ်တာ၊ ဟုတ်တာ ထား။

သူတို့ပါးစပ်ထဲမှာတော့ သတင်းမွှေးသွားတာပဲ ဖြစ်၏။

ဒါတောင် ထည်နဲ့ဖျား ဘယ်လိုမှခင်ခင်မင်မင် မရှိခဲ့ကြတာ အားလုံးအသိ။

⁂

## အခန်း ▸▸ ၁၀ ◂◂

''ဘာဖြစ်တာလဲ''

လူမမာလာမေးသည့်ရုပ်က မှုန်ကုတ်ကုတ် မကြည်မလင်။

''မသေသေးဘူး၊ သေမှလိုက်ပို့''

''အို... သမီး၊ ဘယ်လိုဖြစ်တာလဲ''

ဒေါ်ကေမီက ဖျားကိုကြည့်၍ မျက်နှာပျက်၏။

ဒေါ်မေကျော်ကတော့ အပြုံးမပျက်ပါ။

''လူမမာလာမေးတဲ့ လူကိုကြည့်ပါလား မီရဲ့၊ ဖြေတဲ့လူမှာ အပြစ်မရှိဘူး''

''မဟုတ်ဘူး၊ ဒီကောင်မလေးကိုက မပြေပြစ်တာ''

''မီရေ... ဒီမှာလာကွာ၊ လူစုံတုန်း ဆွေးနွေးရအောင်''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကေမီ စကားဆက်ဖို့က ဘဲခါးဝကနေ ဦးညီမင်း လှမ်းခေါ် လိုက်သဖြင့် ပြတ်တောက်သွား၏။

ထို့ကြောင့် ဒေါ်ကေမီနှင့် ဒေါ်မကျော့ ပြိုင်တူ ထရပ်လိုက်ကြပြီး

"အပြင်မှာ ကိုလင်းရောက်နေပြီ ထင်တယ်"

ဟု ဒေါ်မကျော့က ပြောကာ သည့်ဘက်ကိုလှည့်၏။

"သားရေ... သမီးက မှားနေတာ၊ စကားကို ဘုကောက် မပြောနဲ့၊ ကုတွေ သေချာကုန်းပေးလိုက်"

မထွက်ခင် သေချာမှာသွားတာကောင် လူကြီးတွေ ကွယ်သည်နှင့် ထည်က ကိုင်လာသည့်စာအုပ်တွေကို စားပွဲပေါ် အသံမြည်အောင် ပစ်ချလိုက်၏။

"ရောဂါကလည်း ကောက်ရသလိုကြီးပဲ၊ ဘာလဲ... မနေ့က အတန်းလစ်ပြီး ခိုးလည်ကြတာ ပင်ပန်းသွားလို့လား"

"ဟုတ်တယ်"

"အဲဒါ ကိုယ့်ဒုက္ခ ကိုယ်ခံပါလား၊ ဒီမှာ အားတာ မဟုတ်ဘူး"

"ဘယ်သူက နင့်ကို တောပါ ကယ်ပါ ခေါ်နေလို့လဲ၊ ပြန်တော့ သွား"

"သြော်"

ထည်က ငုတ်တုတ်လေးထိုင်နေသည့် မျှားရှေ့မှာ





ကင်ပါးလွှဲထိုင်လိုက်ပြီး

"ခင်မျှားက ပြောတိုင်းဖြစ်နေတော့ လေသံက အမြဲ မာနေတာပေါ့၊ ဒီမှာ စေတနာရှိရှိ မရှိရှိ ခင်မျှားနှင့်သမျှ ကြိတ်ခံနေရတာ"

မျှားက ဆံပင်လေးတစ်ချက်သပ်ပြီး ရယ်လိုက်သည်။

"စေတနာမရှိတာက ယူလို့ပိုကောင်းတယ်၊ ပေးချင် လွန်းလို့ ယူပါ၊ ယူပါဖြစ်နေတာတွေ အလကားပဲ"

"ဟွန်း"

ထည်က စားပွဲရှေ့မှာ ပြောင်းထိုင်ဖို့ ကိုယ်ကိုရွှေ့လိုက် ချိန်မှာ ဖုန်းသံလေး ထမြည်လာသည်။

ထည်က ရှပ်အင်္ကျီအိတ်ထဲက ဖုန်းကိုထုတ်ကိုင်လိုက် ၏။

"ထည်... နင့်ကို စာအုပ် ဘယ်သူပေးလိုက်တာလဲ၊ လှလေးလား"

မျှားက ကြားဖြတ်မေးတော့ မျက်လုံးလှန်ကြည့်ပြီး ထည် မဖြေဘဲနေသည်။

"ဟလို"

"ဟဲ့... ငါမေးတာ ဖြေစမ်းပါ၊ မနေ့က ဆရာတွေ အပြည့်မဝင်ဘူးလား၊ စာအုပ်က နည်းလိုက်တာ"

ထည် စိတ်မရှည်တော့ဘဲ ဖုန်းကို လက်နဲ့ပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ကာ….

"မိဖျား… နှင့်ပါးစပ် ခဏပိတ်ထားစမ်းပါ၊ ကိုယ်ချင်း မစာဘူး"

ဟုပြောပြီး ဖုန်းကို ပြန်ကိုင်၏။

"ဘာလို့စာရမှာလဲ၊ ဖုန်းကိုင်ပြီး လာသမျှနားထောင်ပေးဖို့ စိတ်မဝင်စားလို့ မကိုင်တာ"

ဖျားက အကျယ်ကြီးပြောပြီး အိပ်ရာထဲ လှဲချလိုက်သည်။

စောင်ကို ပခုံးပေါ်ထိ ဆွဲတင်လိုက်ပြီးမှ…

"မြန်မြန်ပြောနော်၊ ဒီမှာ မေးစရာရှိသေးတယ်"

အော်ပြောလိုက်သေးသည်။

"ဝတီလား… ဟုတ်တယ်"

"… …"

"မနေ့က ကျွန်တော် တကယ်မရောက်ဖြစ်တာပါ"

"… …"

"အင်း… အင်းပါ၊ ဝတီ့မွေးနေ့လား၊ အင်း… လာရမှာပေါ့"

ဖျား နားထောင်ရင်း နားကြားပြင်းကတ်လာသည်။

ကိုယ်တော်ချောက နားထောင်ရင်း ပြုံးအီနေလိုက်တာ သကြားအိုးထဲ ထန်းလျက်မှောက်ကျထားတဲ့ ရုပ်ကြီး။





စောင်ကိုခွာ၍ ဖျတ်ခနဲ ထထိုင်လိုက်သည်။

ထည်က မျက်လုံးဝင့်ကြည့်ကာ ဂုတ်ပိုးတစ်ချက်သပ်၍ ရယ်၏။

ရယ်ပုံက ရှက်ကိုးရှက်ကန်းနှင့် ဘယ်တုန်းကမှ မရှိခဲ့ဘူးသော နူးညံ့ချောမွေ့ခြင်းတွေ မျက်နှာပြည့်သိပ်နေ၏။

"ရတယ်၊ မခေါ်ပါနဲ့၊ ကျွန်တော် လာမှာပါ"

"… …"

"ပြောလေ၊ ဘာဝယ်ပေးရမလဲ"

"… …"

"ဟာဗျာ… တစ်ယောက်တည်းမလာလို့ ဘယ်နှစ်ယောက် လာရမလဲ"

ထိုနေရာမှာ ဖုန်းကို ဖျား ဆွဲယူပစ်လိုက်၏။

"ဟာ"

ထည် ဆုပ်ဖမ်းထားချိန် မရလိုက်။

"နှစ်ယောက်လာလို့မရဘူးလား ခင်ဝတီရဲ့၊ တို့က ကိုယ့်ချစ်သူကို တစ်ယောက်တည်း ဘယ်လွှတ်ချင်မလဲ"

"ဖျား"

ထည် လှမ်းအော်တော့ ဖျားက ဖုန်းကို နားနဲ့ဖိကပ်ပိတ်ထားကာ

"… …"



www.burmeseclassic.com

www.burmeseclassic.com



''တို့လား၊ ချစ်သက်မှူးတဲ့... မောင်ကတော့ သက်လို့ပဲ ခေါ်တယ်''

''မိဖျား''

ဖျားလက်ထဲက ဖုန်းကို ထည်က ပြန်ယူ၏။

ဖျားက ထည့်အသံတွေဝင်မှာစိုးကာ ဖုန်းကို နောက်လွှဲပစ်၏။

''နင်ဟာလေ... ''

ထည် အတင်းလိုက်လုနေသဖြင့် ဖျားနှာခေါင်းချွန်ချွန်လေးနှင့် ထည့်နဖူး တိုက်ခတ်သွားလေသည်။

''အား''

အရှိန်များသွားသဖြင့် ဖျား တကယ့်ကို မီးပွင့်သွား၏။ ခေါင်းထဲထိ တက်ဆောင့်ကာ မူးမိုက်သွားခဲ့သည်။

လက်ထဲက ဖုန်းလွတ်ကျသွားသည်နှင့် မျက်နှာလေး မော့ခနဲ လန်ထွက်သွား၏။

''ဖျား''

နှစ်ယောက်ကြားထဲမှာ ဖုန်းက ကောက်ကိုင်မည့်သူ မရှိတော့။

ဖျားပခုံးလေးကို စိုးရိမ်တကြီး ဆုပ်ကိုင်ကာ ထည် ဆွဲယူခတ်သွား၏။

''မိဖျား''





''အား... နာလိုက်တာ၊ အဟင့်...''

ဖျား တကယ်နာသွားကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။ ထည် ဖျားရဲ့ဘေးကို ဘယ်လိုရောက်သွားမှန်း မသိ။

''ဆောရီး ဖျားရာ၊ ငါ အဲဒီလိုဖြစ်အောင်လုပ်တာ မဟုတ်ပါဘူး''

ဖျားပခုံးလေးကို ဆွဲဖက်လိုက်တော့ ရင်ခွင်ချင်း နီးကပ်သွား၏။

ပြီးတော့ ဖျားမျက်ရည်တွေကို သူ သုတ်ပေးသည်။

နီရဲနေဆဲရှိသည့် နှာတံချွန်ချွန်လေးကိုကြည့်ရင်းလည်း ဖျားကို သနားသွားမိသည်။

''ဘာဖြစ်လို့ မဟုတ်တာတွေ လျှောက်ပြောတာလဲ၊ အတန်းထဲမှာ အဲဒီနာမည်ရှိတယ်၊ သူ့ကို အားလုံးက သက်လို့ပဲ ခေါ်ကြတာ၊ နင်ပြောချလိုက်တာ ပြဿနာတက်ကုန်ရင် ဘယ်လိုရှင်းမလဲ''

''ဟင်... ဘာ...''

ဖျားက သူ့လက်ကိုဖယ်ချပြီး တအံ့တဩ ပြန်ကြည့်၏။

''ချစ်သက်မှူးဆိုတာ ရှိတယ်''

''ရှိပါတယ်ဆို''



www.burmeseclassic.com

www.burmeseclassic.com



''ငါက ရမ်းသမ်းပြောတာ''

''သိသားပဲ၊ အဲဒါ ဘာလုပ်တာလဲ၊ မောင်တွေ သက်တွေ လုပ်လိုက်သေးတယ်၊ ဟား ဟား ဟား... တကယ်ရယ်ရတယ်''

ထည်ရယ်တော့ မျက်ရည်ကျလျက်နှင့် ဖျား လိုက်ရယ်သည်။

''နာသေးလား''

ပြောလိုက်မှ နာခေါင်းကနာတာကို သတိရကာ ဖျားက အောက်မေးဖျားလေး လှုပ်ရှဲ့သွားအောင် အံကြိတ်ပြသည်။

''နာတာပေါ့၊ ဟွန်း... သူ့ဟာလေး အထင်လွဲမှာစိုးလို့''

''မဟုတ်ဘူး၊ နင်ထည့်ပြောတဲ့ နောက်တစ်ယောက်ကြောင့်၊ အဲဒီပြဿနာ သေးသေးလေးမှတ်လို့လား''

''ညာမနေနဲ့၊ အသိသာကြီး''

ထည်က မငြင်းတော့ဘဲ ဖုန်းကောက်ပိတ်လိုက်ပြီး နေရာရွှေ့ထိုင်၏။

''ကဲ... ငါ စာကူးတော့မယ်၊ ပြီးရင် သေချာစီတင်ထားခဲ့မယ်၊ နင် အိပ်ချင်အိပ်လေ''

''မအိပ်ချင်ပါဘူး''

''ဆေးသောက်ထားတယ်ဆို''

သစ္စာမွန်စာပေ



''သောက်တိုင်း အိပ်စရာလား''

''သိပါတယ်၊ လူမမာနဲ့မှမတူတာ၊ နောက်ထပ် ရည်းစားနဲ့လျှောက်လည်လွန်လို့ဖျားရင် အဲဒီကောင်ကိုပဲ နှိပ်စက်ဖို့ စဉ်းစား''

စားပွဲမှာထိုင်ရင်း ထည်က စာအုပ်တွေလှန်သည်။

''ရည်းစားနဲ့လည်တာလို့ နင့်ကို ဘယ်သူပြောလဲ''

''နင်ပဲဝန်ခံတာလေ''

''ဟုတ်ပါလိမ့်မယ် အားကြီး၊ ငါတို့ ပဲခူးသွားကြတာ''

''ကြည့်စမ်း''

ထည် တအံ့တဩဖြစ်သွားတော့ ဖျားကပြုံး၍ အိပ်ရာထဲ ပြန်လှဲလိုက်သည်။

''မာမီ့ကို သွားမတိုင်နဲ့နော်၊ အဲဒီစာအုပ်တွေ ယူသွားဟာ၊ နင် ဒီမှာငုတ်တုတ်ထိုင်ကူးနေရင် ငါ အိပ်လို့ရမှာမဟုတ်ဘူး''

''မရရင် မအိပ်နဲ့၊ ခင်ဖျားစာအုပ်တွေကို ပြန်သယ်မသွားရဲဘူး၊ ဘယ်လိုဖြစ်နေလဲမသိဘူး၊ ကံကိုက ဆိုးနေတာ၊ ကိုယ့်လွယ်အိတ်ထဲ ညပ်ညပ်ပါလာလိုက်တဲ့စာတွေ၊ အဲဒါတွေပဲ ထိုင်ရှင်းနေရတယ်၊ ဒီတစ်ခါ စာတစ်စောင်လောက် မာမီ ထပ်မိသွားရင် သေပြီ''

သစ္စာမွန်စာပေ

www.burmeseclassic.com



ထည် စာထိုင်ကူးနေတာကိုကြည့်၍ နာနေဆဲ နှာခေါင်းဖျားလေးကို လက်ဖဝါးလေးနဲ့ဖိအုပ်ထားရင်း ဖျား အိပ်ပျော်သွားလေသည်။

* * *

## အခန်း ›› ၁၁ ‹‹

''ယူနဲ့ ဖျားက ဘာလဲဟင်''

ခပ်ရိုင်းရိုင်းပဲ မေးလိုက်ပြီးမှ…

''စိတ်မဆိုးနဲ့နော်၊ သွယ်ဝိုက်မေးနေလည်း ဒီမေးခွန်းပဲဖြစ်လာမှာဆိုတော့ တည့်တည့်ပဲ မေးလိုက်တာ''

ဟု ဆက်ပြော၏။

ထည်က လမ်းလျှောက်နေရာမှ ရပ်ပစ်လိုက်ပြီး ခင်ဝတီကို ကြည့်၏။

''ဖျားနဲ့ ကျွန်တော် သူငယ်ချင်းလေ၊ ငယ်သူငယ်ချင်း၊ အားလုံးသိကြတာပဲ၊ ဝတီက ဒီထက်ပိုသိချင်တာလား၊ ထပ်ပြီး ပွင့်ပွင့်လင်းလင်း မေးလို့ရပါတယ်''

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝတီက သူ့ကို အားနာပြုံးလေးနှင့် မော့ကြည့်သည်။

ယောကျ်ားလေးတော်တော်များများနှင့် ယှဉ်တိုင်း ပို၍ အရပ်မြင့်သူ။

ချောလိုက်တာဟုမပြောနိုင်ပေမယ့် ဘယ်အချိန်ကြည့်ကြည့် ရှင်းသန့်ကြည်စင်နေသည့်သူ။

ခန့်ညားထည်သည် ခေတ်ရှေ့ပြေးအောင် ဘယ်တော့မှ မဝတ်ပါ။ ရှပ်လက်ရှည်ဝတ်တိုင်း ကြယ်သီးစုံတပ်၍ ဝတ်၏။

များသောအားဖြင့် အပေါ်ဂျာကင်ကို ထပ်ဝတ်ထားတတ်သည်။

ဆံပင်တိုတိုခပ်ရှင်းရှင်းနှင့် သေသပ်စွာရှိသည့်တိုင် ခပ်တုံးတုံးပုံမျိုး ဖြစ်မနေပေ။

"ခန့်ညားထည်က ပုံတစ်မျိုးဟ၊ ဘယ်အချိန့်ထကြည့်ကြည့် အမောပြေတဲ့ရုပ်မျိုး၊ သူ ကိုယ့်ဘေးမှာရပ်နေရင် တစ်ကမ္ဘာလုံးကို ခါးထောက်ကြည့်ပစ်ချင်လာအောင် ကိုယ့်အတွက် ခွန်အားတွေဖြစ်စေနိုင်တာမျိုးပေါ့၊ ကင်းဆိုတဲ့ကောင်မျိုးတွေ ချောတာက သူ့ကိုမမှီဘူး၊ ခန့်ခန့်သန့်သန့်နဲ့ ငြိမ်ငြိမ်လေး ချောနေတာ"

ဝတီတို့ သူငယ်ချင်းအုပ်စု ခန့်ညားထည်ကို စိတ်ဝင်တစား ဝေဖန်ခဲ့ကြဖူးသည်။





အုပ်စုထဲမှာ ခန့်ညားထည်ကို ရှုံ့ချမယ့်သူတစ်ယောက်မှမပါ။

"ရည်းစားလုံးဝမရှိတာကိုက ဒီကောင်အမှတ်ပြည့်ရှိနေတာ"

"ဖူးကတစ်ယောက်နဲ့ ဘယ်လိုပတ်သက်မှန်းတော့ မသိဘူး"

"ဟုတ်တယ်၊ အဲဒီတပည်ယောက်နဲ့ သူငယ်ချင်းလို့ကြားတယ်၊ ဒါပေမယ့် တော်တော်ကိုလှတာဟ၊ ခန့်ညားထည် ဖောက်ပြန်နိုင်တယ်၊ အဲဒီသတင်းတော့ ငါ သိပ်မယုံချင်ဘူး၊ အခုရိုးတယ်ဆိုလည်း နောက်တော့ တစ်စုံတစ်ရာရှိလာဖို့ ရှိတယ်"

"ဖြစ်နိုင်တာလည်း ရှိပါသေးတယ်၊ သူတို့ချင်းက စရိုက်မတူဘူး၊ ဟိုတစ်ယောက်က အရမ်းရည်းစားများတယ်၊ ကျောင်းမှာ အရမ်းပေါ်လွင်တာ ကြည့်ပါလား"

"နင်က ကိုယ်နဲ့မနီးစပ်ဘဲနဲ့ သိလို့လား"

"သိတာပေါ့၊ ငါ့အစ်ကိုနဲ့ ငြိဖူးတဲ့ဥစ္စာ"

'ဦးဦးဖျား' ဆိုသည့်နာမည်က သတင်းမွှေးပေမယ့် အနံ့အသက် သိပ်မကောင်းပါ။

ဒါပေမယ့် သူမက အလှဘုရင်မ…

ခန့်ညားထည်ဆိုသော ယောကျ်ား၏မျက်လုံးထဲမှာ

www.burmeseclassic.com



ဦးဦးဖျားက ဘာမှမဟုတ်တဲ့မိန်းကလေးတစ်ယောက် ဖြစ်နိုင်မလား။

အမှတ်တမဲ့ အကြည့်ချင်းဆုံမိကြမှာ မျက်ဝန်းတွေကို ရုပ်သိမ်းဖို့ မေ့နေခဲ့ကြသည်။

ထည်က ဝတီ့မျက်ဝန်းတွေကို နားလည်သည့်အပြုံးနှင့် မျက်ဝန်းတို့ကို ရုပ်သိမ်းလိုက်၏။

"ကျွန်တော်တို့စကားဆက်ဖို့မရှိတော့ဘူးဆိုရင် သွားကြရအောင်"

ဝတီက ပြုံးလိုက်ပြီး

"မဆက်စေချင်တာလား၊ မာနကြီးတာလား"

"တစ်ခုမှမဟုတ်ပါဘူး၊ ဝတီက ငြိမ်နေလို့"

"ဒါဆို ယူပြောသလိုပဲ၊ ဝတီမေးမယ်ဆိုရင် ယူ ဘယ်လိုဖြေမလဲဟင်"

"ဘာလဲ… ထပ်မေးလေ"

"သူများတွေကတော့ ယူနဲ့ဖျားဆိုတဲ့ တစ်ယောက်ကို ပြောနေကြတယ်၊ ဒါပေမယ့် ယူပြောသလို မဟုတ်ဘူး"

"ဘာတဲ့လဲ"

"ခုမဟုတ်လည်း နောင်တစ်ချိန်ချိန်တဲ့"

ထည်က ပြုံးသည် ရယ်သည်မဟုတ်သော မျက်နှာနှင့် ဝတီ့ကို စူးစိုက်ကြည့်၏။





"တော်တော်ဆိုးတဲ့လူတွေပဲ၊ ကျွန်တော့်ရဲ့နောင်တစ်ချိန်ချိန်ကို ကျွန်တော်ကိုယ်တိုင်တောင် စိတ်မဝင်စားဘူး"

"ဩော်… ခန့်ညားထည်ရယ်၊ ယူကတော့ မာနခပ်ကြီးကြီးနေတာကိုး၊ ပေါ်လွင်တဲ့သူဆိုတာ ဒီလိုပဲ၊ အဆိုးအကောင်း ဝေဖန်ခံရတာပဲ"

"ကျွန်တော်က ပေါ်လွင်တယ်"

"ဟုတ်တယ်၊ အထူးသဖြင့် ဦးဦးဖျားနဲ့ ပတ်သက်လို့ပေါ့"

ဝတီက ပြောနေရင်းကနေ မျက်နှာလေးကို အလေးအနက်ဖြစ်အောင် သေချာတည်ပစ်လိုက်သည်။

ကင်န်တင်းဘက်ကိုငေးနေသည့် ထည့်မျက်ဝန်းတွေ သူမဆီပြန်ရောက်လာသည်အထိ စိတ်ရှည်သည်းခံ၍ စောင့်နေပြီးမှ

"ခုနေချိန်မှာ သူငယ်ချင်းဆိုတာတော့ ဝတီယုံတယ်၊ ယူလည်း ဒီပြင်ဆန်းဆန်းပြားပြားတွေ ရင်ထဲမှာ ဘာမှမရှိဘူးဆိုတော့ တွေးဖြစ်မှာမဟုတ်ဘူး၊ ဒါပေမယ့် တစ်ခုတော့ အကြံပေးချင်တယ် သိလား၊ ဦးဦးဖျားနဲ့ ရိုးသားကြတယ်ဆိုရင်လည်း နောက်ထပ် သူများသံသယဖြစ်ဖွယ်တွေရှိမလာအောင် ဒီထက်ပိုပြီးဆင်ခြင်သင့်တယ်"

"ဘာ… ဝတီ ဘာပြောတာလဲ၊ ကျွန်တော်နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ပိန်းသွားလား မသိဘူး၊ နားမလည်လိုက်ဘူး''

ဝတီက ထည့်ကိုပြုံးပြလိုက်ကာ...

''ဦးဦးဖျားက ရည်းစားများတယ်လေ၊ အဲဒါ...''

''ရည်းစားများတာမျိုးလည်း မဟုတ်ပါဘူး၊ သူငယ်ချင်းသာသာကွေပါ၊ ယောကျ်ားလေးသူငယ်ချင်းများတာမျိုးပေါ့''

ထည့်ကို စိုက်ကြည့်ပြီး ဝတီက ခပ်မှဲ့မှဲ့လေးပြုံးသည်။

''ယူကရိုးတော့ သူ့ကို ဒီလိုပဲမြင်မှာပေါ့၊ ဝတီက အဲဒါကို စိုးရိမ်တာ၊ ယူက အရမ်းသန့်စင်တယ်လေ၊ အဲဒါကို ဝတီ တန်ဖိုးထားတယ်၊ ညှိုးနွမ်းသွားမှာ စိုးရိမ်လို့ပါ''

ဝတီ့မျက်ဝန်းလေးကို စိုက်ခနဲကြည့်ပြီး ထည် မျက်နှာလွှဲပစ်မိသည်။ မိန်းကလေးတွေက ဒီလိုပဲလား။

ဖျားကတော့ မဟုတ်ဘူးလို့ ထင်သည်။

သူမပါးစပ်ကနေ မိန်းကလေးချင်းအပေါ် သူမနဲ့ မသက်ဆိုင်ဘဲ ကဲ့ရဲ့ဝေဖန်တာမျိုး သူ မကြားဘူးခဲ့ပေ။

ဝတီ့ကို နောက်ထပ်ပြန်ကြည့်မိသည့်မျက်ဝန်းများက မျက်မှောင်ကုတ်ထားမိသဖြင့် အနည်းငယ်ကျဉ်းမြောင်းသွားခဲ့၏။

တကယ်ဆို လူတစ်ယောက်ဟာ သူ့လွတ်လပ်ခွင့်နဲ့ သူ။ ကိုယ်နဲ့မဆိုင်တာ ဘာလို့စိတ်ဝင်စားမှာလဲ။





သူကိုယ်တိုင်လည်း ဖျားကို ရည်းစားများသည့် ခပ်ရှုပ်ရှုပ်မိန်းကလေးအဖြစ် ဘယ်တုန်းကမှ မမြင်ခဲ့ပေ။

ဖျားက ရှုပ်တာမဟုတ်၊ အနေအထိုင် မတတ်တာ။

ပြီးတော့ ရင်ခုန်ချင်တာမဟုတ်ဘဲ ပျော်ချင်တာ။

တစ်စုံတစ်ယောက်ဟာ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်။

ဖျားကို သူပြောဆိုမရ၍ စိတ်ပျက်မိခြင်းမှလွဲ၍ အထင်မြင်သေးသည့်စိတ်လည်း မမြင်ခဲ့ဘူး။

'ငါ့အေးမှာ ဖျားရှိနေရင် သူများတွေ ဘယ်လိုထင်မလဲ' ဘာညာဆိုတာမျိုးလည်း ဘယ်တုန်းကမှ မတွေးဖြစ်ခဲ့ပေ။

ဟိုတုန်းကလည်း သူငယ်ချင်း...

ခုလည်း သူငယ်ချင်း...

ဟိုတုန်းက မသင့်မြတ်ကြသလို ခုလည်း ရန်ဖြစ်နေကြတာပဲ ဖြစ်သည်။ ဒါပေမယ့် ဖျားကို သူ အထင်မြင်သေး စိတ်ကွက်ခဲ့တာ မရှိ။

ထို့အတူ ဖျားကို သူများဝေဖန်တာလည်း နားက လက်မခံချင်ဘဲ ရှိနေသည်။

သူ့မျက်နှာမှာ မလိုလားခြင်းတွေ ဖြစ်ပေါ်လာတာကို အကဲခတ်၍ ဝတီက သူမစကားမှားသွားပြီလို့ သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးနော်… ယူတို့က သူငယ်ချင်းဆိုတာကို ဂဝ မေ့သွားတယ်၊ ကဲပါ… ဒါတွေမပြောတော့ဘူး၊ ဝတီ မုန့်ဂေ ချင်တယ်၊ ယူ လိုက်စားပါလား"

ထည် ပြန်ပြောဖို့ ပါးစပ်ဟလိုက်ရုံပဲ ရှိသေးသည်။ ဖုန်းက ထမြည်၏။

"ဟဲလို"

"ခန့်ညားထည်"

"အမ်မာ… ခေါ်ပုံ"

ခန့်ညားထည် သုံးလုံးကို တစ်လုံးစီ မာမာထန်ထန်ကြီး ခေါ်လိုက်တာ နားထဲမှာ လေလုံးကြီးပစ်ဝင်သွားသည့်အတိုင်း။

"ခေါ်မှာပဲ၊ နင် အခုပြန်လာခဲ့"

"အမ်မာ"

နောက်ထပ် 'အမ်မာ' သံက အနည်းငယ်ပျော့ကျသွားသည်။

မိဖျား သူတို့ကိုမြင်နေပြီဆိုတာ တွေးမိလိုက်ပြီး မျက်လုံးက ဟိုရောက် ဒီရောက် ဖြစ်သွား၏။

ဝတီက တင်ပါးထိရှည်သော ဆံပင်တွေကို ဟိုဘက်ရော ဒီဘက်ရော ဝဲခါသွားအောင် ခေါင်းကိုတမင်ခါယမ်းပစ်လိုက်ပြီး ပြုံးသည်။

ထည့်မျက်နှာ လေသံအရ ဖုန်းဆက်နေတာ ဘယ်သူ





မှန်း သူမလည်း ရိပ်မိပုံပေါ်၏။

"ထည်… ငါပြောတာ ကြားလား၊ အဲဒီတစ်ယောက် အုပ်စုလိုက် ငါ့ကိုဖွဲ့ဖို့ကြိုးစားနေတာ ငါသိတယ်နော်၊ ငါ့ အတင်းတွေပြောနေတာ နင်က နားထောင်နေတယ်ပေါ့၊ အခု လာမလား၊ မလာဘူးလား"

မိဖျားဟု ကြိမ်းမောင်းသလို ခေါ်လိုက်မိတော့မလို ဖြစ်ပြီးမှ ဝတီကို သတိရကာ ပါးစပ်ပြန်ပိတ်လိုက်ရသည်။

ကြီးကြီးကျယ်ကျယ်… သူက ပြန်ခဲ့ဆိုတိုင်း ပြန်စရာ လား။

"ဘာတွေပြန်ထုဖို့ လက်နက်ရှာနေတာလဲ ထည်၊ နင်နဲ့ အဲဒီတစ်ယောက် ပူးကပ်ရယ်မောနေကြတဲ့ နှစ်ယောက် တည်း သီးသန့်ပုံ ငါ ရိုက်ယူထားပြီးပြီ၊ မယုံဘူးဆိုရင်နေ၊ ယုံမယ်ဆိုရင် အခု တစ်ကနေ ငါးအထိရေမယ်၊ နောက်ပြန် မဆုတ်ဘူးဆိုရင် ဓာတ်ပုံနဲ့တကွ စာလုံးမည်းကြီးနဲ့ သတင်း အတိအကျကို အန်ကယ်လ်လင်းနဲ့ အန်တီမေဆီ ရောက်သွား ပြီမှတ်"

ကြည့်စမ်း… မိဖျား အကျင့်မကောင်းတာ။

ဖုန်းကို နားကနေခွာပြီး ဟိုကြည့် ဒီကြည့် ရှာကြည့် သော်လည်း မြင်နေရသည့် ကျောင်းသားတွေထဲမှာ ဖျားကို ရော သူမနှင့်အုပ်စုကိုပါ မတွေ့။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးဖျား ဆက်တာလား၊ ဘာပြောလို့လဲဟင်"

ဒေါသနှင့် လှုပ်ရှားမှုတွေရှိနေမည်ဖြစ်သည့် ကိုယ့်မျက်နှာကို အနည်းငယ်ပြုပြင်ရင်း ပြုံးလိုက်ရသည်။

"ဟုတ်တယ်၊ အရေးကြီးလို့တဲ့၊ ကျွန်တော်သွားလိုက်ဦးမယ်၊ နောက်နေ့မှ စကားဆက်ပြောမယ်နော်"

"အဟွန်း… ရပါတယ်"

သစ်ပင်အောက်မှာ တစ်ယောက်တည်းရပ်ကျန်ခဲ့သည့် ဝတို့အတွက် စိတ်တော့မကောင်းပါ။

ထည် ဖုန်းကိုင်လျက်နှင့်ပဲ ဖျားတို့အတန်းရှေ့ထိ တောက်လျှောက်သွားခဲ့သည်။

"ထည်… ငါ ဒီမှာ"

အတန်းရှေ့ကိုမရောက်ခင် နောက်က ဖျားအသံကြားသဖြင့် လှည့်ကြည့်လိုက်မိ၏။

ဖျားက တစ်နေ့တစ်မျိုးလွယ်နေသည့် အဝါရောင်ကြိုးသိုင်းအိတ်လေးကိုမလွယ်ဘဲ ရင်ခွင်ထဲမှာ ဖက်ထားလျက် သူ့နားမှာ လာရပ်၏။

ပုလဲရောင်နုနုပေါ်မှာ လိမ္မော်ရောင် ဝိတ်စကုတ်ခါးကို လေးနှင့် အရောင်ပြောရခက်သည့်ဆံပင်တွေက နဖူးပေါ်ကနေ ခပ်ရှုပ်ရှုပ်ပြန်ကျနေ၏။

သို့သော် ဖျားမျက်နှာလေးပေါ်က နီသလိုလို၊ စိမ်း





သလိုလို ညို့နေသည့် မျက်ခုံးတန်းကလေးကို ဖုံးကွယ်မထားနိုင်။

မျက်တောင်ခတ်လိုက်တိုင်း နှုတ်ခမ်းသားလေးတွေ လှုပ်ခတ်ပါသွားသလို ဆွဲဆောင်နိုင်လွန်းသည့် မျက်ဝန်းလေးတွေလည်း လက်တောက်နေသည်သာ။

ဖျားမျက်နှာလေးက ရယ်နေ၊ မဲ့နေ၊ ပင်ပန်းစိတ်ရှုပ်နေလည်း အလှမပျက်။

သူမက ရှုတည်တည်ပုပ်ပွနေသည့် ထည့်မျက်နှာကို ရယ်နေသော မျက်ဝန်းများနှင့်စိုက်ကြည့်၏။

နှုတ်ခမ်းလေးတွေကတော့ ခပ်တည်တည်…

"ထည်… ငါ့ကို မြကျွန်းသာ လိုက်ပို့စမ်းပါ"

မျက်နှာထားကရော စကားသံရော ခုနက ဖုန်းထဲမှာ ခြိမ်းခြောက်ခဲ့သည့် အကြောင်းအရာများနှင့် သူမ လုံးဝမသက်ဆိုင်သလို။

လက်ထဲမှာ ဖုန်းကိုင်ထားတာလည်း မတွေ့။

"ဘယ်မှာလဲ ဖုန်း"

"ဘယ်မှာဖြစ်ဖြစ်ပေါ့"

ဖျားက မျက်နှာကို ချက်ချင်းတင်းပစ်လိုက်၏။

"ဘာလဲ… မယုံလို့လား"

"ယုံတယ်၊ နင်စိတ်ပုပ်တာ မယုံစရာ မရှိပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သေချာမြင်ချင်လို့"

"ကောင်းပြီ"

ဖျားက လွယ်အိတ်နှင့်ကပ်ဖိကိုင်ထားသည့် လက်တစ်ဖက်ကို ခြေတစ်လှမ်းဆုတ်ရပ်ပြီးမှ သူမြင်အောင်ပြ၏။

ဖျားလက်ထဲမှာ မိုဘိုင်းလ်ဖုန်းလေးနှင့် တကယ်ရှိနေသော ဓာတ်ပုံတစ်ပုံ။ ဘယ်ရှုထောင့်ကနေ ရိုက်ထားမှန်းမသိ။

ဓာတ်ပုံထဲမှာ ဝတ်ိမျက်နှာလေးက သူ့ရင်ခွင်ထဲ တိုက်ကျလုလု။

သူ့မျက်နှာ ငုံ့ကြည့်၍ ပြုံးနေပုံကလည်း အနည်းငယ်မျှပင် ရိုးသားဟန်မပါပေ။

ဒါဟာ သူပြုံးတာမဟုတ်ဘဲမြင်ကွင်းကြောင့် ပြောင်းလဲသွားတာ ဖြစ်၏။

တော်လိုက်တဲ့ ရိုက်ချက်...

ဒေါသတထောင်းထောင်းထသွားသည်။

ဒီပုံကြီးသာ မာမီတွေ့သွားလို့ကတော့...

"ကဲ... ပို့မှာလား၊ မပို့ဘူးလား"

"မိဖျား... နင် ငါ့ကို ခိုင်းချင်တာ ဒီပြင်နည်းနဲ့ခိုင်းလို့ရတာပဲ၊ တော်တော့်ကို အကျင့်မကောင်းပါလားဟင်"

"ဘယ်တုန်းက ခိုင်းလို့ရဖူးလဲ၊ ဟွန်း... ကျောင်းကနေ ဖျက်ပြီးလိုက်ပို့ဖို့များ ဘယ်တုန်းက စဉ်းစားဖူးလဲ"





"ကျောင်းကနေလစ်တိုင်း ငါက လိုက်ပေးရအောင် ငါက နင့်လို မိမနိုင် ဘမနိုင်မှမဟုတ်တာ"

"ဘာဖြစ်လဲ၊ အခု နင့်ကိုပါနိုင်ချင်လို့ နိုင်ကွက်ရှာတာလေ၊ ရှင်းပြီလား၊ ကဲ... ကြာတယ်၊ ပို့မှာလား၊ မပို့ဘူးလား၊ နင့်ဆုံးဖြတ်ချက်အတိုင်း ငါ အခု မိနစ်အနည်းငယ်တွင်းမှာ ဒီပုံပို့ပေးလိုက်လို့ရတယ်နော်၊ မြန်မြန်ဆုံးဖြတ်"

"မြကျွန်းသာ ဘာသွားလုပ်မှာလဲ"

"မာန်နဲ့ ချိန်းထားလို့"

ကြားရပြန်ပြီ နာမည်တစ်မျိုး။

ထည့်မျက်ခုံးနှစ်ဖက် တွန့်တက်သွား၏။

"ငါနဲ့ဘာမှမဖြစ်သေးပါဘူး၊ ရည်းစားထားတာတွေလည်း သိပ်ပျော်စရာမကောင်းတော့သလိုပဲ"

"ဟွန်း"

ထည်က မဲ့ရွဲ့ပစ်လိုက်ပြီး တစ်ဖက်လှည့်၍ ခါးထောက်ရပ်၏။

"ဒါပေမယ့် သူညီမ ရင်ရင့်မွေးနေ့လေ၊ ဒီနေ့ အဲဒီမှာ ချိန်းထားကြတာ၊ မွေးနေ့လက်ဆောင်တောင် ဝယ်ပြီးပြီ၊ သူ ဒီနေ့ ငါ့ကို အဖြေတောင်းမှာတော့ သေချာတယ်"

"တော်ပါတော့၊ ခင်ဗျားကိစ္စတွေကို၊ အဲဒီဖုန်း ငါ့ကိုပေး"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အံမယ်… မပေးနိုင်ပါဘူး"

"ငါလိုက်ပို့မယ်ဆိုရင် ပြီးရောမို့လား၊ ပေး ဖုန်း"

"မပေးနိုင်ဘူး၊ ငါ ဟိုရောက်မှ"

"ဖျား… နင်…"

"ဘာလဲ… နင် မညာဘူးမို့လား၊ နင်မလိမ်ရင် ငါလည်း မညာဘူး၊ လာ… သွားမယ်"

* * *

BURMESE CLASSIC .com

## အခန်း » ၁၂ «

ကားပေါ်မှာ စကားလည်းမပြောဖြစ်ကြ။

ထည့်မျက်နှာကြီး တင်းမာမှုန်ကုတ်နေတာကို မှန်ထဲကနေ လှမ်းကြည့်ပြီး ဖျား ပခုံးလေးတွန့်လိုက်၊ ပြုံးလိုက်နှင့် မျက်နှာလွှဲသွားတိုင်း….

ထည်က လှမ်းကြည့်သည်။

မှန်ထဲမှာ မျက်လုံးချင်းမဆုံကြပေမယ့် တစ်ယောက် တင်းနေတာ။

တစ်ယောက်က ပြုံးပြီးကျေနပ်နေတာ။

အပြန်အလှန် တစ်လှည့်စီကြည့်နေဖြစ်ကြပြီး ကားထဲမှာ တိတ်ဆိတ်နေလေသည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါကော့ မိဖျားလွန်ပြီ ထင်သည်။

တက္ကသိုလ်ရောက်ခဲ့ပြီးသည့် တောက်လျှောက်မှာ ရည်းစားထားခဲ့သမျှ ဘယ်သူက လိုက်သည်။ သူမ ဘယ်သူ့ကို အဖြေပေးခဲ့သည်။

"သူကချိန်းတယ် သိလား၊ ငါမသွားပါဘူး"

"ချိန်းတဲ့နေရာသွားမိရင် သူတို့အစီအစဉ်ထဲ ကိုယ်ပါသွားမှာပေါ့၊ ဒီလောက်တော့ ငါ နပ်တယ်"

"ရည်းစားထားပေမယ့် ဖျားတို့က စည်းကမ်းကြီးတယ် သိလား၊ ငါသွားချင်တဲ့နေရာလိုက်ပို့ဖို့ အချိန်မရွေးဖြစ်နေရမယ်၊ ငါခေါ်ရင် ချက်ချင်းရောက်လာ၊ ငါဘယ်လိုပြောပြော ဘယ်လိုနေနေ ငါ့ဆုံးဖြတ်ချက်အတိုင်း သူ အိုကေနေရမယ်၊ ငါ့သဘောနဲ့ သူ့ကိုယ်ဖြစ်ဖို့လိုတာ၊ သူ့သဘော ငါမလိုဘူး"

ဖျားက ရည်ရွယ်ချက်ကြီးမားစွာ ရည်းစားထား၏။

သူမ ဒါတွေပြောပြောပြတတ်တာ တကယ်ဟုတ်မဟုတ်တော့ မသိ။

ဘယ်ရည်းစားနဲ့မှ သက်တမ်းရှင်သည် မရှိ။

"ငါ့စိတ် ငါ့သဘောဖြစ်ခွင့်မရရင် သွားပေါ့၊ ရည်းစားထားတဲ့ ငါ့ရည်ရွယ်ချက်က သူတို့လိုမဟုတ်ဘူး၊ သူတို့က ရင်ခုန်ချင်တာ၊ ငါလိုချင်တာက အဖော်"





ဘယ်လိုအဖော်လဲ။

အဖော်ဆိုတာ ဖျား ဘယ်လိုနားလည်ထားသလဲ။

သူမ ဘာတွေလုပ်ချင်နေသည့်ကို ကိုယ်တိုင်လည်း ခွဲခြားနေပုံမရဘဲ ဖျားတို့ ထင်တိုင်းလိမ့်နေတာ နောက်ဆုံးနှစ်ပဲ ကုန်တော့မည်။

ထိုရည်းစားထားခဲ့ခြင်းတွေထဲမှာ ထည့်ကိုဆွဲထည့်ခဲ့ဖူးတာ ဒါ ပထမဆုံးပဲဖြစ်သည်။

စကားစပ်မိတိုင်း သူမကသာ ဘယ်ကောင်က ဘယ်လို... ဘယ်နေ့မှချစ်သည်။

ဘယ်နေ့က ပြတ်စဲသည်။

သူ့ကိုလာလာပြောတတ်ပေမယ့် သူက မေးမြန်းခဲ့ဖူးတာမရှိ။

မမေးဘဲလည်း ဖျားက ပြောပြနေတတ်တာမို့ ရည်းစားထားတိုင်း ထည်သိနေရသည်။

ချိန်းထားလို့ လိုက်ပို့ပါဆိုတာ ဒါ ပထမဆုံး။

တွေးနေရင်း ဘယ်လိုစိတ်ကူးတွေဝင်လာမှန်းမသိဘဲ ဒေါသများနှင့် ကားက ဝိုရှ်မြန်လာ၏။

ခါတိုင်းလည်း ဖျားအနိုင်ကျင့်တာ ခံရဖူးသည်။

သူက ဖျားလို လူကြီးတွေယုံကြည်လာအောင် မစည်းရုံးတတ်တော့ သူပဲ အလားတူအဖြစ်များအတိုင်း အရှုံးပေးခဲ့ရ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တာ ဖြစ်သည်။

ဒါပေမယ့် ဒီနေ့အဖြစ်လိုမျိုး သူ ဒေါသတနံ့နံ့ ဖြစ်ကျန်ခဲ့တာမရှိ။

မကျေနပ်လည်း စကားများရင်း ရန်ဖြစ်ရင်း ပြီးသွားခဲ့တာပဲ။

ခုကျတော့ ဖျားကို သူ ပခုံးကနေ ဆွဲဆောင့်လွှင့်ပစ်လိုက်ချင်သည်။

ရည်းစားနဲ့ချိန်းထားတာကို လိုက်ပို့ရတဲ့အထိ သူ ပေါ်ကြီးဖြစ်သွားရခြင်းအား တွေးနေရင်း မကျေနပ်ရင်း...

မကျေနပ်ခြင်းတို့သည် ဒေါသအစိုင်အခဲများဖြစ်ကာ 'မြကျွန်းသာ' ရှေ့သို့မရောက်သေးဘဲ ကားလေးက ကန်ဘောင်ဘေးမှာ ထိုးရပ်သွား၏။

''ဆင်းတော့''

လှည့်မကြည့်ဘဲ ထည်က ပြောသည်။

စတီယာရင်ကိုဆုပ်ကိုင်ထားသောလက်တို့က ကျစ်ခဲနေကြ၏။

ဖျားက အတော်ကြီး လျှောက်ရဦးမှာဖြစ်သည့် 'မြကျွန်းသာ' ဆီ လည်ပင်းလေးရှည်ကြည့်လိုက်ပြီးမှ ထည့်ကို နားမလည်စွာ ပြန်ကြည့်၏။

''ရောက်ခါနီးပြီ ဥစ္စာ၊ ဘာဖြစ်တာလဲ''





''ဟုတ်တယ်၊ ရှေ့ကို တစ်လက်မမှ တိုးမပေးနိုင်ဘူး၊ ဆင်းတော့''

''ဒီပုံ ငါက မပေးဘူးဆိုရင်ရော''

''မပေးနဲ့တော့၊ ခင်ဗျားကြိုက်သလို ဆောင်ရွက်လို့ရပြီ၊ ပို့မပေးနိုင်ဘူး''

ထည်က လုံးဝလှည့်မကြည့်။

ဆုံးဖြတ်ချက် ခိုင်မာနေပုံက ခတ်ပုံကိုပင် ဂရုမစိုက်တော့ချေ။

အံ့သြဖွယ် ဖြစ်နေသည်။

ဖျားက ထည့်မျက်နှာကို သေချာငုံ့ကြည့်၍ အကြာကြီး ထိုင်နေ၏။

ထည်ကလည်း စတီယာရင်ကို ဖိအုပ်ထားကာ တုတ်တုတ်မှမလှုပ်။

တိတ်ဆိတ်ခြင်းကို နှစ်ယောက်လုံး ကြာရှည်စွာ လက်ခံခဲ့ကြပြီးမှ ဖျားက တံခါးလှည့်ဖွင့်သည်။

တစ်ဖက်ကဆင်းပြီး တံခါးကို ဆောင့်ပိတ်လိုက်တော့ ကားလေး သုံးလေးချက် ခုန်ပေါက်သွား၏။

ဒေါသမဟုတ်ဘဲ နားမလည်တာတွေ၊ မကျေနပ်တာတွေ ရစ်ပွဲလျက် တမင်ဆောင့်အောင့်လျှောက်ပြချင်သော်လည်း ခြေလှမ်းတို့က အင်အားမပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ ရစ်ကျန်ခဲ့သည့်ကားဆီမှ တုတ်တုတ်မှမလှုပ်သံကို နားစွင့်ရင်း ဖျားခြေလှမ်းတွေ ပို၍တုံ့နှေးလာသည်။

တကယ်ဆို သူမဆင်းပြီးတာနှင့် ထည် ဝေါခနဲ မောင်းထွက်သွားမည်ဟု ထင်ထားခဲ့တာ။

ရှေ့ကိုသွားနေရင်း နောက်ပြန်ဆွဲနေသောစိတ်နှင့် ဟန်မဆောင်တတ်သော အကျင့်များကြောင့် ဖျား ချာခနဲ နောက်လှည့်ကြည့်မိ၏။

ထည်က ကားထဲမှာ ငြိမ်သက်နေဆဲ...

သူမလှည့်လိုက်တာမြင်မှ ကားက သိမ့်ခနဲ လှုပ်တာတွေ့၏။

ဖျား ချက်ခြင်းပြန်လှည့်ခဲ့၏။

သူမ ပြန်လာတာ မြင်၍ထင်သည်။ ကားက အနည်းငယ် ရွှေ့ပြီး ထွက်မသွားသေး။

ဖျား ခပ်သုတ်သုတ်ပြန်လျှောက်ရင်း ကားထဲ ပြန်ဝင်လိုက်၏။

"ဘာဖြစ်တာလဲ"

ထည်က လှည့်မကြည့်ဘဲ မေးသည်။

"မသွားချင်တော့ဘူး"

နှစ်ယောက်သား မှန်ထဲမှ မျက်လုံးချင်းဆုံမိကြ၏။

ဘာမှန်းလည်းမသိဘဲ ချက်ခြင်းပြန်မလွှဲဖြစ်ကြဘဲ





ကြည့်နေမိခဲ့၏။

ထည်က ကားကို နောက်ပြန်လှည့်နေရင်း

"ဘာပဲဖြစ်ဖြစ် အတန်းကတော့ လစ်ရတော့မှာ"

ပြောပြီး ဖျားကို လှည့်ကြည့်သည်။

ဖျားမျက်နှာလေး ချက်ခြင်းပဲ ပြုံးကြည့်သွားပြီး

"ထည်... ငါတို့ တိရစ္ဆာန်ရုံသွားမယ်လေ၊ ၁၀၁ နှစ်မြောက် အထိမ်းအမှတ်ရှိတယ်၊ စတိတ်ရှိုး သွားကြည့်ရအောင်"

"မကြည့်ချင်ဘူး"

"နင်မကြည့်ချင်တာ သိတယ်လေ၊ ငါ့ကို လိုက်ပို့ခိုင်းတာ"

"မပို့နိုင်ပါဘူး၊ ဘာလဲ... ခိုင်းဖို့လိုအပ်လာပြီလား၊ နောက်ပြန်လှည့်ဖို့ အချိန်ရှိသေးတယ်"

"နောက်ပြန်မလှည့်နဲ့၊ ဒီမှာပဲချနဲ့၊ ရပ်... ရပ်... ခုရပ်"

ဖျားက တံခါးဘက် ပြန်တိုးသည်။

ကားက ပို၍မြန်သွားပြီး တိရစ္ဆာန်ဥယျာဉ်သို့...

"ငြိမ်ငြိမ်ထိုင်နေ၊ ပို့ပေးမယ် ခင်ဗျားအပေါင်းအသင်းတွေဆီ"

ထည်က ပြုံး၍ ဖျားကိုလှမ်းကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖျားက မေးဖျားလေး ဆတ်ခနဲပင့်တက်သွားအောင် မျက်စောင်းထိုးသည်။

ထည် သွားတွေပေါ်အောင် ရယ်မိ၏။

အဆုံးသတ်တိုင်းမှာ သူဒေါသဖြစ်သမျှ ပြေပျက်သွားစေခဲ့သည်။

ဖျားထံမှ ဤသို့သော အပြုအမူလေးတွေပဲ ဖြစ်သည်။ ဘယ်လိုနေနေ၊ ဘယ်လိုပဲမဲ့ရွဲ့ရွဲ့ဖြစ်ပစေ။

လှနေဆဲဟာ အလွန်ချစ်စရာကောင်းသော ဦးဦးဖျားတစ်ယောက်ပဲ ရှိလေသည်။

* * *

## အခန်း ⏩ ၁၃ ⏪

မာမီ့စကားကြောင့် စာရေးနေဆဲလက်ထဲက ဘောလ်ပင်နှံတောင် လွတ်ကျသွားခဲ့သည်။

"ဘာ… မာမီ"

ကုလားထိုင်ရော လူရော မာမီ့ဘက်လှည့်လိုက်ပြီးသား ဖြစ်သွား၏။

ဒေါ်ကေမီကတော့ သူမပြောလိုက်လျှင် ဖျားဆီက ဒီလိုအမူအရာ၊ ဒီလိုဖြစ်သွားမှာတွေကို ကြိုတင်ခန့်မှန်းထားခဲ့ပြီးသလို့ မျက်နှာမှာ ဘာမှမပြောင်းအလဲမရှိ။

ချော့မော့ဖျောင်းဖျဖို့ ပျော့ပျောင်းနေတာလည်း မရှိ။ ခြိမ်းခြောက်ပုံလည်းမရဘဲ…

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းပြီးတော့မယ်လေ၊ ခုပဲ ဗိုင်နယ်ဖြေနေရပြီ၊ ပညာစုံမှတော့ ကြင်ယာစုံဖို့ စီစဉ်တာ ဘာဆန်းနေလို့လဲ"

"ဆန်းတာပေါ့ မာမီရယ်၊ ဘွဲ့လေး ဘာလေးရမှ စီစဉ်ပါလား၊ ကျောင်းပြီးတာနဲ့ပဲ ယောက်ျားယူရမယ်လို့"

ဖျားမျက်နှာ မီးဖိုထဲပစ်ထည့်လိုက်သော အမဲခြောက်တစ်စလို ရှုံ့တွ တွန့်လိမ်နေလျက်။

"ဒီလိုမှန်းသိရင် တစ်နှစ်ပြီးတစ်နှစ် အောင်အောင် မဖြေဘဲနေပါတယ်၊ တကယ်ပဲ"

"ဖျားလေး"

ဒေါ်ကေမီက ဖျားအိပ်ရာဘေးမှာ ဖျတ်ခနဲ ထိုင်ချလိုက်ပြီး ခါးကိုဆန့်ထား၏။

"မိဘကို ဒီလိုကလန်ကဆန်ပြောရဲတာ ကောင်းတယ်မှတ်နေလားဟင်၊ ညည်းကို ကျောင်းတက်နေသမျှ ကာလပတ်လုံး ထင်သလိုနေခွင့်ပေးထားခဲ့တာ တော်ပြီပေါ့၊ ကျောင်းမှာ ရည်းစားထားနေတာတွေ၊ အတန်းလစ်ပြီးလျှောက်လည်တိုင်း ရင်မောနေခဲ့ရတာတွေ။ အားလုံးကို ညည်း ကြိုးစားနေတာပဲဆိုပြီး မျိုသိပ်ဟန်ဆောင်နေရတာ"

"ဟင်"

ဖျားမျက်ဝန်းလေးတွေ ဝိုင်းသွား၏။

"သမီး တစ်နှစ်ပြီးတစ်နှစ် အမှတ်ကောင်းနဲ့တက်နေ





နိုင်တာပဲတဲ့ ညည်းဒယ်ဒီက၊ သူ့ကိုယ်သူ ထိန်းနိုင်ရင်ပြီးတာပဲဆိုလို့ မျက်ခြည်မပြတ် စောင့်ကြည့်ရင်း ပါးစပ်ကိုပိတ်နေခဲ့ရတာ၊ အခုလာပြီ၊ ကျောင်းပြီးသွားတော့လည်း ပျင်းလို့ဆိုတာ၊ သူများတွေလို မိဘလုပ်ငန်းမှာ ဝင်ခိုင်းရအောင်က ဖအေလုပ်သူက ကားလုပ်ငန်းနဲ့၊ လုပ်လို့ရတဲ့အလုပ်ဆိုလည်း လည်ဖို့ ပတ်ဖို့လောက် ညည်း စိတ်ဝင်စားမှာမဟုတ်ပါဘူး"

မာမီစိတ်တိုနေပြီဆို ညည်းတွေ၊ ငါတွေ ပါလာပြီ။

"ဒါဆို ဒယ်ဒီ့ကို ဖျား ဝိုင်းကူမယ်လေ၊ ယောက်ျား မယူချင်ဘူး"

ဖျား အားတက်သရောပြောပေမယ့် မအောင်မြင်။

"မလိုဘူး၊ ကားလုပ်ငန်းက မိန်းကလေးနဲ့လည်း မဆိုင်ဘူး"

"ဆိုင်ပါတယ်၊ ဖျား စာရေးမ လုပ်မှာပေါ့"

"ဩော်... ဩော်... ကြီးမားလိုက်တဲ့ရည်ရွယ်ချက်ကြီးပါလား၊ ဂိတ်ထဲမှာ တစ်နေကုန် ညည်းသွားနေမှာကို မာမီက ခွင့်ပြုထားရမယ်ပေါ့"

"မာမီကလည်း... ဒယ်ဒီ့ကိုကူမှာပဲဟာ၊ ဖျား ယောက်ျားမလိုချင်ဘူး"

"သေချာကိုစီစဉ်ပြီးမှ ပြောနေတာ"

"ဘယ်သူနဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



''ထည်နဲ့ပေးစားမှာ''

မျက်နှာမှာ ဖျင်းခနဲ့နွေးသွားကာ 'တစ်နေ့ ထည်နဲ့ပဲ လက်ထပ်ပေးကြမှာ' ဟု သေချာပေါက် ဟောကိန်းထုတ်ခဲ့သော လုလေးတို့မျက်နှာကို ကွက်ခနဲ မြင်သည်။

ဖျား ဆံပင်တွေကို လက်နှစ်ဖက်နှင့်ထိုးသိမ်းပြီးမှ ပြန်ဆွဲဖွ၏။

နေရာမှထရပ်လိုက်ပြီး ဒေါ်ကေမှီဘက်လှည့်၏။

စားပွဲကို ပက်ကျိတစ်ကောင်လို နောက်ပြန်ကပ်မှီနေလိုက်ပြီး

''သူငယ်ချင်းတွေ ဒီတိုင်းပြောကြတုန်းက ဘယ်တော့မှ မဖြစ်စေရဘူးဆိုပြီး ဖျားက လက်မထောင်ခဲ့တာ၊ ဒါ လမ်းကြောင်းဟောင်းကြီးပါ မာမီရာ၊ လူကြီးချင်းခင်ကြ၊ သားနဲ့သမီးကို ပေးစား၊ ဒါပဲ၊ လူငယ်တွေရင်ထဲမှာ ဘယ်လိုခံစားနေကြမှန်းမသိ၊ ဂရုမစိုက်ဘဲ နောက်ဆို အိုးနင်းခွက်နင်းတွေ ဖြစ်ကုန်ရော''

''ဟွန်း… ညည်းက အစီအစဉ်တွေကို တစ်ခါတည်းကြည့်နေတာလား ဖျားလေး၊ မရဘူး၊ အိုးနင်းခွက်နင်းဖြစ်လို့ မရအောင် မာမီက အားလုံးစီစဉ်ထားတာ၊ ခုကနေစပြီး စာမေးပွဲဖြေနေတဲ့ရက်ပိုင်းမှာ ဒရိုင်ဘာနဲ့ ကျောင်းသွားရမယ်၊ ထည့်ကိုဆို ညည်း ဂရုစိုက်တာမဟုတ်ဘူး၊ ရည်းစားတွေရှိလို့





တစ်ယောက်ယောက်နဲ့လိုက်ပြေးဖို့ စိတ်မကူးနဲ့နော်၊ ဂရုမစိုက်လို့ မာမီက ကြည့်လိုက်တာ၊ အိမ်က လက်ထပ်ပေးမယ်ဆိုလို့ လင်နောက်လိုက်ပြေးတဲ့အထိ မာမို့သမီး မိုက်ရိုင်းမှာမဟုတ်ဘူးလို့ မာမီတွက်တယ်၊ မိဘမျက်နှာကို တံတွေးနဲ့ မထွေးနဲ့၊ ကိုယ့်ဘဝကို သံချေးမတက်စေနဲ့၊ ဒါပဲ''

ဒေါ်ကေမီ နေရာမှထရပ်လိုက်သည်။

''နေပါဦး မာမီ၊ ထည်နဲ့ဖျားက သူငယ်ချင်းလိုပဲ ခင်မင်ကြတာ''

''တော်ပြီ၊ မာမီ တစ်ခုထပ်ပြောမယ်၊ ထည်နဲ့ကို သမီး စဉ်းစားပေါ့၊ ခေါင်းထဲမှာ ထည့်ပြီးစဉ်းစားရမှာက ကျောင်းပြီးရင် လက်ထပ်ရမယ်၊ ကျောင်းမှာထားခဲ့တဲ့ ရည်းစားတွေကို မေ့ပစ်လိုက်''

ရည်းစားတွေ… တဲ့။

ဖျား ရည်းစားထားတာတွေ မာမီတို့သိနေသည် ဆိုပါလား။

ကိုယ့်ကိုယ်ကိုတော့ ဟုတ်လှပြီထင်နေခဲ့သည်။

ဒါတောင် မာမီတို့က လုံးဝမသိသလို နေခဲ့သေးသည်။

သူမအပေါ် ယုံကြည်မှုတွေဖြစ်နေ၍လား။

ဒါမှမဟုတ် ပိုင်ကွက်ရှိနေ၍လား။

ဒီအကြောင်းတွေကို ထည်က အစစ အရာရာ သတင်း



www.burmeseclassic.com

www.burmeseclassic.com



ပို့ အစီရင်ခံနေလို့လား။

ဖြစ်နိုင်ချေအရှိဆုံးလူက ထည်ပဲဖြစ်နေ၏။

ကျောင်းသွား ကျောင်းပြန် ထည်နဲ့သူမ ရှိသည်။ ထည် စကားနည်းတာ၊ သူမသဘောကျဖြစ်စေခဲ့တာအားလုံးကိုယုံ၍ ထည့်ကိုတော့ သူမလုပ်သမျှ သွားသမျှ အကုန်ပြောပြခဲ့သည်။

မာမီတို့ကို သိစေနိုင်တာ ထည့်ပါးစပ်တစ်ခုတည်းသာ ရှိသည်။

ကြည့်စမ်း...

တစ်ချိန်လုံး သင်းက ကိုယ့်ကို လှောင်ရယ်ရယ်နေခဲ့တာပဲ။

ကိုယ်ကတော့ ငယ်ပေါင်းကြီးဖော်လို့။

မိန်းကလေးသူငယ်ချင်းရင်းလို...

ခင်မင်ခဲ့၊ ပြောပြခဲ့၊ သူမရင်ထဲမှာရှိသမျှ အားလုံး ထည့်ဆီမှာ...

"တောက်"

မာမီထွက်သွားသည်နှင့် ဖျား အပြင်ထွက်လာခဲ့မိ၏။



## အခန်း ⏩ ၁၄ ⏪

ခြံထဲက အပြင်ကိုထွက်လိုက်သည်နှင့် တစ်ဖက်ခြံထဲက ထွက်လာသည့် ထည်ကလည်း အပြင်ရောက်လာပြီဖြစ်၏။

ထည့်ကို လှမ်းမြင်လိုက်သည်နှင့် ဖျားခြေလှမ်းတွေ ပိုမြန်သွားသည်။

ကိုယ့်ကိုကျတော့ သူတော်ကောင်းကြီးလုပ်နေပြီး သူက ဒီဘက်မှာ သတင်းတွေ အကုန်ပို့။

"မိဖျား"

မျက်နှာချင်းဆိုင်မိကြသည်နှင့် ဖျား ဘာမှမဟရသေးဘဲ ခုန်ပေါက်ပြေးဆောင့်လာသည်က ထည့်အသံ။

www.burmeseclassic.com



"နင် ဟိုတစ်ခါကကိစ္စကို ဖော်ကောင်လုပ်ပစ်လိုက်တယ်ပေါ့၊ ဟုတ်လား၊ ဘာလဲ… ငါ ဟိုထိလိုက်မဖို့လို့ ညစ်တာလား၊ အဲဒီလိုလုပ်ဖို့ စိတ်ကူးရှိရင်လည်း ကြေညာထားခဲ့ဖို့ကောင်းတယ်၊ အခု နင်လုပ်ချလိုက်တာ…"

"နေဦး"

ဖျား လက်သီးနှစ်ဖက်ဆုပ်ထားရင်း ခါးလေးပါကုန်းသွားအောင် အော်ပစ်လိုက်သည်။

"နင့်ကို ငါက ရန်တွေ့ဖို့လာတာ၊ နင်က ဦးနေပါလား၊ ဒီမှာ… ဦးဦးဖျားတို့က စကားလုံးတိုင်း တန်ဖိုးကြီးကြီး ထွက်ချင်မှထွက်မယ်၊ ဒါပေမယ့် ပြောပြီးတဲ့စကားတစ်ခွန်းကို ဘယ်တော့မှမဖျက်ဘူး၊ ကိုယ်နဲ့မဆိုင်ဘူးဆိုရင် နောက်မှာကမ္ဘာပြိုနေတာတောင် လှည့်မကြည့်ဘူး၊ အဲဒါမှတ်ထား"

ထည်က ပြောမည့်စကားတွေကို ဖိသိပ်မျိုချထားရသလို နှုတ်ခမ်းတွေကို တင်းတင်းစေ့ စိုက်ကြည့်နေသည်။

"နင်သာ ငါ့ကို ချွန်တွန်းလုပ်လိုက်တာ၊ ငါ့နားမှာနေပြီး ရသမျှသတင်းအကုန်နှိုက်ထုတ်၊ ပြီးတော့ မာမီတို့ကို လုံးစေ့ပတ်စေ့တိုင်၊ ကြည့်တော့ဖြင့် လူသူလေးစားလောက်တဲ့ ရုပ်တည်ကြီးနဲ့"

"ဘာလဲ… ဘယ်သူက လုံးစေ့ပတ်စေ့တိုင်တာလဲ၊ ဝါသနာမပါဘူး၊ စကားကို ကြည့်ပြောနော်"





"နင့်ကို ကြည့်ပြောနေတာပဲ၊ လူညစ်… လူလိမ်"

"မိဖျား"

"ဖယ်… လွှတ်၊ ငါ ပါးရိုက်ပစ်လိုက်မှာနော်"

"ရိုက်ကြည့်လိုက်ပါလား"

ဖျား တကယ်ရိုက်ချလိုက်ဖို့ လက်ကိုလှုပ်တာ ဘယ်လိုမှ မြှောက်လို့မရ။

"ငါ့ကို မာမီက ဆူလိုက်တာ ရစ်ရာမရှိဘူး၊ ဝတီနဲ့တွဲတာ သွားတာ အားလုံးပဲ၊ ခင်တာပါလို့ပြောတာ နှစ်ယောက်အတူ ဓာတ်ပုံတွဲရိုက်တဲ့အထိ ဖြစ်ခဲ့ကြတာ သူငယ်ချင်းလားတဲ့၊ ကဲ…"

ဖျား ထုနှက်ရန်းဖယ်နေတာတွေပင် ရပ်တန့်သွား၏။

ဒီပုံကိစ္စက ထည်နဲ့ သူပဲ သိသည့်ကိစ္စ။

ပြီးတော့ ဖုန်းပိုင်ရှင် ခင်ဝေကျော်…

ဖျားမပြောခဲ့ဘူးဆိုရင် ခင်ဝေကျော်လား။ ဒါလည်း မဖြစ်နိုင်ပါ။

"ဘယ်နှယ့်လဲ၊ ငြင်းလေ… အဲဒီကိစ္စ နင့်အပြင် ဘယ်သူသိသေးလဲ၊ အကြောင်းပြချက်နဲ့ငြင်းဖို့ စဉ်းစားပါဦး"

"ဖယ်"

ဖျားက ထည့်လက်တွေကို ဆောင့်ခါပစ်လိုက်ပြီး မျက်လုံးချင်းဆုံကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း နင့်လိုပဲဖြစ်နေတာ၊ ဒီကိစ္စတွေမှာ နင်နဲ့ငါ မဟုတ်ဘူးဆိုရင် လူကြီးတွေရဲ့ ဓာစပ်မှုပဲ"

"ဖျား… နင် အဲလိုလျှော်မချနဲ့နော်၊ မာတ်ပုံရိုက်တဲ့ အထိသိနေတာ နင်…"

"တော်တော့"

ဖျားက အော်ပစ်၏။

"ဒီလိုဆို ငါစွပ်စွဲမှာတွေကို နင် ဘယ်လိုငြင်းမှာလဲ၊ ငါရည်းစားထားသမျှ မာမီတို့သိနေတာ၊ အဲဒါ…"

"ငါ လုံးဝမပြောဘူး"

"မယုံဘူး၊ ငါ့အကြောင်း နင်ပဲသိတာ"

"နင်ထင်ရာတွေ လျှောက်သွား၊ တွဲခုတ်နေတာ လူကြီးတွေ မြင်ချင်မြင်မှာပေါ့၊ ငါ့ကိစ္စက ဘယ်သူမှမြင်စရာမရှိဘဲ သိကုန်ကြတာ"

"အံမာ… သူ့ကျတော့ အခိုင်အမာ၊ ယောကျ်ားတန်မဲ့ စကားတတ်နေလိုက်တာ၊ တိုးလို့မပေါက်ဘူး"

"မိဖျား… နင် ငါ့မာနကို မထိခိုက်နဲ့နော်"

"ထိခိုက်တော့ ဘာဖြစ်လဲ၊ နင် ဒီတစ်ခါ ငါ့အသား ကို လာထိကြည့်၊ လေးငါးရက် ထမင်းမစားနိုင်အောင် အဲဒီပါး ဘာဖြစ်သွားမလဲ သိသွားမယ်"

"မိုက်ရိုင်းလိုက်တာ ကြည့်စမ်း"





ထည် တက်တစ်ချက်ခေါက်ကာ ဖျားလက်ကောက်ဝတ် နှစ်ဖက်ကို စုချုပ်ပစ်လိုက်သည်။

"ကဲ… ရိုက်စမ်း၊ ရိုက်ကြည့်လိုက်စမ်း"

"လူညစ်… ဖယ်… လွှတ်"

ဖျား အတင်းပြန်ရုန်း၏။ လက်တစ်ဖက်လွတ်ထွက် သွားသည်။

အင်နှင့် အားနှင့် ရိပ်ခနဲ မြောက်တက်သွားစဉ်…

"ဖျားလေး… ရပ်စမ်း"

တုံ့ခနဲဖြစ်သွားသောလက်ကို အပြေးအလွှား ဆွဲထား လိုက်ပြီး

"ညည်းကိုယ်ညည်း ကလေးလေး မှတ်နေသလား ဟင်၊ လမ်းပေါ်ထွက်ပြီး ယောကျ်ားလေးနဲ့ ရန်ဖြစ်ရသလား"

"သား… ထည်လေးကိုလွှတ်လိုက်၊ သမီးလက်ကို လွှတ်လိုက်စမ်း"

ဒေါ်ဝေကျော့်လည်း ထည့်လက်ကို နောက်ကနေ ပြေး ဆွဲသည်။ အနားမှာ အဖေတွေမရှိကြပါ။

အမေနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မကြည့် အားကြ။ ကိုယ့်သားကိုယ်ဆွဲ၊ သူ့သမီး သူဆွဲနှင့် မောလည်း မော၊ ဒေါသတွေလည်း ဖြစ်။

"ဘယ်လိုဖြစ်ကြတာလဲ အဲဒါ၊ ဟင်… ဖျားလေး



www.burmeseclassic.com

www.burmeseclassic.com



မာမီ့ကိုပြောစမ်း''

''သူက ဖျားကို အတင်းကြီးစွပ်စွဲနေတာ''

''ဘာစွပ်စွဲတာလဲ၊ ငါစွပ်စွဲတာဆို မဟုတ်ရင် နင်ရှင်းပေါ့၊ လူကို လူလိမ်လို့ပြောတာ ဘယ်ပါးစပ်ကလဲ''

''ငါလေ… ငါပြောတာ ဘာဖြစ်လဲ၊ နင် မာမီ့ကို မဟုတ်တာတွေလျှောက်ပြောပြီး ချွန်တွန်းလို့ ပြောတာ''

''နင့်ကြောင့် ငါလည်း အဆူခံရတာပဲ၊ နင်က ညစ်တာ''

''ကြည့်စမ်း… သား ထည်လေး၊ မာမီတို့ကို ရှေ့ထားပြီး ဆက်ဖြစ်နေကြတာ၊ ရှက်ဖို့ကောင်းလိုက်တာ၊ မင်းယောကျ်ားမဟုတ်ဘူးလား၊ မိန်းကလေးနဲ့ တုပြိုင်ပြောနိုင်နေတာ မရှက်ဘူးလားဟင်၊ ဒါ ဂုဏ်ယူစရာမှတ်နေသလား''

''ဂုဏ်ယူလို့မဟုတ်ဘူး မာမီ၊ သူ ကျွန်တော့်ကို တစ်ချိန်လုံးလှည့်ပတ်လိမ်နေခဲ့တာ''

''ဘာ''

ဖျား ဇွေ့ဇွေ့ခုန်သွားသည်။

ဒေါ်ကေမီက သမီးဖြစ်သူလက်မောင်းကို အတင်းအကျပ် ဖိဆွဲထား၍

''ဒါကြောင့် ဒီမှာ လာရန်ဖြစ်နေကြတာပေါ့၊ ဟုတ်လား''

သစ္စာမွန်စာပေ



အကြောင်းရင်းမှန်ကို လူကြီးတွေ ခုမှသိကြရသည်။

ဒေါ်ကေမီက ဖျားနဲ့ထည့်ကြားမှာ ဝင်ရပ်လိုက်ပြီးမှ

''ဒါတွေ ဘယ်သူချွန်တွန်းလုပ်တာမှ မဟုတ်ဘူး၊ မာမီတို့ဘာသာ သိတာ၊ မိဘဆိုတာ သားသမီးကို ပခုံးပေါ် လွယ်အိတ်ချိတ်ပြီးထွက်သွားတာနဲ့ စိတ်ချလက်ချထိုင်ကျန်နေခဲ့လို့ မရဘူး၊ အထူးသဖြင့် သမီးမိန်းကလေးမွေးထားတဲ့မိခင်က ပိုပြီးဂရုစိုက်ရတယ်၊ သမီးနောက်မှာ စောင့်ကြည့်ဖို့ မာမီက လူယုံလွှတ်ထားတာလေ၊ မာမီ့လူပေမယ့် သား ထည့်ကိုလည်း သူ ကြည့်တယ်''

ထည့်မျက်နှာကြီးက ဘယ်ကိုမှမကြည့်ဘဲ မှုန်ကုတ်ကုတ် မျက်လွှာချလျှက်…

''သမီးသွားလာတာ အပေါင်းအသင်းကအစ မာမီ သိနေတာပဲ၊ ဒါပေမယ့် သမီးရဲ့ထိန်းသိမ်းတတ်မှုကိုလည်း သိရလို့ မာမီ အသာစောင့်ကြည့်ရင်း တိတ်တိတ်ဆိတ်ဆိတ်ပဲ နေခဲ့တာ၊ ပန်းဝင်ကြိုးကိုမြင်ရင်တော့ အပြေးရပ်ဖို့ သတိရမှာပဲဆိုတာ မာမီသိတယ်၊ နောက်တစ်ခုက သမီးနဲ့သားကို ကျောင်း ပြီးတာနဲ့ လက်ထပ်ပေးဖို့ မာမီတို့က စီစဉ်ပြီးသား''

ဖျား ဆတ်ခနဲ မော့လာသည်။

ထည့်မျက်လုံးတွေကလည်း ရှုးရှုးရဲရဲ ပင့်တက်လာ၏။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဖျား သူ့ကို လုံးဝမယူဘူး မာဓိ"

"ဟုတ်လား၊ အသားယူပြီး ထပ်ပြောပါဦး၊ ခင်ဖျားကိုကော ဘယ်သူက ယူမှာမို့လို့လဲ"

"သား… တိတ်စမ်း"

ဒေါ်ဝေကျော့အသံက ဒေါသတကြီး ဖြစ်လာ၏။

ဖျားက နှုတ်ခမ်းမဲ့၍ မျက်နှာပေါ်က ဆံပင်တွေကို ခါထုတ်ပစ်လိုက်၏။

"ကျေးဇူးတင်တယ်၊ ဟွန်း… သုံးနဲ့လေးဆိုရင် ငါက 'လေး'၊ ငါးနဲ့ကိုးဆိုရင် ငါက 'ကိုး'ပဲ၊ အနာဂတ်ကို မျှော်မျှော်ကြီး ဆက်လျှောက်မယ့်သူ၊ ကြည့်ထား"

မျက်နှာလေးကို လက်ညှိုးပြန်ထိုးပြကာ ဖျား ချာခနဲ ပြန်လှည့်၏။

"တောက်"

ထည် တက်ခေါက်လိုက်သံနှင့်ထပ်တူ ဖျားနှုတ်ခမ်းလေး တွန့်ခနဲ မဲ့ကျသွား၏။

နားထားလိုက်ဦး၊ သုံးစားမရတဲ့ နင့်မာနတွေ။

⁂



## အခန်း » ၁၅ «

"ဟဲ့… ဒါက ဘယ်လိုဖြစ်လာကြတာလဲ"

အစကနေ အဆုံးထိ တစ်ကားတည်း အတူထိုင်ပြီး ကျောင်းတက်လာခဲ့ကြပြီးမှ ကားတစ်စီးစီပေါ်က ဆင်းလာကြသည့် နှစ်ယောက်ကို လှလေးတို့ တအံ့တဩတွေ ဖြစ်ကုန်ကြသည်။

မသင့်မြတ်ကြသည့် အခြေအနေတွေကို ပို၍သိသာစေသည်က ထည့်မျက်နှာကလည်း တင်းနေသည်။

ဖျားကလည်း ဘောက်ဆတ်ဆတ် ခြေဆောင့်လျှောက်လာ၏။ ထို့ပြင် ဖျားသည် ကားထဲကဆင်းလိုက်စဉ် မေးဆတ်၍ ဆံပင်တွေကို လွှင့်ထွက်သွားအောင် ခါထုတ်ပစ်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖျား"

သိချင်စိတ်နှင့် ဖျားနားကို ပြေးကပ်သွားသည့်သူက လှလေးဖြစ်၏။

"ဖျား… နင်နဲ့ ထည်…"

"သေခန်းပြတ်ပဲ"

"ယော့တော်"

လှလေး ရင်ဘတ်ဖိ၏။

ခင်ဝေကျော်က အံ့ဩသလိုဖြစ်သွားပြီးမှ ပြုံးလိုက်၏။

"ဘယ်တုန်းကမှ မသင့်မြတ်တဲ့နှစ်ယောက် သေခန်းပြတ်သွားပြန်ပြီလား"

"မိကျော်… နင် မလျှောင်နဲ့နော်"

"ဟော့… ဟော… မုန်တိုင်းအဖျားခတ်လာပြီ"

ခင်ဝေကျော်က ခါတိုင်းလိုပဲ ရယ်စရာမှတ်နေခဲ့သဖြင့် စနောက်နေသည်။

ကင်န်တင်းမှာထိုင်ကြရင်း ဖျား သေချာပြောပြလိုက်သောအခါ နှစ်ယောက်လုံးပဲ မျက်နှာတွေပျက်ကုန်ကြလေသည်။

"တကယ်… အဲဒီလိုဖြစ်ကုန်ကြတာလားဟယ်၊ နင်တို့ကလည်း"

"ဟုတ်တယ်၊ ငါကတော့ မာမီ့ကို ပြောပြီးပြီ၊ သူနဲ့





အတင်းပေးစားရင် တခြားတစ်ယောက်နဲ့ လိုက်ပြေးမှာပဲလို့"

"အယ်"

"ဟော… ဟိုမှာ… ဟိုမှာ ထည်တို့အုပ်စု လာနေပြီ"

ထည်နှင့် သူငယ်ချင်းအုပ်စုသည် ဝင်လာကြပြီးမှ လွတ်သည့်စားပွဲကိုရှာရင်း ကပ်လျက်ရှိနေသော ဖျားတို့ကို မြင်သွားကြ၏။

သူတို့တွေ ဖျားနဲ့ ထည်အကြောင်း သေချာသိပြီးတာ မပြီးတာတော့ မသိ။ လောလောဆယ် မသင့်မြတ်ဖြစ်လာကြခြင်းကိုတော့ သိနေပုံပေါ်ကာ ဖျားတို့ကိုမြင်တော့ ထည့်လက်ကိုလည်း ဖမ်းဆုပ်ထားလျက် ခေါင်းချင်းဆိုင်ကုန်ကြသည်။

"လာပါကွာ၊ မင်းကလည်း… ဝင်လာပြီးမှ"

"အေးလေ၊ ကိုယ်က ယောကျ်ားဖြစ်ပြီး ဒီလိုကြီး ရှောင်ထွက်သွားရင် မကောင်းပါဘူး"

"မထိုင်ဘူးကွာ၊ ကပ်လျက်ကြီး"

"စားပွဲမရှိလို့ထိုင်တာမှန်း သူလည်းသိမှာပါကွ၊ လာစမ်းပါ"

သူငယ်ချင်းတွေ ဆွဲခေါ်နေလို့…

ပြီးတော့ လှမ်းကြည့်လိုက်ကြသည့် မျက်လုံးတွေရှေ့မှာ ရှပ်ပျက်ဆင်းပျက် ပြန်လှည့်မသွားချင်တာနှင့် ဝင်ထိုင်

www.burmeseclassic.com



လိုက်ရသည်။

တာမဲဖက်မှာ ဖွားကလည်း ထသွားမည် တကဲကဲ။

"နင်ကလည်း... ရုပ်ပျက်အောင်မလုပ်စမ်းပါနဲ့ဟာ၊ ကလေးတွေကျနေတာပဲ၊ မခေါ်ချင်မခေါ်နဲ့ပေါ့၊ မမြင်ချင်ရင် မကြည့်ဘဲနေလို့ရတာပဲဟာ၊ အေးဆေးနေစမ်းပါ၊ နင်တို့ပုံစံက အကဲခတ်ရ သိပ်လွယ်တာပဲ၊ ဟန်ဆောင်ပန်ဆောင်လေးမှ မရှိကြဘဲ"

"ဒေါ်သဖြစ်တာ ဟန်ဆောင်ဖြုံးနေလို့ ရလား၊ ဒီမျက်နှာကြီးကို မြင်ရလေ စားရတာ မျိုမကျလေ"

ထည် ကြားလိုက်သည်။

လာချပေးသည့် အအေးပုလင်းကိုဆုပ်လိုက်မိရင်း ခါးက မတ်ခနဲ ဖြစ်သွား၏။ ဘယ်သူကရော မြင်ချင်လွန်းလို့ လာနေတာလဲ။

ဒေါသဖြစ်သလောက် ပြောပစ်လိုက်ပြန်လျှင် ယောကျ်ား ဖြစ်ပြီး ရန်တွေ့ကောင်းတယ်ဖြစ်ဦးမည်။

ထည် အံကြိတ်နေတာကို လင်းနေကကြည့်ကာ စားပွဲ အောက်ကနေ ခြေထောက်ချင်းလာဖိ၏။

ဒေါသမဖြစ်နဲ့ဟု သတိပေးသည့်သဘော။

ဖွားကလည်း အသုတ်စားလိုက်၊ ဟင်းခါးသောက် လိုက်နှင့် မြန်မြန်ဆန်ဆန်ကြီး ပြီးစီးအောင် ကြိုးစားနေသည်။





ပြောချင်တာပြောပြီး ကိုယ်က အရင်ထသွားနိုင်ဖို့ ဖြစ်၏။ ပြီးတော့ မခံချင်အောင် ပြောပေးခဲ့ဦးမည်။ အစီအစဉ် ထဲမှာတော့ ချောနေခဲ့သည်။

သို့သော် လည်ချောင်းနဲ့လျှာ အပေးအယူတွေ မှား ကုန်သည်။ အစာတွေက အရည်နဲ့အဖတ် ဘယ်လိုခလုတ်တိုက် ပြီး လမ်းကြောင်းမှားကုန်မှန်းမသိ။

"အဟွတ်... အဟွတ်"

"ဟယ်... ဖွား..."

"အဟွတ်... အဟွတ်... အဟမ်း..."

ကောင်းတယ်။

ထည် ကျောခိုင်းနေရင်း နှုတ်ခမ်းမဲ့၍ ခေါင်းညိတ်မိ သည်။

သူများကို နိုင်ချင်လွန်းလို့ အကုသိုလ်ပွားနေတာ သီး တာတောင် နည်းသေးတယ်။

"အဟွတ်... အဟွတ်... အဟွတ်"

"ဖွား... အို... ဒုက္ခပါပဲ၊ ရော့... ရော့... ဒီမှာ အအေးသောက်လိုက်"

"လူလေးကလည်း... ဒီလောက် အဆက်မပြတ် ချောင်းဆိုးနေတာ အအေးတိုက်နေရလား၊ ရော့... ဒီမှာစာအုပ် ယပ်ခတ်"

www.burmeseclassic.com



လှလေးနဲ့ ခင်ဝေကျော် စာအုပ်တွေ ကပျာကယာ ခွဲယူကြပြီး ယပ်တွေ တဖျတ်ဖျတ် ခပ်ကြသည်။

ဖျား ချောင်းဆိုးမရပ်ဘဲ အော့အန်လာ၏။

ဘေးစားပွဲက ယောက်ျားလေးတချို့ ရယ်ကုန်ကြသည်။ စတဲ့သူက လှမ်းစနေကြပြီ။

ထည် မျက်နှာပျက်လျက် နောက်ကို ဖျတ်ခနဲ လှည့်ကြည့်၏။

သူ့နောက်ကပ်ကပ်လေးမှာ ဖျားရဲ့ခေါင်းက စားပွဲစွန်းအောက်ကို စိုက်ကျနေပြီဖြစ်သည်။ သူလှည့်ကြည့်လိုက်တော့ ခင်ဝေကျော်က လှမ်းကြည့်တာနှင့် မျက်လုံးချင်းဆုံ၏။

"နည်းနည်းမတ်ခိုင်းပြီး ကျောကိုထုပေးလိုက်"

မကြာမကြာ မဟုတ်သော်လည်း တစ်ခါတစ်ရံလည်း စားသောက်ရင်း သီးပြီဆို ဖျားတို့က အသည်းအသန်။

အိမ်မှာကျတော့ လူကြီးတွေ ပျာယာခတ်ကုန်ကြတာ ဒီလိုပဲလုပ်ပေးကြသည်။

အပြင်မှာ နှစ်ယောက်တည်း သွားလာစားသောက်ရင်း ဖြစ်ပြီဆို ဒီတာဝန်ကို ထည် ယူရ၏။

စကားများနေရင်း ရန်ဖြစ်နေရင်းနဲ့ပဲ ဖျား အဲဒီလို ထဖြစ်ပြီဆို သူ ကြည့်မနေနိုင်။

ခင်ဝေကျော်က ပခုံးလေးကိုဆွဲ၊ ကိုယ်ကို မတ်ပေး





လိုက်သည်။ လှလေးက ဖျားကျောလေးကို နောက်ကထုပေးသည်။

ဖျားချောင်းဆိုးသံလေး အထွက်ကျဲသွား၏။ ထည့်မျက်နှာ ဒီဘက်လှည့်လာတော့ မြေပုံက စပ်ဖြဲဖြဲမျက်နှာကြီးကို ဟိုဘက်လှည့်၊ ဒီဘက်လှည့်နှင့် ရှောင်သည်။

လင်းနေကတော့ ပွင့်လင်းစွာပဲ ရယ်လိုက်၏။

ထည့်မျက်နှာကြီး နီရဲသွားကာ ဆံပင်တစ်ချက်သပ်၍ နေရာမှထသည်။

ကိုယ့်ကိုယ်ကို ဒေါသဖြစ်ရသည့် ရင်ထဲမှာ ပေါက်ကွဲဖို့ နေရာမရှိ။

မနေနိုင်ဦးလေ ဒီပါးစပ်…

မင်း သွားသေလိုက်တော့ ခန့်ညားထည်…

ᴧ ᴧ ᴧ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▸▸ ၁၆ ◂◂

"မေ့သဘောကတော့ စီစဉ်ထားတဲ့အတိုင်း လက်ထပ်ပေးလိုက်ချင်တာပဲ မီ၊ သူတို့ချင်းမတဲ့ကြတာ ဆန်းတာမှမဟုတ်တာ၊ ဒီလိုပဲ တကျက်ကျက်ကနေ သံယောဇဉ်တွေဖြစ်ကြပြီးနောက်တော့ လင်ရယ် မယားရယ် ဖြစ်သွားကြမှာပဲ"

ဒေါ်မေကျော့ပြောတာကို ဦးကျော်လင်းကလည်း ထောက်ခံ၏။

"ဟုတ်သားပဲ၊ ကျုပ်တို့ချင်းကလည်း သူ့သား ကိုယ့်သမီး ခွဲခြားနေကြတာမှ မဟုတ်ဘဲ၊ သားကပဲ ဆိုးဆိုး၊ သမီးကပဲ လွန်လွန်၊ မျက်နှာပျက်ကြရဖို့မရှိဘူး၊ ဗွေယူကြမှာမဟုတ်ဘူး၊ သူတို့သူငယ်ချင်းရင်းလည်း ခေါင်းကွဲထိပ်ပြဲ ထဖြစ်ကြဦး၊ ပြီးရင်ပြီးသွားတာပဲဥစ္စာ၊ လက်ထပ်ပေးလိုက်ရင် သိပ်တော့ပြဿနာဖြစ်ဖို့မရှိဘူးလို့ ထင်တယ်"

သစ္စာမွန်စာပေ



လင်မယားနှစ်ယောက်လုံး ပြောနေကြတာက လက်ခံနိုင်ဖွယ်တွေ ဖြစ်သည်။

ဒါပေမယ့် ဦးညီမင်းရော ဒေါ်ကေမိပါ ဝမ်းသာအားရ လက်မခံနိုင်ဘဲ ဖြစ်နေကြသည်။

"ထည့်ကိုမယူဘူးနော် မာမီ၊ ဒယ်ဒီရောက်လာလို့ အာဏာတွေသုံးပြီး ဇွတ်စီစဉ်ရင်တော့ ဖူးချစ်သူနဲ့ လိုက်ပြေးမှာ"

ပြောလည်း ပြောရဲသည်။

ပခုံးကို ဖျန်းခနဲ ရိုက်ချပစ်လိုက်တာတောင် အနာခံပြီး 'အဲဒါ တကယ်အတည်' ဟု ထပ်ပြောခဲ့သေး၏။

ရည်းစားရှိနေတဲ့ မိန်းကလေးတစ်ယောက်က ဒီစကားကို အလကားခြိမ်းခြောက်ပြောတယ်ပဲထား၊ ဒေါ်ကေမိရင့်ထဲမှာ ပူနေသည်။

ထည်နဲ့ လက်ထပ်ပေးလိုက်ဖို့ စိတ်ကူးခဲ့တာလည်း ဟိုတုန်းကတည်းက စီစဉ်ခဲ့ကြတာ။

နောက်တစ်ခုက ရည်းစားတွေများနေတာကို မကြိုက်၍လည်း ဖြစ်သည်။

လည်လွန်းတဲ့ဘီး ချေးသင့်တဲ့။

သမီး ဘယ်လောက်ပဲ နေတတ်ထိုင်တတ်ပါစေ။ ကစ်နေနေ မှားသွားနိုင်သည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားတစ်ထောင် လင်ကောင်းတစ်ယောက်ဆိုတာ ဘယ်လိုအထာနဲ့ ဆိုရိုးရှိခဲ့မှန်းတော့ မသိ။

ဒေါ်ကေမီ လက်မခံနိုင်ပါ။

ညီအစ်မလိုဖြစ်နေကြသည့် ဒေါ်မေကျော်ကလည်း အတွင်းရေးအကုန်လုံးကို သိသည်။ ဖျားကိုလည်း သူမ ချစ်နေသည်။

ချစ်တာမှ သူ့သားကို ဘယ်လောက်နိုင်နိုင်၊ ဘယ်လိုပဲ ထုရိုက်ကုတ်ဖဲ့သွားသည်ဆိုဆို၊ အပြုံးမပျက်ဘဲ ချစ်ခဲ့တာ ဒီနေ့ထိ။

"ဘာလို့စိတ်ဆိုးရမှာလဲ မီရဲ့၊ ဖျားကလည်း မေ့သမီးလေးပဲဟာ၊ သူတို့မောင်နှမချင်း ထိပ်ပေါက်ခေါင်းကွဲ ဘယ်သူဖြစ်ဖြစ်၊ နေပစေ၊ အဲဒါမျိုးက ကြီးလာရင် ချစ်တတ်တယ်"

သူမက ရှေ့ရေးကို အစကတည်းက တွေးနေခဲ့သေးသည်။

ခုလည်း ဖျား တခြားယောက်ျားလေးတစ်ယောက်ယောက်နဲ့ ပါသွားမှာစိုးလို့ လက်ထပ်ပေးဖို့ ချက်ခြင်းထဖြစ်လာတာ သူမကပဲ စခဲ့တာဖြစ်သည်။

"သားကို မေလည်း တန်ဖိုးထားတယ် မီ၊ ဘယ်မိန်းမနဲ့ပဲညားညား၊ သားရှင်ဆိုတာ ကိုယ်ကပေးလိုက်ရတာပဲ၊ သားကိုလည်း ပေးရဦးမယ်၊ အားလုံး ကိုယ့်သဘောကျ ဘာမှရှိတော့





မှာ မဟုတ်ဘူး၊ ဖျားလေးနဲ့သား လက်ထပ်လိုက်ရင် သမီးလည်း ရမယ်၊ သားလည်း မဆုံးဘူး၊ သူများမိသားစုနဲ့ ငါ့သားလေး ဘယ်လိုနေမလဲလို့ သောကများနေရမယ့်အဖြစ်မျိုးလည်း မဖြစ်တော့ဘူး၊ မင်္ဂလာကိစ္စ မြန်မြန်စီစဉ်မယ် မီရယ်၊ တော်ကြာ ကလေးတွေက တစ်ချိန်လုံးရိုးသားလာခဲ့ကြပြီး တလွဲတွေငြိကုန်ကြလိမ့်မယ်"

ဖျား အခြားယောက်ျားလေးနဲ့ရည်းစားထားပြီဆိုတာ ဂသိကတည်းက ဒေါ်မေကျော်က ပြောခဲ့တာ။

ခုလည်း ကလေးတွေ လက်ခံခံ၊ မခံခံ သူမဆန္ဒက ...တ်လက်ထပ်ပေးဖို့ ဖြစ်၏။

ဒေါ်ကေမီ သက်ပြင်းချနေဆဲ…

"တို့ပြောတာ အဆင်မပြေဘူးလား မီ၊ သူတို့ဆန္ဒကို ...မေးနေလို့ကတော့ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်နေ၊ ရွဲ့နေတာနဲ့ပဲ ဘယ်တော့မှလက်ထပ်ဖြစ်မှာမဟုတ်ဘူး"

အတွေးများနှင့် လုံးထွေးနေဆဲ ဒေါ်မေကျော်က စကား ...နံစတော့ ဒေါ်ကေမီမျက်နှာ ပြန်မော့လာသည်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မေရယ်၊ ခုခေတ်လူငယ်တွေကို သိပ်လျှော့တွက်လို့မရဘူး၊ ခုဟာက တစ်ဖက်တည်းက ဖြစ်တာမဟုတ်ဘူး၊ သားရော သမီးရော နှစ်ယောက်လုံး ခါးခါးသီးသီးငြင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဟိုတစ်ခါ ရန်ဖြစ်လိုက်ကြတဲ့ကိစ္စကြောင့် ပိုတင်းကုန်တာပါ၊ ခါတိုင်းဆို ဒီလိုပဲရန်ဖြစ်နေကြတာပဲ၊ ပြီးတော့ ဟုတ်တာမဟုတ်တာ"

ဦးညီမင်းကလည်း သေပူတစ်ချက်မှုတ်ထုတ်လိုက်ရင်း

"ငါတို့တွေကတော့ အပြင်မှာပဲ အနေများတယ်လေ၊ ကလေးတွေသဘောကို မိခင်ဖြစ်တဲ့သူတွေလောက်တော့ မသိဘူး၊ ဒီတော့ ကြည့်လုပ်ကြလို့ပဲ ပြောရမှာပဲ"

ဦးညီမင်း သိပ်အားမပါတော့ ဦးကျော်လင်းလည်း သဘောပေါက်သွားသည်။

"မေသားဘက်ကတော့ လုံးဝမဖျက်ဘူး မီ၊ ဖျားက ဆိုးဆိုးဝါးဝါး ငြင်းနေရင်တော့ မသိဘူး၊ ဖျားနဲ့လက်ထပ်ဖို့ သား ငြင်းလို့မရဘူး"

သားရှင်က သူ့သားကို သူပိုင်သည်တဲ့။ သမီးရှင်ဖြစ်ပြီး ကိုယ်က လက်မြှောက်လိုက်ရမှာလား။

လူကြီးတွေ စကားပြောနေတာကို တစ်ခွန်းတစ်စ ကြားကာ အခန်းထဲက မထွက်ဘဲ ရပ်နေမိရင်း ထည် စိတ်ပျက်သွားလေသည်။

"ဖျားနဲ့လက်ထပ်ဖို့ သား ငြင်းလို့မရဘူး" တဲ့။

"ဖျားက ဆိုးဆိုးဝါးငြင်းနေရင်တော့..."

မာမီ့စကားကို သူ ပြန်တွေး၍ ဒီကိစ္စ ဖျားကတော့





ငြင်းခွင့်ရှိနေသည်ဟု သဘောပေါက်သွား၏။

ဒါဆို ဖျားက ဘာဖြစ်လို့ အပြတ်အသတ် ခါမချတာလဲ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ➤ ၁၇ ◄

"မေက သူ့သားကို သူပိုင်တယ်တဲ့၊ သူ့သဘောနဲ့ပြီးတယ်တဲ့၊ မာမီက မာမီ့သမီးကို မနိုင်ဘူးဆိုရင် မာမီ ဘာဖြစ်သွားပြီလဲ၊ ဟင်… ပြောစမ်း"

ထိုစကားတစ်ခွန်းတည်းနှင့် ထည့်ကို ဖျား ကုတ်ဖဲ့ပစ်ချင်နေပြီ။

သင်းက ဒီကိစ္စကိုမငြင်းဘဲ သူတော်ကောင်းလုပ်နေပြန်ပြီလား။ တကယ်ဆို နှစ်ဦးစုလုံးငြင်းလိုက်ကြည့် ပြီးပြီ။

မာမီနဲ့ဒယ်ဒီ ချော့တစ်လှည့်၊ မာတစ်လှည့် ပြောနေဆူနေသမျှ ငြိမ်နေခဲ့ရပြီး လူကြီးတွေမရှိတော့သည်နှင့် ဖုန်းနားရောက်သွား၏။





ဟာန်းဖုန်းမကိုင်တတ်သည့်အကျင့်ကြောင့် ဖုန်းဆက်ဖို့ကို အတော်ကြီးချောင်းနေရသည်။

သို့သော် အချိန်ရလို့ကောက်ခေါ်လိုက်တော့လည်း တစ်ဖက်က ထည်ကလည်း ခေါ်နေသည်မို့ မရဘဲဖြစ်နေ၏။

"တောက်"

ထည်လည်း တက်ခေါက်နေသည်။

တစ်ယောက်နဲ့တစ်ယောက် ချိန်ကိုက်ထားသလို ဒေါသဖြစ်ဖြစ်နှင့် ဆောင့်ချလိုက်ကြတာလည်း ပြိုင်တူ။

ပြီးတော့ လူချင်းတွေ့ဖို့လည်း ဝန်လေးနေကြသဖြင့် နောက်ထပ်ကောက်ကိုင်လိုက်မိကြပြန်သည်။

ဒါလည်း အတူတူပဲကိုင်လိုက်မိကြ၏။

"တောက်… ဘာတွေဖြစ်နေမှန်းမသိဘူး"

နောက်တစ်ခါ စိတ်မရှည်နိုင်သဖြင့် ဖျားက ဖုန်းအရင်ချမိ၏။

ချက်ချင်းထမြည်လာတော့ ကောက်ယူလိုက်သည်။

"ဟဲလို"

"မိဖျား"

"ဘာတုံး"

"ပြောစရာရှိတယ်၊ သေသေချာချာ နားထောင်"

"အံမာ… မထောင်နိုင်ဘူး၊ ငါပြောတာ အရင်နား



www.burmeseclassic.com

www.burmeseclassic.com



ထော်င်"

"ငါအရင်ဆက်တာ ငါပြောမယ်"

"မပြောနဲ့"

ဖျားက ဝွတ်ခနဲ ချုပစ်လိုက်၏။

လက်ပိုက်နှုတ်ခမ်းမဲ့ရင်း ဖုန်းကို စိုက်ကြည့်နေလိုက်သည်။ ချက်ချင်းပဲ ထပ်ခေါ်လာသည်။

အတော်ကြီး ဆူညံနေမှ စာကြည့်ခန်းထဲက ဒယ်ဒီ ကြားမှာစိုး၍ ကောက်ယူလိုက်ရသည်။

မာမီကတော့ အပြင်ထွက်သွားပါသည်။

"မိဖျား… နင် ဖုန်းချမပစ်နဲ့နော်၊ လူကြီးတွေစိစဉ်နေကြတာ သိတယ်မို့လား၊ အဲဒါ နင်ငြင်းလိုက်လေ"

ဖျား ဖုန်းချမှာစိုး ထည်က လိုရင်းကို ကမန်းကတန်း ပြောသည်။

"ဖိုးထည်… နင်က လူကို ဘာမှတ်နေလဲ၊ ဒီကိစ္စကြီးကို ငါက သာသာယာယာ မှိန်းနေတယ်လို့များ ထင်နေသလား"

"ထင်တာ မြင်တာတွေ ပြောမနေနဲ့၊ နင်ရော ငါရော လက်မခံချင်ကြတာ အတူတူပဲ၊ ဒါပေမယ့် နင်ငြင်းလိုက်ရင်ရတယ်၊ မာမီက ငါ့ကို ငြင်းခွင့်လုံးဝမပြုလို့"

"ဪ… နင်ပဲ မိကောင်းဖခင်သားသမီးပေါ့လေ





နင်ငြင်းခွင့်မရှိသလို ငါလည်း ငြင်းလို့မရလို့ပေါ့၊ နင့်မာမီက နင့်ကိုပိုင်နေသလို ငါ့မာမီက ငါ့ကိုပိုင်ချင်နေတာ၊ နင် ပြင်းပြင်း ထန်ထန်ငြင်း၊ ငြင်းလို့မရရင် မိန်းမခိုးသွားလိုက်တော့"

"ဘာ… ဘာပြောတယ်"

ဖုန်းထဲမှာ ထည့်လေသံက မြောက်ခနဲများ ထခုန်လိုက်သလား မသိ။

"မိန်းမခိုးလိုက် ဟုတ်လား၊ အဲဒါ ငါ့အလုပ်မဟုတ်ဘူး၊ နင်လုပ်သင့်တာ၊ နင့်မှာ ချက်ချင်းလက်ငင်း ကောက်ယူလိုက်ဖို့ ရွေးစရာတွေလည်း ရှိနေတယ်လေ၊ နင်ယူလိုက်၊ အဲဒါ အဆင်ပြေဆုံးပဲ"

"ထည်… ခွေးစုတ်၊ ခွေးနာ"

ပြောချင်ရာပြောသွားသည့် ထည့်ကို သတိလက်လွတ် ဆောင့်ခေါ်ရင်း ဖျား ဆတ်ဆတ်ခါ ကျိန်ခဲ့၏။

လူပါးဝလို့… သင်းက ငါ့ကို။

"တောက်"

ဖုန်းရှေ့က ခြေဆောင့်လက်ခါ ထွက်သွားတဲ့အထိ အခန်းတံခါးအနည်းငယ်ဟ၍ ရပ်ကြည့်နေသူက ဦးညီမင်း ဖြစ်သည်။

ဒီကလေးနှစ်ယောက် ရန်ဖြစ်နေကြတာ၊ ဒေါသတွေ ကြီးနေကြသော်လည်း မုန်းတီးနာကြည်းမှုတို့ ရှိမနေပါလားဟု



www.burmeseclassic.com

www.burmeseclassic.com



တွေးလိုက်မိသည်။

သို့သော်…

ခါးခါးသီးသီး ငြင်းဆန်နေကြတာ ဘယ်လိုစေ့စပ်ပေးလို့မှမရခဲ့။

"ဖွတ်လုပ်လို့မဖြစ်ဘူး ကိုမင်း၊ ရှင့်သမီးက ရည်းစားတွေနဲ့"

ဟု အမေဖြစ်သူကလည်း ကပ်ပြောထားသေးသည်။

ခက်တော့ နေပါပြီ။

ㅈ ㅈ ㅈ

## အခန်း ⏩ ၁၈ ⏪

မာမီ ပုတီးစိပ်နေတုန်း ဖုန်းဆက်ဖို့ ဖျား နိုးဆင်းခဲ့သည်။ ကျောင်းလည်း ပြီးသွားပြီ။

ဘယ်ကိုမှလည်း မထွက်နိုင်းတော့သဖြင့် ခြေချုပ်မိနေတာ တစ်ပတ်ကျော်နေပြီ ဖြစ်၏။

ဒီထက်ဆိုးတဲ့အဖြစ်က ထည်နဲ့ လောလောဆယ်လက်မထပ်ချင်နေ၊ စေ့စပ်ထားရမည်တဲ့။

လူကြီးတွေ စီစဉ်ပုံက စေ့စပ်ထားသည့်ကာလအတွင်းမှာ ဖျားနဲ့ထည် ပြန်လည်သင့်မြတ်သွားနိုင်သည်။

လက်ထပ်ဖို့စီစဉ်တဲ့အခါ သင့်မြတ်နေလျှင် အခက်အခဲ သိပ်ဖြစ်မှာ မဟုတ်ဟု။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထည်ကလည်း အစကတည်းက မိဘကိုရှိသေတဲ့ နေရာမှာ ဖျားထက် ပိုတဲ့သူဖြစ်သည်။

ခုချိန်မှာ ကိုယ်သက်ပိုင်၍ အဖြစ်ဆိုးနေဖို့ပဲ ရှိသည်။ သူ ထွက်ပေါက်ပိတ်နေကိုင်း ဖျားကိုသာ လှည့်မဲတော့မည်။

ရည်းစားရှိနေသူသည် ကိုယ်မချစ်တဲ့သူကို လက်ထပ်ရဖို့ မဖြစ်မနေကြုံလာပြီဆိုလျှင် ကိုယ့်ချစ်သူနောက်ကိုသာ လိုက်ကြမှာပဲဖြစ်၏။

သူကလည်း လိုက်သွားဖို့ ပြောထားခဲ့သေးသည်။

ဒါကို ကိုယ်က ဒီတိုင်းငြိမ်နေပြီး သူနဲ့စေ့စပ်ဖို့ ဖြစ်လာခဲ့ရင် ဘာပြောမလဲ။

သေချာပါသည်။ ကိုယ်ကပဲ သူ့ကို လက်ခံချင်နေသလိုလို ဖြစ်လာနိုင်၏။ တကယ်က ဖျားရည်းစားထားတာ လက်ထပ်ဖို့လည်း မဟုတ်။ အားကိုးဖို့လည်း မရည်ရွယ်ပါ။

ဒါဟာ မကောင်းဘူးဆိုတာသိသိနဲ့ ဘယ်လိုမှဂရုမစိုက်တတ်သည်ကိုက ရည်းစားများခဲ့ခြင်းအပေါ် ဂရုစိုက်ရမှန်းမသိခဲ့တာ ဖြစ်သည်။

ဒါကို သူလည်းသိလျက်နဲ့ ယူလိုက်ပါလားဟု ပြောခဲ့သေးသည်။ တွေးနေရင်း မခံချင်စိတ်တွေ အလိမ့်လိမ့်တက်လာခဲ့သည်။

ရည်းစားထားတာနဲ့ပဲ လက်ထပ်စရာလား။





"ဟလို"

ဖုန်းထဲက လှလေးအသံလေး ထွက်လာသည်။

"လှလေး… ငါပါ"

"ဟင်… ဖျား၊ ပြောလေ… ငါလည်း ပျင်းနေတာဟ၊ နင့်ဆီကိုလာလည်ချင်တာ၊ နင်တို့အိမ်မှာ ဟိုကိစ္စတွေ ရှုပ်နေသလားလို့"

"ဟုတ်တယ်၊ အရှမ်းကို ရှုပ်နေတာ၊ ဒီမှာ ငါ စိတ်ညစ်လို့ သေတော့မယ်"

"ဘာရယ်"

လှလေးရယ်သံလေး ထွက်လာသည်။

"လဲသေတော့မယ့်အသံနဲ့ ဖျားရယ်၊ နင့်မှာလည်း လက်ထပ်ရလောက်အောင် ချစ်သူရှိတာမဟုတ်ဘဲနဲ့၊ စိတ်ကူးမလွဲပါနဲ့တော့ဟယ်၊ ထည့်ကိုပဲ လက်ထပ်လိုက်ပါ၊ ထည်က ချောတယ်၊ တည်တယ်၊ နင်နဲ့ကလွဲရင် အရှမ်းကိုရည်မွန်ပြီး နူးညံ့အေးချမ်းတဲ့သူပါ၊ ပြီးတော့လေ… ဟိုတစ်ယောက် သိလား၊ ခင်ဝတီ"

"ဘာဖြစ်လဲ"

"ထည် သူ့အမေနဲ့ ဘုရားကိုလာတုန်းက သူတို့တွေ့ကြတယ်လေ၊ အဲဒါ ငါတို့ အဲဒီနားမှာရှိတယ်ဟ၊ သူ့အမေက တော့ ခင်ဝတီကိုမသိဘူး ထင်ပါတယ်၊ ဖြစ်နေလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ကိုများ၊ ဝတီ ဂရုစိုက်နေလိုက်တာ ပျာနေတာပဲ၊ အရမ်းကို သိသာတယ် သိလား၊ ထည်က သိက္ခာရှိတယ်၊ လုံးဝအေးဆေးပဲ၊ ငါတို့ကတော့ ထည် နေပုံထိုင်ပုံကို သဘောကျတယ်၊ ချောပေမယ့် မပွေဘူး၊ ပေးတိုင်းမယူတတ်တဲ့ယောက်ျားမျိုး''

''တော်ပြီ''

ဂျိုယ်က ဘာမှမပြောရသေးဘဲ သူကချည်းပဲ ချီးမွမ်းခန်းတွေ ဖွင့်နေသည်။

လှလေးကို ဒေါသဖြစ်လာကာ ဖုန်းချပစ်လိုက်သည်။ ချာခနဲ ကျောခိုင်းလိုက်ပြီးမှ ဖုန်းက ထပ်မြည်လာ၏။

လှလေးပဲဆိုတာ သိလိုက်ပြီး ကောက်ကိုင်လိုက်သည်။

''ဆောရီးပါဟယ်၊ မပြောတော့ဘူး၊ ကဲ… ပြော… ပြော''

''လှလေး''

''ပြောပါဆို''

ထိုအချိန်လေးမှာ ဖျား လေသံကို နှိမ့်ချလိုက်ပေမယ့် အပေါ်ထပ်က ဆင်းလာသည့် ဒေါ်ကေမီက ကွယ်ရပ်လေးမှာ တုံ့ခနဲရပ်ပစ်လိုက်ပြီဖြစ်၏။

''မဟုတ်ဘူး၊ အပြီးထွက်လာခဲ့မှာ၊ တကယ်ပြောတာ၊ ဘာလဲ… လက်မခံချင်လို့လား''

သစ္စာမွန်စာပေ



''… … …''

''ဒီလိုမှမလုပ်ရင် ငါ ထွက်ပေါက်မရှိတော့ဘူး''

''… …''

''ပြီးရော၊ မနက်ဖြန် မနက်အစောကြီး မိုးမလင်းခင်ဟာ''

''… …''

''ငါးနာရီ ထွက်ခဲ့မယ်''

ဘုရား… ဘုရား…

ဒေါ်ကေမီ ဘုရားတလိုက်မိရင်း ဒေါသက ဆက်တွဲပါလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၁၉ ⏪

ခေါင်းထဲမှာ ထူပူသွားသည်။

ကျောပိုးအိတ်လေးနှင့် တစ်ကိုယ်လုံး မွေ့ယာပေါ် ပစ်ကျသွားပြီးမှ အီခနဲ အပေါ်သို့ ပြန်၍မြောက်ကြွတက်၏။

မွေ့ရာပေါ်မို့ အကျသာပေမယ့် အရိုက်ခံလိုက်ရသည့် ခေါင်းက မီးပွင့်သွားတာ တော်တော်နဲ့မပြေ။

"ငါ့သမီး တော်လှ၊ တော်လှ၊ ညည်းက ယောက်မ မြင်းစီးထွက်တာပေါ့၊ ဟုတ်လား၊ ပြောစမ်း… ဘယ်ကောင်နဲ့ လိုက်မလို့လဲ၊ ဘယ်မှာသွားပြီး ခြေရာဖျောက်ဖို့ စဉ်းစားထား လဲ"

"မဟုတ်ဘူး မာမီ"

သစ္စာမွန်စာပေ



"ဘာမဟုတ်တာလဲ"

ဒေါ်ကေမီ လက်သီးဆုပ်ထားရင်း ဆတ်ဆတ်တုန်နေ သည်။

ဖောင်းကားနေအောင် အကျပ်အသိပ်ထည့်ထားသည့် ဖျား၏ ကျောနောက်ကအိတ်လေးကို အံကြိတ်ကြည့်ပြီး

"ငါ… ငါ ညည်းကို ယုံခဲ့တာ၊ ငါ့သမီး အဲဒီလောက် မမိုက်ဘူးလို့ လုံးဝကို ယုံကြည့်ခဲ့တာ သိလား၊ နိုးရာလိုက်ပြေး တဲ့ မိန်းမတစ်ယောက်ရဲ့တန်ဖိုးကို ညည်း သိလား"

"မာမီ၊ ဖျားက…"

"ညည်းမပြောနဲ့"

ဒေါ်ကေမီ မျက်ရည်တွေ မျက်ဝန်းအိမ်နှင့်အပြည့် ဖြစ်လာ၏။ ဖျား ဒွတ်တရွတ်ဆန့်တတ်တာမှန်ပေမယ့် မာမီ့ မျက်ရည်တွေကို မမြင်ရဲပါ။

သူမတစ်သက်မှာ မာမီ ဤမျှထိ ထိခိုက်ကြေကွဲတာ၊ မျက်ရည်လျှံတဲ့အထိ ခံစားခဲ့ရတာ တစ်ခါမှမမြင်ခဲ့ဖူးသဖြင့် ရင်ထဲမှာ တဒိတ်ဒိတ် ခုန်လာ၏။

သူမနှင့်ပတ်သက်၍ ဘယ်တုန်းကမှ တင်းတင်း ကျပ်ကျပ် ချုပ်ချယ်ခဲ့ဖူးသည်မရှိသော မာမီ။

အမြဲတမ်း ကြည်လင်ရွှင်ပျနေတတ်ခဲ့သည့် မာမီရယ်၊ ဒယ်ဒီရယ်၊ ဖျားရယ်…

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြေ့နေခဲ့ကြသည့် မိသားစုရိပ်မြုံလေး…

ဒီနေ့ သူမကြောင့် မာမီ မျက်ရည်ကျရပြီ။ တကယ်တော့ သူမ နိုးရာလိုက်ပြေးဖို့ မဟုတ်ပါ။

လှလေးတို့အိမ်မှာ ခိုးပုန်းနေရင်း ကိုယ်ဖြစ်ချင်တာကို မာမီ့ဆီမှာ တောင်းဆိုဖို့သာ ဖြစ်သည်။

ခုတော့ သူမ ဘယ်လိုမှရှင်းပြ၍မရနိုင်တော့တဲ့အထိ အခြေအနေတွေက ရှုပ်ထွေးကုန်သည်။

"ရည်းစားများခဲ့တဲ့ မိန်းမတစ်ယောက်ဆိုတဲ့ဘွဲ့ထူးအပြင် ဘယ်ကကောင်နဲ့ပါသွားမှန်းမသိတဲ့ မိဘတွေအဖြစ် ငါတို့က ကျန်ခဲ့ရဦးမှာပေါ့"

စကားဆုံးအောင်ဆက်ပြော၍ မျက်ရည်စက်တို့ ပိုးမိုးပေါက်ပေါက်ကျလာနေသည့် မာမီ့ကို ဖျား ငေးမောကြည့်နေမိသည်။

အရိုက်ခံလိုက်ရသည့် နာကျင်မှုတွေကိုလည်း မေ့သွားပါပြီ။

မာမီ့မျက်ရည်တွေကို မမြင်ရက်သောစိတ်က နောက်ထပ် ဘာကိုမှမဆန့်ကျင်တော့ဖို့ထိ။

"မရဘူး ဖျားလေး၊ ညည်းလုပ်ချင်တာ လုပ်ခွင့်မရဘူး၊ ဒါတွေကို ကြိုတွေးမိလို့ ငါက စိတ်ကူးထဲမှာရှိခဲ့ပြီးသား၊ လုပ်မယ်မထင်လို့ ဖွင့်မပြောခဲ့တာ၊ ကိုယ်ဖြစ်စေချင်သလို





ဖြစ်ဦးမလားလို့ ကြည့်နေခဲ့တာ၊ အေး… ခု ထပ်ပြောမယ်၊ နားထောင်"

မာမီက မျက်ရည်ကို ခပ်ကြမ်းကြမ်းပွတ်သုတ်ပစ်လိုက်ပြီး ဖျားရှေ့ကို တိုးရပ်လိုက်၏။

"ညည်း ထည့်ကိုမလိုချင်ဘူး မို့လား၊ ငါကလည်း ရှေ့ဆက် ညည်းကြောင့် မျက်နှာပျက်ရဦးမှာတွေရှိတဲ့အဖြစ်ကို ဆက်ပြီးမတိုက်တွန်းတော့ဘူး၊ ဒါပေမယ့် ညည်း လက်ထပ်ရမယ်၊ ထည်နဲ့မဟုတ်တဲ့ တစ်ယောက်ယောက်ကို ညည်း လက်ထပ်ရမယ်"

"မာမီ"

"ကိုယ့်သမီး ဘယ်သူနဲ့လိုက်ပြေးမှန်းမသိဘဲ သူများလက်ညှိုးထိုးတာကိုခံပြီး ငါက ထိုင်ကျန်နေခဲ့မှာမဟုတ်ဘူး၊ ဒီကြားထဲမှာလည်း ညည်းကို ငါက ရုပ်ရှင်တွေထဲကလို အခန်းထဲထည့်ပိတ်မထားဘူး ဖျားလေး၊ ဒီတိုင်းပဲထားမှာ၊ ဒီပုံစံမျိုး ညည်း ထပ်လုပ်သွားမယ်ဆိုရင် လုပ်လို့ရတယ်၊ ခုနစ်ရက်ပြည့်ရင်တော့ ငါ့ရဲ့ရက်လည် မုန့်ဟင်းခါးစားဖို့ ကြွခဲ့ဦးပေါ့"

ဖျားရင်ထဲမှာ စူးနင့်သွားသည်။

မျက်ရည်တွေ ချက်ချင်းပြည့်လျှံကျလာခဲ့၏။

ဒေါ်ကေမီက နောက်ကိုခပ်ဖြည်းဖြည်းလှည့်လိုက်ပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



''သမီးရှင်မိဘဆိုတဲ့ မာနကို အသက်နဲ့လဲပြသွားမယ် မိဖွား၊ မယုံရင် ညည်းလုပ်ကြည့်လိုက်''

ဒေါ်ကေမီ ထွက်ခွာသွား၏။

တံခါးက ပွင့်လျက်သား ကျန်ခဲ့ပါသည်။

ထိုစဉ်မှာ မနက်ခြောက်နာရီထိုးသော နာရီသံစဉ်လေးတွေ ထွက်ပေါ်လာခဲ့၏။

အရုဏ်တက်အလင်းရောင်က လင်းနေပြီလား၊ မှောင်နေသေးလား မသိ။

မျက်ရည်တွေ ပြည့်သိပ်နေသော ဖွားအမြင်ထဲမှာ အားလုံးက ဝေဝါး၍ မသဲကွဲနိုင်။

မာမီ့လို ဖွား မရက်စက်နိုင်ပါ။

ဒါပေမယ့် မာမီကတော့ ရက်စက်ဖို့ ဆုံးဖြတ်သွားခဲ့ပြီ။

ငါ ဘယ်သူနဲ့လဲ။

⌆ ⌆ ⌆

## အခန်း ▸▸ ၂၀ ◂◂

''ဒေါက်တာ သက်တန့် ဟုတ်လား''

''ဟုတ်တယ်၊ ဖွား ဒုတိယနှစ်တက်နေကတည်းက စေ့စပ်ထားဖို့ ကမ်းလှမ်းခဲ့ဖူးတဲ့တစ်ယောက်ပေါ့၊ သူ့အမေက လည်း မေတို့လိုပဲ ဖွားကို သိပ်လိုချင်တာ၊ စိန့်ကုန်သည် ဒေါ်မြသဇင်လေ''

''ဩော်''

ဦးကျော်လင်းက ကော်ဖီခွက်ကိုကိုင်ထားလျက် ခေါင်းညိတ်နေ၏။ ပြီးတော့ ဘာကိုမှမကြည့်ဘဲ မျက်လွှာချ၍ ပေါင်မုန့်ထောပတ်သုတ်ခြင်းကို ကြာရှည်စွာလုပ်နေသည့် သားဖြစ်သူထံ မျက်လုံးရောက်သွား၏။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မြသဇင်လား၊ မဆိုးပါဘူး၊ မုဆိုးမတစ်ယောက် ပေမယ့် ကိုယ်တို့ထက်တောင် ချမ်းသာသေးတယ်၊ သူက ဘာဖြစ်လို့ ဖျားကိုလိုချင်နေတာလဲ၊ ရင်းနှီးကြလို့လား"

"ဒေါက်တာ သက်တန့်ဆိုတာတော့ မေလည်း မသိဘူး၊ ဒါပေမယ့် ဒေါ်မြသဇင်ကတော့ အားလုံးနဲ့ရင်းနှီးပါတယ်၊ မေနဲ့လည်း ခေါ်ပြောဖူးတယ်၊ စိန်ထည်တွေဝယ်တိုင်း မီက သူ့ဆီကပဲ ဝယ်တာ၊ စေ့စပ်တာကို မီလက်မခံတဲ့နောက်မှာ အလာကျဲသွားတာလေ"

ဒေါ်မေကျော်က ကော်ဖီလည်း ဆက်မသောက်ဖြစ်ဘဲ ပန်းကန်ကိုကိုင်ထားလျက်နှင့် စကားပြောရင်း မျက်နှာမသာမယာ ဖြစ်နေ၏။

ဦးကျော်လင်းက လက်သုတ်ပဝါနှင့် နှုတ်ခမ်းဖျားတို့ကို အသာတို့သုတ်ကာ

"ဖျားလေးက ထည်နဲ့မသင့်မြတ်တဲ့နေရာမှာ ဆိုးနေတာ တစ်ခုပဲရှိတာ၊ သိပ်ကို ဆုတောင်းကောင်းတဲ့မိန်းကလေး။ လှလည်းလှတယ်၊ ချစ်စရာလည်းကောင်းတယ်"

"ဟုတ်တယ်၊ မေ စိတ်မကောင်းဘူး ကိုလင်းရယ်၊ တကယ်ဆို ဖျားလေးက မေတို့ရဲ့သမီး ဖြစ်ရမှာ"

စကားလုံးအဖျားက ကိုယ့်ဘက်သို့ ရိုက်ခတ်လာမှန်း သိလိုက်ကာ ထည် မလုံမလဲ မျက်နှာမော့လာ၏။





မာမီ့မျက်ဝန်းများနှင့် ဆုံမိလိုက်သည်။ သူထင်သလို ဒေါသမျက်ဝန်းများတော့ မဟုတ်ပါ။

"ဘယ်တတ်နိုင်မလဲလေ၊ မေတို့နဲ့ မထိုက်လို့ပေါ့"

မာမီက ခွင့်လွှတ်ဖို့ ကြိုးစားရှာသည်။

သို့သော်...

"ဘာပဲဖြစ်ဖြစ် မင်းသားကလည်း တင်းနေလို့ပါ၊ တစ်ဖက်ဖက်က လျှော့လိုက်ရင်ပြီးတာပဲ၊ အခုက နှစ်ယောက်လုံး ဖြစ်နေတာ"

"ကျွန်တော် သူ့ရှေ့မှာ ရန်ဖြစ်ခဲ့တာပဲရှိတာ၊ လူကြီးတွေရှေ့မှာ ခေါင်းခါခဲ့တာရှိသလား ဒယ်ဒီ"

ထည်က လေသံပျော့ပျော့နှင့် ဝင်ဖြေရှင်းသည်။

"ဟုတ်ပါတယ်၊ မေတို့ဘက်က ဆုံးဖြတ်လိုက်တာမှ မဟုတ်ဘဲ ကိုလင်းရယ်၊ မီကလည်း မာနကြီးတယ်၊ ဖျားကလည်း ခေါင်းမာတယ်၊ သားအမိနှစ်ယောက် ဘယ်လိုတွေဖြစ်ကုန်တယ် မသိပါဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ၊ မင်္ဂလာပွဲကတော့ မြန်လွန်းပါတယ်"

"ဒါကလည်း ထည်လေးကို ငြင်းရကောင်းလားဆိုပြီး မီ ကရုဏာဒေါသနဲ့လုပ်ပစ်လိုက်တာပဲလို့ မေ ထင်တယ်၊ မေ တားပါသေးတယ် ကိုလင်းရယ်၊ ဘယ်လိုမှကိုမရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုမင်းကိုခေါ်ပြီး ချက်ခြင်းကြီး စီစဉ်ပစ်တာ''

ဦးကျော်လင်း စိတ်မကောင်းတာက ဖျားကို ချွေးမ မတော်ရလိုက်ရလို့ မဟုတ်ပါ။

ဇနီးသည့် ဖျားအပေါ် တမ်းတနေဆဲရှိတာကို သိ၍ဖြစ်သည်။ သူ့မှာလည်း ဖုန်းဆက်ခေါ်၍ အားချင်းပြန်လာခဲ့ရသည်။ ဒီရောက်မှသာ ဒီကိစ္စတွေဖြစ်နေမှန်း သိခဲ့ရ၏။

ဒေါ်ကေမီတို့မိသားစု မျက်နှာတွေမကောင်းကြသောကြောင့် ဟိုဘက်ကိုတောင် မကူးဖြစ်သေးပါ။

''အစ်ကိုမင်းကိုယ်တိုင်လည်း မို့ကို နားမလည်ဘူးဖြစ်နေတာ၊ သားနဲ့ ခါးခါးသီးသီးငြင်းနေတဲ့ ဖျားကလည်း ခုကျတော့ ထူးထူးဆန်းဆန်း ငြိမ်နေတယ်လေ''

''ဒါဆို ဒေါက်တာ သက်တန့်ကိုတော့ လက်ခံနိုင်လို့ဖြစ်မှာပေါ့ မေ''

''မြင်ဖူးကြသလား၊ မမြင်ဖူးဘူးလားတောင် မသိဘဲနဲ့ ကိုလင်းရယ်၊ မေ ထင်ပါတယ်၊ သူတို့သားအမိ ဘာတွေ ဘယ်လိုရှုံ့စောင်းနေကြမှန်းကို မသိတာ''

ဦးကျော်လင်းမျက်လုံးကြီးတွေ ထည့်ဆီ ရောက်လာပြန်သည်။ ပေါင်မုန့်ကို ပါးစပ်ထဲထည့်ထားပြီး ဖိကိုက်ဖို့မေ့သွားကာ ထည် ဒယ်ဒီမျက်လုံးများနှင့် ရင်ဆိုင်မိ၏။

''ရှင်းနေတာပဲကွ၊ မင့်သားနဲ့လွဲရင်ပြီးရောဆိုပြီး ဖျား





က လက်ခံလိုက်တာနေမှာပေါ့၊ ပြောလို့မရဘူး၊ ငါတို့ရှေ့မှာသာ လူရိုးကလေးလိုနေတာ၊ မင့်သားက ကွယ်ရာမှာ ဖုန်းနဲ့ရန်ဖြစ်လိုက်၊ လမ်းပေါ်မှာ စိန်ခေါ်ဖြစ်လိုက်''

''မဟုတ်ပါဘူး ဒယ်ဒီရာ၊ တကယ်ကို လုံးဝကို မဟုတ်ဘူး''

ဖျား ဘာတွေလုပ်နေနေ၊ မာမီတို့ စိတ်မပျက်၊ မုန်းမရဖြစ်နေကြတာကို ထည် ယူကျုံးမရဖြစ်မိတော့သည်။

ကိုယ့်သားကို အနိုင်ယူနေတုန်းကလည်း ဖျားမှဖျား။

''သားက ယောက်ျားလေး''

''ဖျားလေးကို သည်းခံရမယ်''

''ဖျားလေးသာ မေတို့သမီးဆို သိပ်ကောင်းမှာပဲနော်၊ သားတစ်ယောက်၊ သမီးတစ်ယောက်နဲ့၊ ပြီးပြီ''

မာမီက သမီးလိုချင်နေတိုင်း ဖျားကို ပွေ့ပိုက်ထားလို့မဝ။

ပါရမီထူးသည့် ဖျားတို့က ငယ်ငယ်လေးကတည်းက လှသည်။ ဘယ်သွားသွား၊ ဂါဝန်လေးတဝဲဝဲနဲ့ကတည်းက သူများတကာ ဓာတ်ပုံဝင်ရိုက်ယူကြတဲ့အထိ တွာအံ့တသြဖြစ်အောင် လှသည်။

မျက်တောင်တွေ ရှည်လျားကော့ပျံတက်လျက် နီရဲစုထွေးသော နှုတ်ခမ်းသားလေးတွေက ကော်ပတ်ရုပ်လေးလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



တဲ့။

လူလှတော့ အရုပ်လေးလို…

အရုပ်လေးလှနေတော့ လူလိုတဲ့။

ဖျားက အရုပ်လေးနဲ့တူနေအောင် လှသည်ဟု ဆိုသည်။ ငယ်ငယ်ကဆို ဖျားက သူ့အိမ်မှာနေရသည် မရှိ။ မာမီသာ ခန့်ညားထည်ရဲ့မိခင်ဖြစ်သလို ဖျားရဲ့အမေလည်း ဖြစ်ချင်ခဲ့သူ။

ဖျားက မာမီ့လက်ပေါ်မှာပဲ ကြီးပြင်းခဲ့သလို ဖြစ်ခဲ့သည်။ မာမီတို့၊ ဒယ်ဒီတို့ကို ဆိုးနွဲ့ ချစ်ခဲ့သမျှ သူနဲ့ ဘယ်တုန်းကမှ မတည့်ပါ။

ဒါပေမယ့် မုန်းတီးခဲ့ကြတာမျိုး မဟုတ်။

ထည်ကိုယ်တိုင် ဖျားက အိမ်မှာ အချစ်တော်ခံဖြစ်နေတာကို မနာလိုစိတ်မျိုး မဖြစ်ခဲ့တာ အမှန်ပင်။

စားသည့်၊ ကစားသည့်နေရာလေးတွေမှာ တစ်ယောက်နဲ့တစ်ယောက် အနိုင်မခံ၊ အရှုံးမပေးဖြစ်ခဲ့ကြရင်း မသင့်မြတ်မှုတွေက သန္ဓေတည်ခဲ့ကြသည်။

နှစ်ယောက်လုံးက တစ်ဦးတည်းသော သား၊ တစ်ဦးတည်းသော သမီး။

ဖျားကို မာမီတို့က မွေးပိုက်ကြသလို၊ ထည့်ကို အန်တီမီတို့ ယုယသည်။

သစ္စာမွန်စာပေ



မိသားစုနှစ်စုမှာ သူ့သား ကိုယ့်သမီးဆိုတာ မရှိခဲ့။ ဖျားကို မာမီဆုံးရှုံးမခံနိုင်တာ အပြစ်တော့ မတင်သာပါ။

ဒါပေမယ့် ခုလိုလုပ်သွားတဲ့အထိ ခွင့်လွှတ်တမ်းတနေတာကတော့ လွန်ပါသည်။

"ကိုယ်နဲ့မှမတိုက်တာ" ဟု ဖြေသိမ့်နေရှာသည့် မာမီ့မျက်ဝန်းမှာ မျက်ရည်တွေ စို့နေပြီ။

မာမီ့ကိုချစ်သော ဒယ်ဒီက မျက်နှာမကောင်း။

"သူတို့ညှော်ခံပွဲရက် သတ်မှတ်လိုက်တာ ဘယ်နေ့လဲ"

"လာမယ့် နှစ်ရက်နေ့ပဲ"

နောက်ဆုံးစကားကိုပြောပြီး မာမီ ထရပ်လိုက်သည်။ မျက်ရည်စက်တစ်စက် လက်ခနဲ ကြွေဆင်းလာသည်။

ထည် မယုံနိုင်စွာ မော့ကြည့်လိုက်မိ၏။

မာမီ ဒီလောက်ထိ ကြေကွဲနေရှာသလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၂၁ ⏪

သူတို့ကား ခြံဝရောက်လာတော့ ရှေ့ကဖြတ်မောင်းသွားသည့် ကားထဲမှာ ဖျားနဲ့လူတစ်ယောက်။

ပထမဆုံးမြင်ဖူးတာပေမယ့် ဒေါက်တာ သက်တန့်ဆိုသူပဲဖြစ်မှန်း ထည် သိလိုက်၏။

အသားဖြူသည်။

နှာတံက အနောက်တိုင်းဆန်စွာ တန်းဆင်းကော့ချွန်နေ၏။

ကားပေါ်မှာပေမယ့် ခပ်ဖြည်းဖြည်းမောင်းသွားတာမို့ ပါးလျလွန်းသော နီမြန်းသည့်နှုတ်ခမ်းအစုံကိုလည်း သတိထားမိလိုက်သည်။





တိုရှင်းသောဆံပင်ရှင် ရှပ်လက်ရှည်အဖြူ၊ အနက်ရောင် နက်ခ်တိုင်နဲ့မို့ လူပုံက ရှင်းသန့်ဝင်းမွတ်နေသည်။

ခြုံငုံ၍ပြောရလျှင် အတော်လေးချောမောပြေပြစ်ပါ၏။

ဒေါက်တာဆိုသည့်ဂုဏ်နှင့် ပို၍ပင် လိုက်ဖက်နေသည်။

ဖျားနှင့် ရှေ့သွားနောက်လိုက်ညီရုံပင်မကဘဲ နှစ်ယောက်တွဲသွားလျှင် လူတိုင်းငေးမောကြလိမ့်မည် ထင်သည်။

ဒါပေမယ့် ဖျားမျက်နှာလေးကတော့ ထိုယောက်ျား၏ ချောမောမှုကို သဘောကျလက်ခံနေပုံမရှိ။

ငိုင်ငိုင်တောင့်တောင့်လေးပဲ ပါသွားတာ တွေ့သည်။ သက်တန့်ဆိုသူကလည်း ကြည်နူးရယ်မောနေတာမျိုး မရှိ။

"လုံးဝသေချာသွားပြီ ထည်၊ သူပဲ၊ အဲဒါ သက်တင်ရဲ့ အစ်ကို၊ သေချာတယ်"

မြေပုံကပြောတော့ ရင်ထဲမှာ လှပ်ခနဲ နွေးသွားသည်။ ထိုနွေးသော စီးကြောင်းတစ်ခုသည် ရင်ဝမှနေ၍ ကွေ့ပတ်ဝင်သွားတာ အနက်ရှိုင်းဆုံးသို့ ရောက်လေသည်။

ကားမောင်းထွက်ဖို့ကို တော်တော်နဲ့ သတိမရ။

"သူ့မှာ ချစ်သူရှိတယ်ကွ၊ ဒါပေမယ့် နိုင်ငံခြားရောက်သွားပြီဆိုတော့ ပြီးပြီလို့လည်း ပြောလို့ရတယ်၊ သက်တင်ကလည်း သဘော်လိုက်သွားပါပြီ၊ အားလုံးကတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကတ္တာနဲ့သူ ပြီးနေပြီ၊ မပြီးတာက ဖျားနဲ့သူ လက်ထပ်ဖို့ ဖြစ်လာတာပဲ''

ဖြည်းဖြည်းလေးလိမ့်နေသော ကားကိုရော၊ မောင်းနေသည့် လူကိုပါ နားလည်နေသဖြင့် မြေပုံက အေးအေးဆေးဆေး ရှင်းပြနေသည်။

လင်းနေက ငြိမ်သက်နေ၏။

ထည့်မျက်နှာသည် အသက်လေးဆယ်ခန့်ရှိသော ကျောင်းအုပ်ဆရာကြီးတစ်ယောက်လို တင်းမာသည်မဟုတ်ဘဲ တည်ငြိမ်လေးနက်နေခဲ့၏။

''ဒေါက်တာသက်တန့်ကလည်း မိဘကချမ်းသာ၊ သူက ဒေါက်တာ၊ ပြီးတော့ လူချောပဲကွ၊ လိုချင်တဲ့သမီးရှင်တွေ၊ သဘောကျတဲ့ မိန်းကလေးတွေဝိုင်းနေတဲ့ သူ၊ ဒါပေမယ့် သူ ဖျားကိုပဲရွေးခဲ့တာ မင်းတွေးကြည့်''

မြေပုံက ထည့်ကိုမဟုတ်ဘဲ လင်းနေကိုကြည့်ပြောလိုက်တာ ဖြစ်သည်။ လင်းနေက နားမလည်သလို ပြန်ကြည့်ကာ

''ဖျားကရော ခပ်ညံ့ညံ့မှ မဟုတ်တာကွ၊ ဘယ်သူနဲ့မှမတူအောင် လှနေတဲ့ဟာ''

''ဒါလည်း ဟုတ်ချင်ဟုတ်မယ်၊ ဒါပေမယ့် ဒီထဲမှာ မရှိးသားမှုတော့ ရှိနေတယ်ကွ''





''ဘာဖြစ်လို့လဲ''

''ငါပြောပြီးပြီလေ၊ ဦးဦးဖျားကို ကျွန်တော် လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကိုယ်ကျွန်တော်သိတယ်တဲ့၊ မရရအောင်ယူမှာတဲ့''

''အေးလေ… ဒါလည်း လှလို့လိုချင်တာဖြစ်မှာပေါ့''

''ဒေါက်တာ သက်တန့်အနေနဲ့ လှတဲ့မိန်းကလေးက သိပ်မရှားဘူးကွ၊ သူ့ရဲ့လုပ်ဖော်ကိုင်ဖက် ဆရာဝန် ကိုဇော်ပိုင်က ငါတို့ရဲ့ ဖင်မလီ ဒေါက်တာ၊ အားလုံးက သူ့ကို နားမလည်ကြဘူးတဲ့၊ သူ့မာန၊ သူ့စိတ်နဲ့ ကိုယ့်ကိုမချစ်မှန်းသိလျက်နဲ့ တခြားသူနဲ့လိုက်ပြေးဖို့ဆဲဆဲမိန်းကလေးတစ်ယောက်ကို လက်ထပ်ယူဖို့ဆုံးဖြတ်တာပေါ့''

''ဒီထိလည်း တခြားဖြစ်နိုင်ချေတွေ ရှိသေးတာပဲကွ၊ မင်းထင်သလို ဖျားကြောင့် အသည်းကွဲခဲ့တဲ့ သူ့ညီသက်တင်အတွက် တုံ့ပြန်ဖို့ဆိုတာ သိပ်မသေချာပါဘူး''

လင်းနေက ဖြစ်နိုင်ချေအားလုံးကို ဖယ်ပစ်နေသည်။

ငြင်းဆန်နေသော်လည်း သံယောဇဉ်လက်ကျန်နှင့် ဝေဝိုင်နေရှာသည့် ထည့်ရင်ထဲကို သူ တွက်မိနေ၍ပါ။

''တကယ်ရင်ဆိုင်မိလို့ တကယ်ငြိသွားရင်တော့ မသိဘူး၊ ဒေါက်တာဇော်ပိုင်ကတော့ သူနဲ့ တိုက်ရိုက်ပြောခဲ့တဲ့သူဆိုတော့ သူ့အပြုံးတွေ မရိုးသားဘူးလို့ တပ်အပ်ပြောတာပဲကွ၊



www.burmeseclassic.com

www.burmeseclassic.com



ဖျားဆိုတာ ငါ့သူငယ်ချင်းနဲ့ ဒီလိုပတ်သက်နေမှန်းသိသွားတော့ သူ သေချာလို့ပြောသွားတာ၊ သက်တန့်ဆိုတဲ့လူက ဘယ်မိန်းမကိုမှ သိပ်စိတ်ဝင်စားခဲ့တာမဟုတ်ဘူးတဲ့၊ သူ့ချစ်သူ နိုင်ငံခြားထွက်သွားကတည်းက ပိုပြီးမာကျောကျောဖြစ်ခဲ့တာတဲ့၊ သူ့အမေက တခြားမိန်းကလေးတစ်ယောက်နဲ့ စီစဉ်ပေးဖို့ လုပ်ဖူးတာ၊ သူ လက်မခံဘူးတဲ့၊ ခုကျမှ…''

ဖိုးမြေပုံက ပြောလေကဲလေ…

သူ မျက်ရိပ်ပြလိုက်မှပဲ စကားရပ်လေသည်။

ထို့အတူ ကားလေးကလည်း လမ်းဘေးတစ်နေရာမှာ ထိုးချရပ်သွားပြီး

''အဲဒါ ဖြစ်နိုင်တယ်ကွ''

ထည်က စတီယာရင်ပေါ် လက်တစ်ဖက်တင်ပြီး မြေပုံဘက်ကို လှည့်ထိုင်၏။

''တစ်သက်လုံးပေါင်းသွားကြရမယ့် နှစ်ယောက်ထဲမှာ တစ်ယောက်က ဒီလိုမသန့်စင်ဘူးဆိုရင် တစ်ယောက် ဘယ်လောက် နစ်နာမလဲ''

''နာနာပေါ့ကွာ၊ သူ့ဖာသာ သူကခဲ့တာပဲ၊ စိတ်ကောင်းလေးသာ မထားဘူးဆိုရင် လက်ခုပ်လက်ဝါးတီးပြီး ကြည့်နေလိုက်ရုံပဲ''

မြေပုံက ထည့်မျက်နှာကို စိုက်ကြည့်ပြီး ပြောသည်။





တကယ်ပြောတာလား။ ထည့်ကို ရွဲ့တာလား။ ထည်က မျက်မှောင်ကုတ်၍ ပြန်ကြည့်သည်။

''ဒါတော့ ဒါပေါ့ကွ၊ ဒါပေမယ့်…''

''ဒါတွေ များနေပြီ''

လင်းနေက ထည့်ဘက်က ဖေးဖေးမမလေး ဝင်ပြောဖို့ စလိုက်ပြီးမှ စကားတွေများပြီး ရယ်သည်။

မြေပုံက မျက်စောင်းကြီးရွယ်၍ မထိုးဖြစ်။

တကယ်ဆို သူတင်းနေတာ ထည့်ကိုပဲဖြစ်သည်။

ကျောင်းမပြီးခင်ကတည်းက ကျောင်းပြီးတာနဲ့ လက်ထပ်ပေးတော့မည်ဟု ကြားသည်။

အေးအေးဆေးဆေးခေါင်းညိတ်လိုက်စမ်းပါလို့ သူတို့ တိုက်တွန်းခဲ့ကြတာ သေလုမျောပါး။

ကျောင်းပိတ်သွားတော့လည်း ဖုန်းတွေဆက်ပြော၊ အခြေအနေတွေ မေးပြီး အကြံပေး။

ရွှေကိုယ်တော်က ဖျားကို တခြားတစ်ယောက်နဲ့လိုက်ပြေးဖို့တောင် တိုက်တွန်းလိုက်သေးသတဲ့။

ခုကျမှ သံယောဇဉ်လိုလို၊ ကရုဏာလိုလို။

ဟွန်း…

သေလိုက်လို့ပြောချင်တာ ပါးစပ်ထဲမှာ ယားနေသည်။

လင်းနေကတော့ ထည့်ကို မဝေဖန်ရက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာတွေ ထားနေသည်။

"ချစ်ခြင်းမေတ္တာဆိုတာ သိပ်ကိုဆန်းကြယ်တာကွ၊ မုန်းနေတဲ့သူကို ကရုဏာတွေဖြစ်မိ၊ ချစ်မိသွားဖို့လည်း မိနစ်ပိုင်း၊ စက္ကန့်ပိုင်းကလေးနဲ့ ဖြစ်သွားနိုင်သလို၊ မျက်တောင်တစ်ခတ်၊ လျှပ်တပြက်လေးမှာပဲ သေလောက်အောင် မုန်းတီးနာကြည်းသွားတာမျိုးလည်း ဖြစ်နိုင်တာပဲ၊ ဒါပေမယ့် မုန်းလိုက်တာပဲဖြစ်ဖြစ်၊ နာကြည်းခဲ့တာပဲဖြစ်ဖြစ်၊ အချစ်ဆိုတာ မေ့ပျောက်သွားတဲ့အရာမျိုး မဟုတ်ဘူး၊ ချစ်ခဲ့ဖူးတာလည်း ရင်ထဲမှာရှိနေတာပဲ၊ မုန်းခဲ့ဖူးတာကိုလည်း ဘယ်တော့မှမမေ့ဘူး၊ သေသောသူ ကြာရင်မေ့ဆိုပေမယ့် အချစ်က သေသွားတယ်မှ မရှိတာ"

ဘာတွေလဲ။

နှစ်ယောက်ကို တစ်လှည့်စီကြည့်လိုက်ပြီး ထည်က မြေပုံကို မေးဆတ်၏။

"မြေပုံ··· ဒီကောင်က ဘာပြောတာလဲ"

"မေးကြည့်ပါလား"

မြေပုံက စကားကောင်းမပြောဘဲ ခပ်တည်တည်လုပ်နေ၏။

လင်းနေက သက်ပြင်းချရင်း နှုတ်ခမ်းကို မသက်မသာဖိမဲ့ကာ···





"ဖိုးထည်ရ··· ငါက မင်းခံစားနေရတာကို စာနာစွာ ဝေဖန်ပေးနေတာ၊ ပွင့်ပွင့်လင်းလင်း ခံစားစမ်းပါကွာ၊ ဖျား တကယ်ပါသွားပြီဆိုတော့ မင်းနှလုံးသားထဲမှာ ပုရွက်ဆိတ်တစ်ကောင် တလှုပ်လှုပ်ရွကိုက်နေသလို ဖြစ်နေပြီမို့လား"

ထည်က ခေါင်းခါသည်။

လင်းနေက အပီအပြင်သိနေသည်ဆိုသောအပြုံးနှင့်ထပ်၍ ခေါင်းခါ၏။

"ငါက ပုရွက်ဆိတ်တစ်ကောင်လို အဓိပ္ပါယ်မဲ့ ပြောတာ မဟုတ်ဘူးကွ၊ ခုနေမှာ မင်းဟန်ဆောင်ဖုံးဖိခံစားလို့ရနေသေးတာကို ပြောတာ၊ တစ်ကောင်တည်းကိုက်နေတော့ ခုမှ ဆစ်ခနဲ ဖျင်းခနဲ ခံစားနေရရုံပဲလေ၊ ဟန်ဆောင်ဦးပေါ့ကွာ၊ အဟွန်း··· ဒါမျိုးက လွတ်တဲ့ငါး ကြီးတတ်တယ်၊ မင်းကြာလေ အရူးရင့်လေဖြစ်မှာ"

"အဓိပ္ပါယ်မရှိတာ လင်းနေရာ၊ ငါ ဒီလောက်ဖြစ်နေရင် ခုလိုတွေဖြစ်လာစရာကို မရှိဘူး"

"ဖြစ်လာမယ်လို့လည်း မထင်ခဲ့ဘူးဆိုတာ ထည့်ပြောလေ၊ မင်းမာမီ ဖျားကိုမရလို့ ဖျားတောင်ဖျားတယ်မို့လား၊ ငါတို့က မင်းအိမ်မှာ အမြဲဝင်ထွက်နေကြတာ၊ မင်းဖုံးလို့မရဘူး"

"ဒါကတော့ မာမီက ဖျားကို နှိမ့်တိုက်ရုံတမယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



မွေးခဲ့တာကိုး၊ သံယောဇဉ်ရှိမှာပေါ့''

''မင်းကရော''

လင်းနေ ကောက်ခနဲမေးတော့ ထည် မျက်လွှာပင့်ကြည့်ရင်း ခဏငြိမ်ကျသွား၏။

''သံယောဇဉ်တော့ရှိတာပေါ့၊ ဒါ အဖြူထည်သက်သက်ပဲဟာ၊ ဒါကြောင့်လည်း အခု ဒေါက်တာ သက်တန့်မရှိးသားဘူးဆိုတာကိုသိလို့ စိတ်မကောင်းဖြစ်မိတာ၊ မင်းတို့ပဲ တလွဲတွေးနေ''

ထည်က မျက်နှာကို ပို၍တင်းပစ်ရင်း စတီယာရင်ဘက် တည့်တည့်လှည့်ထိုင်လိုက်သည်။ ပြီးတော့ ဂီယာပေါ် လက်တင်၏။

''ဒါဆို မင်းရဲ့အခန်းထဲက အတိုအရှည်မညီတဲ့ စီးကရက်တိုတွေက ဘာလဲ''

ထည် ဖျတ်ခနဲ လှည့်လာသည်။

''ညညဆို မင်းမာမီကိုယ်တိုင် ပြတင်းပေါက်တွေ အမြဲတမ်းဝင်ပိတ်ပေးနေကျ၊ ထောင့်ခန်းမှာမို့လို့ ပြတင်းနှစ်ပေါက်ရှိနေတယ်၊ ဘေးပေါက်က လေတအားဝင်လို့ တစ်ညလုံး လေစိမ်းတိုးခံလိုက်တဲ့နေ့ဆို မင်းဖျားတာပဲတဲ့၊ အန်တီကိုယ်တိုင်ပြောတာပဲ၊ ဒါကြောင့် ပြတင်းတံခါးပေါက် ဝင်ဝင်ပိတ်ပေးရတာ အကျင့်ပါနေပြီတဲ့၊ ဘုရားရှိခိုးဖို့ တစ်ခါတလေ





မေ့တတ်သေးတယ်၊ မင်းအခန်းတံခါးတွေ ဝင်ပိတ်ပေးဖို့ကိုဘယ်တော့မှမမေ့ဘူးတဲ့၊ ကဲ…''

မြေပုံက အငိုက်ဖမ်းမေးသည်။

ထည် မျက်လုံးကြီးပြူးကြည့်ရင်း ဘာပြောရမှန်း မသိ။

ညက မာမီ တံခါးတွေ ဝင်ပိတ်ပေးပါသည်။ သူဘယ်လိုမှအိပ်လို့မရသဖြင့် မှန်တစ်ဖက်မှာ ရပ်လိုက်မိစဉ်ဖျားအိပ်ခန်းမှာ မီးလင်းနေတာ တွေ့လိုက်ရ၏။

အချိန်ကိုကြည့်တော့ ညဆယ်နာရီထိုးနေပြီ။

ဖျားတစ်ယောက်ဟာ ဘာကိုမှဂရုသိပ်မစိုက်ဘဲသည်လိုဆယ်တန်းစာမေးပွဲဖြေတုန်းကတောင် ညဥ့်နက်အောင် စာကြည့်ခဲ့တာမရှိ။

ဒါပေမယ့် မှတ်ဉာဏ်ကောင်းသည်။

စာရလွယ်သည်။

မေးလိုက်တိုင်း 'ငါရပြီးသား' လို့ ဖြေတတ်သလိုရလည်း ရနေတဲ့သူ။

ခု ကျောင်းတွေလည်း ပြီးပြီ။

ညဥ့်နက်အောင် မအိပ်နိုင်သည့်ကိစ္စဟာ ဘာလဲဆိုတာထည် တွေးလိုက်မိပါသည်။

စိတ်ထဲမှာ ဖြတ်ခနဲဆို ညံ့သက်သွားမိကာ ဖျားခေါင်းက ဆံပင်တွေကို ဆွဲဖွ၊ ပြီးတော့ ပြန်၍သပ်ချပေးရင်း အား



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ချင်မိသည်။

မှန်တံခါးချပ်ကို ဖွင့်ပစ်လိုက်မိရင်း သူ သေချာထပ်ကြည့်ခဲ့သည်။

အတွင်းကန့်လန့်ကာ ပိတ်မထားသဖြင့် စားပွဲခုံမှာ လက်တင်မျက်နှာမှောက်နေသော ဖျားရဲ့ပုံရိပ်လေးကို မြင်နေရသည်။

သူ မှန်ဘီလူးပြေးယူပြီး ဆွဲကြည့်မိလိုက်ပြန်သည်။ ဖျား ငိုနေပါသည်။

မှောက်ချထားသည့် ပခုံးစွန်းလေးတွေ တသိမ့်သိမ့် တုန်နေရှာ၏။

ပြီးတော့ တဖြည်းဖြည်း ခေါင်းမော့လာကာ မျက်ရည်တွေကို သုတ်ပစ်သည်။

ပြီးတော့ ထရပ်၏။

ပြတင်းပေါက်ဆီလှည့်လာတော့ သူ့မှာ ကပျာကယာ ကွယ်ပစ်လိုက်ရသေးသည်။

နောက်ထပ် ပြန်ချောင်းကြည့်တော့ ဖျားက ပြတင်းပေါက်မှာ မှန်တစ်ချပ်ဖွင့်၍ ရပ်နေတာ တွေ့၏။

သွားပြီ။

ငါ့တံခါးဖွင့်နေတာ သူ တွေ့သွားပြီ။

သူလည်း ငါ့လိုပဲ လှမ်းကြည့်နေမှာပါ။

သစ္စာမွန်စာပေ



ထည် နံ့ရံကိုကွယ်ကာ တုတ်တုတ်မှ မလှုပ်ရဲတော့ပေ။

နောက်ထပ်တစ်ခါ အသာလေး ပြန်ချောင်းတော့ ဖျားက မီးမှိတ်ပစ်လိုက်ပြီ ဖြစ်သည်။

ထိုအခါ တွေးဖြစ်မိသည်က ‘ငါမှားသွားသလား’ ဆိုတာပဲ ဖြစ်၏။

ရင်ဆိုင်မိခဲ့ကြတာက နှစ်ယောက်လုံး။

စိန့်ခေါ်ခဲ့ကြတာလည်း သူရော ကိုယ်ရော နှစ်ယောက်စလုံးပဲ ဖြစ်နေသည်။

ဒါဆို ဘယ်သူ့ကိုလွန်တယ်လို့ ပြောမလဲ။

ဘယ်သူမှမမှားခဲ့၊ မလွန်ခဲ့ပါလျှင် မှန်တယ်လို့ ဆိုမလား။

ဖျားငိုနေခဲ့တာ မှားသလား၊ မှန်သလား။

သူ့စိတ်တွေ ဘယ်လိုမှ မကြည်လင်တော့ဘဲ တစ်ဝက်ကျအောင် တစ်ခါမှမသောက်ခဲ့ဖူးသော…

မာမီတို့လည်း ပြင်းပြင်းထန်ထန် တားမြစ်ထားခဲ့သည့် စီးကရက်တွေ တစ်ညလုံး ထိုင်သောက်နေခဲ့မိသည်။

မင်္ဂလာပွဲက ကပ်နေပြီ။

“ဘယ်လိုလဲ မင်း ဝန်ခံပြီလား”

ငေးငိုင်တိတ်ဆိတ်သွားခဲ့သော ထည့်ကို မြေပုံကလည်း မရမကပဲ ထပ်မေးသည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထည် မျက်နှာမော့၍ မျက်ခုံးအစုံကို တွန့်ကုတ်ထားမိသည်။

"ဘာကိုငန်ခံရမှာလဲ၊ သူစိမ်းတွေတောင်မှ အမြင်မတော်ရင် ကူညီရသေးတာ၊ သူ ညက ငိုနေတာတွေ့လို့ ငါ ကြည့်ပြီး စိတ်မကောင်းဖြစ်သွားတာ"

"တစ်ညလုံးပဲလား"

ထည် ဘာမှမပြောဘဲ ကားစက်နှိုးလိုက်သည်။

မြေပုံနှဲ့ လင်းနေ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြ၏။

ထို့နောက် ပြိုင်တူသက်ပြင်းချလိုက်ကြကာ...

"မင်းတို့နှစ်ယောက်၊ ငါပြောရဲတယ် ထည်၊ ငါးရဲ့ပြာလူးတာထက် ဆိုးကြဦးမယ်"

မြေပုံက နိမိတ်ရေးလေသည်။

# အခန်း ›› ၂၂ ‹‹

"မျက်နှာက ဘာဖြစ်နေတာလဲ ဦးဦးဖျား၊ ဝတ်စုံကို စိတ်တိုင်းမကျလို့လား"

ဖျားက ခေါင်းခါ၍ မျက်နှာကို တစ်ဖက်လှည့်ပစ်လိုက်သည်။

မတ်တပ်ရပ်နေရာမှာ သက်တန့်က ဖျားမျက်နှာလှည့်ပစ်သည့်ဘက်မှာ ထိုင်ချလိုက်သည်။

ခုံတန်းကလေးအစွန်းမှာ ကပ်ထိုင်လိုက်တာချို့ လူချင်းပူးကပ်သွား၏။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖျားက တစ်ဖက်ကို ရှေ့ထိုင်လိုက်လျှင်…

“ဒီတိုင်းနေလည်း အနားမှာ အမြင်မတော်မယ့်သူ မရှိပါဘူး”

သက်တန့်က ဖျားလက်မောင်းလေးကို ဆွဲထားလိုက်သည်။

ဖျားမျက်နှာလေး တင်းခနဲ ဖြစ်သွားသည်။

“ရည်းစားထားတာ သူတို့ကို သာယာစေဖို့လိုမလား”

ဤသို့ သူမ ဟစ်ကြွေးထားခဲ့ဖူးသည်။

ချစ်သူတို့ဘဝ ထိတွေ့သာယာမှုများကို အထူးသဖြင့် ရှောင်ရှားသန့်စင်နိုင်ခဲ့သော ကိုယ့်ကိုယ်ကို ဂုဏ်ယူလို့မဆုံး ဖြစ်ခဲ့ရခြင်းများမှာ ဘယ်သူတွေကျေနပ်နပ် မနပ်နပ်…

ဘယ်သူ တက်ခေါက်ကျန်ခဲ့ပါစေ။

ဖျား ဘာကိုမှ ဂရုမစိုက်ခဲ့။

ထို့ကြောင့် ကိုယ့်အသားကို အနည်းငယ်မျှပင် ထိကိုင်တာ မကြိုက်။

ယောကျ်ားဆို အားလုံးအတူတူပဲ ဖြစ်သည်။

လက်ထပ်မယ့်သူလည်း ယောကျ်ားပဲ။

အခု လက်ထပ်ရသေးတာ မဟုတ်။

ဖျားမျက်နှာ တင်းမာပြောင်းလဲသွားတာကို ရှုးရှုးရဲရဲ စိုက်ကြည့်ပြီး သက်တန့်က ပြုံးသည်။





မလိုလားစွာ ဖယ်ချပစ်နေသည့်ကြားမှ လက်မောင်းလေးကို ဖွတ်အတင်း ဖိဆုပ်ထားလိုက်၏။

“ဘယ်လိုဖြစ်တာလဲ ဦးဦးဖျား၊ ကိုယ့်ကို မင်းထားခဲ့တဲ့ ရည်းစားတွေလို သတ်မှတ်နေတာလား”

ဖျား ဟင်ခနဲ ဖြစ်သွားသည်။

ထိတ်လန့်သွားတာ မဟုတ်ပါ။

တစ်ကြိမ် နှစ်ကြိမ်သာ တွေ့ခဲ့ဖူးလျက် တစ်ခါမှလည်း မခေါ်ပြောခဲ့ဖူးပါ။

လက်ထပ်ဖို့ဖြစ်လာတာကလည်း တစ်ယောက်အကြောင်း တစ်ယောက်လေ့လာဆွေးနွေးရလောက်အောင် အချိန်ယူခဲ့တာ မဟုတ်။

ဒီလို တိုတောင်းမြန်ဆန်လွန်းသည့် တွေ့ဆုံမှုလေးမှာ ဖျားရည်းစားထားခဲ့တာတွေ သူသိနေသလား။

ဖျား ငေးခနဲဖြစ်သွားတာကိုကြည့်၍ ပြက်ပုံးတစ်ခုလို သက်တန့်က ရယ်ပစ်လိုက်၏။

“မင်း သက်တင်အောင်ကို မှတ်မိသေးလား”

နာမည်နှင့်အတူ မျက်နှာတစ်ခုကို ကွက်ခနဲ မြင်လိုက်၏။

ထားခဲ့ဖူးသည့် ရည်းစားတစ်ယောက်ကို မမှတ်မိရလောက်အောင်လည်း ဖျားမှာ အများကြီးမရှိခဲ့သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



သက်တန့်က ရယ်နေသည့်နှုတ်ခမ်းကို အေးစက်စက် ပြန်၍စွေ့ပစ်လိုက်ပြီး

"သူက ကိုယ့်ညီပဲ၊ အင်း… အရင်းတော့ မဟုတ်ပါဘူး"

ဖျား ဘာမှမပြောပေမယ့် မျက်နှာလေးကို တင်းထားလိုက်သည်။

လက်ကို ဒိုင်းဆုကိုကိုင်ပြီး ရင်ကော့ ရပ်နေသူလို အောင်နိုင်သောအပြုံးနှင့်…

"သိပ်လှသလောက် မာနကြီးသတဲ့၊ ရည်းစားထားတာ အချစ်နဲ့မဟုတ်ဘဲ နိုင်းချင်လို့ဆိုတဲ့ မဟာစိတ်ကူးတွေကြောင့် သူ ကျဆုံးပြီး ကျောင်းတစ်ပိုင်း တစ်စနဲ့ သဘော်လိုက်သွားတယ်လေ၊ ဦးဦးဖျား"

စကားဆုံးတော့ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ပစ်လိုက်ပြီး မျက်နှာချင်းကပ်ခေါ်သည်။

ဖျား အံကြိတ်နေ၏။

"ကိုယ့်ဘဝအစီအစဉ်ထဲမှာ မင်းနဲ့သာမဟုတ်ဘူးဆိုရင် အိမ်ထောင်ပြုဖို့၊ လက်ထပ်ဖို့ဆိုတဲ့ကိစ္စကို ဒီနေ့ထိ လက်ခံခဲ့မိမှာ မဟုတ်ဘူး၊ လက်ခံခဲ့တာလည်း ဦးဦးဖျားဆိုတဲ့မိန်းမ သိပ်လှတယ်လို့ကြားပြီး မက်မောလွန်းလို့လို့ မထင်နဲ့၊ မင်းကို စိတ်ဝင်စားခဲ့တာ မင်းရဲ့မာန၊ ယောကျ်ားတစ်ယောက်ကို အဖော်





အလျော် နိုင်းဖတ်လိုမဲ့ သဘောထားခဲ့တဲ့ မင်းရဲ့ရှောင်ကြဉ်နိုင်မှုတွေကို လက်တွေ့သိချင်တာ"

သူ့မျက်နှာ ရှေ့ကတိုးလာတော့ ဖျားမျက်နှာကို နောက်သို့ လှန်ပစ်လိုက်မိသည်။

"မင်းဟာ ရည်းစားများတယ်ဆိုတဲ့ နာမည်ဆိုးကို အထက်စီးကြောင်းတစ်ခုနဲ့ ဆေးကြောပစ်ခဲ့တဲ့ မိန်းမပဲ၊ မင်း ကိုယ်မင်း သန့်စင်ခဲ့တဲ့နောက်မှာ ကျိုးကျေကျန်ခဲ့တာ မာနတွေပဲ၊ အဲဒီယောကျ်ားတွေရဲ့မာနကို ကိုယ် ပြန်လိုချင်တယ်"

"ယူပေါ့၊ မာနတွေ၊ သိက္ခာတွေ လာမပြောနဲ့၊ ဖျား ဘယ်သူ့ကိုမှ မစည်းရုံးခဲ့ဘူး၊ မိန်းမတစ်ယောက်ရှေ့မှာ ဒူးထောက်ခဲ့တဲ့ ယောကျ်ားမှာ မာနပါမလာလို့ သေပဲပြရ ပြရ၊ ရပ်စေ သွားစေ စေလိုရာစေပါဆိုတာမျိုးလာလုပ်ရင် ဖျားက လည်း နိုင်းချင်နိုင်းမယ်၊ ခေါ်ချင်ခေါ်မယ်၊ အဲဒါ ဘာတွေမှား နေသလဲ၊ ဖျားက မာနတွေကို ရွေးချယ်ရိုက်ချိုးနေတာ မဟုတ်ဘူး၊ ဘာလဲ… ရှင်က ယောကျ်ားများရဲ့ ကိုယ်စားလှယ်ကြီး လား"

"ဟုတ်တယ်ဆိုရင်ရော"

ဖျားက နီးကပ်စွာရှိနေဆဲ သက်တန့်မျက်နှာကို ရဲတင်းစွာ… ရဲရဲစွာ…

ပြန်၍ စူးစိုက်မော့ကြည့်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆို နေရာမှားနေပြီ၊ ရှင်ပြန်လိုချင်တဲ့ မာနတွေ လမ်းပေါ်မှာနေမှာပေါ့၊ အဲဒီမှာ သွားကောက်"

သက်တန့်က အေးစက်စက် ပြုံးလိုက်၏။

"ကိုယ်မမှားဘူး၊ အားလုံး မင်းဆီမှာပဲ သူရှာ"

"ရှင်… ရှင်… လွှတ်"

"အဟွန်း"

"ရှင် ပညာတတ့် လူကြီးလူကောင်းလုပ်နေပြီး အောက်တန်းမကျနဲ့၊ လွှတ်နော်"

ဖျား သေလုမျောပါး ရုန်းဖယ်ရှောင်တိမ်းနေတာကို မုဆိုးက သားကောင်ကို ကစားသောအပြုံးနှင့် သက်တန့်က အရယ်မပျက်၊ အတင်းအကျပ် ဆွဲချုပ်၏။

မျက်နှာလေးကို နမ်းရှိုက်ရန် ဖျားကို အလွယ်တကူ ချုပ်လို့မရ။

ဒီလူဟာ ကိုယ့်ကိုလက်ထပ်တာ အငြိုးတွေ၊ ကလဲ့စားတွေနဲ့ပါလား။

မာနနှင့် ဒေါသပေါင်းကာ ရှုံးခနဲ ဆောင့်တက်၏။

ဘယ်လိုမှရုန်းမရအောင် ချုပ်ဖမ်းထားသဖြင့် မျက်နှာတစ်ခုကို ကြာရှည်တိမ်းရှောင်နိုင်ဖို့မလွယ်။

"မင်းက ကိုယ့်ကိုတောင် အနိုင်လိုချင်နေသေးတာပဲ ဦးဦးဖျားရယ်… ဟား… ရယ်ရတယ်"

သစ္စာမွန်စာပေ



သက်တန့်က ဖွတ်အတင်းကပ်လာသည်။

မရှောင်သာတော့ဘူးဆိုတာ သိလိုက်သည်နှင့် ရှက်စိတ်ကြောင့် ဖျား မျက်လုံးတွေပြာသွား၏။

မျက်နှာကို ဖျတ်ခနဲ ငုံ့ပစ်လိုက်ကာ မိုးကျလာသည့် သူ့မျက်နှာကို ခေါင်းနဲ့ဆောင့်တိုက်ပစ်လိုက်၏။

"အား"

သက်တန့်မျက်နှာ ချက်ချင်းလန်ထွက်သွားသည်။ ဖျား ဆတ်ခနဲ ထရပ်လိုက်၏။

နှာခေါင်းကို လက်ဝါးတစ်ဖက်နှင့် ဖိအုပ်၍ သက်တန့်က လိုက်ရပ်ပြီး

"ဦးဦးဖျား"

လေး ငါးလှမ်းခန့် ပြေးထွက်သွားပြီးမှ ဖျား တုံ့ခနဲ ရပ်သွား၏။

"ဒီထက်မက မင်း အများကြီးပြန်ပေးရမယ်၊ အဲဒါ မှတ်ထား"

ဖျား သူ့မျက်နှာကို မုန်းတီးစက်ဆုပ်စွာ ပြန်ကြည့်လိုက်မိသည်။

ချောမွေ့သန့်ရှင်းနေတတ်သည့် ယောကျ်ားကောင်းဆိုသော ဒေါက်တာ သက်တန့်မျက်နှာက လက်စားချေ တုံ့ပြန်လိုနေသော အေးစက်ခြင်းများ ဖုံးလွှမ်းလျက်…

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တော်ာက်"

တက်ခေါက်အံကြိတ်မိသော်လည်း ဖျား မှားခဲ့ပြီ။

ဘယ်လိုမှ နှုတ်ထွက်ရုန်း၍ မလွတ်မြောက်နိုင်တော့သည့် အခြေအနေမှာ သက်တန့် သယ်ဆောင်လာခဲ့သော အငြိုးတွေကို ဘယ်လိုရှောင်နိုင်တော့မည်နည်း။

"သမီးလေး"

လေ့ခါးပေါ် ပြေးဘက်တော့မည့် ခြေလှမ်းတွေက ရပ်တန့်သွား၏။

အသံရှင်ကို ဖျား သိသည်။

ထိုရင်ခွင်မှာ ဖျား တစ်သက်လုံး မှီတွယ်ဆိုးနွဲ့ခဲ့ဖူးသည်။

ခုလည်း အားရှိပါးရှိ ငိုချလိုက်ချင်သည့် မျက်ရည်တွေက ရင်ခွင်တစ်ခု လိုအပ်နေလေရာ...

"အန်တီမေ"

"သမီးရယ်"

ဖျား ဒေါ်မေကျော့ရင်ခွင်ထဲ ပြေးဝင်၍ တအားကျုံးဖက်ထားလိုက်မိ၏။

ပြီးတော့ ငယ်ငယ်တုန်းက မာမီရိုက်လို့ ငိုခဲ့ဖူးသလို ရှိုက်၍ ငိုပစ်လိုက်၏။

"သမီး ဘာဖြစ်လို့လဲဟင်၊ သားအမိ ဘာတွေဖြစ်ကြ





ဘာလဲ"

ဖျား ခေါင်းခါရင်း ငိုနေမိဆဲ...

သမီးကို လက်ထပ်ပေးဖို့ စီစဉ်ပြီးပြီ။

သားမက်အဖြစ် ရွေးချယ်လိုက်တာက သမီးအတွက် သဘောကျကျေနပ်လောက်စရာမို့ ရွေးချယ်ခဲ့တာမဟုတ်။

ဖျားကလည်း စီစဉ်တဲ့အတိုင်း လက်ခံခဲ့သည်။

ဒါပေမယ့် ချစ်ခင်နှစ်သက် မြတ်နိုး၍မဟုတ်။

အများအမြင်မှာ မိဘကသင့်တော်လို့စီစဉ်သည်။ သမီးဖြစ်သူက နာခံခဲ့သည်ဟု။

တကယ်တော့ လက်ထပ်ဖို့အားလုံး သေချာခဲ့သည်အထိ အစီအစဉ်များမှာ ဘယ်သူ့မှာမှ ဆန္ဒမပါ။

ရင်ထဲမှာ သောကများနှင့် ဖြစ်၏။

"စဉ်းစဉ်းစားစားလုပ်ပါ မေရယ်၊ မင်းတို့သားအမိလုပ်နေကြပုံက အန္တရာယ်များလွန်းတယ်"

ဦးညီမင်းက ညည်းညူသလို ပြောဖူးသည်။

"မင်းက သမီးကို မင်းမသိတဲ့တစ်ယောက်ယောက်နဲ့ ပါသွားမှာစိုးလို့ ဒေါက်တာသက်တန့်နဲ့ ချက်ချင်းကြီးထိစီစဉ်တယ်၊ သက်တန့်ကိုရော မင်း ဘယ်လောက်ယုံကြည်ရလို့လဲ၊ သမီးလေး သူချစ်တဲ့သူနဲ့လိုက်သွားရင်တောင် တို့နှစ်ဦးထဲမှာ တစ်ဦးက စိတ်ချမ်းသာသွားနိုင်သေးတယ်၊ တကယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်ထောင်ရေးက မင်းထင်သလို ဖြစ်မလာခဲ့ရင် တို့ရော သမီးဘဝရော သွားပြီ''

ဦးညီမင်းက ထောက်ပြခဲ့သေးသည်။

ဒါပေမယ့် ဒေါ်ကေမီက ဆုံးဖြတ်ရဲသည်။ ဖွတ် ရှေ့ ဆက်၏။

ဒီစကားတွေ ဒီအဖြစ်တွေကို သူမတို့ဆီမှာပဲ လာလာ ပြောနေကြတာမို့ ဒေါ်မေကျော့တို့ အားလုံးကို သိနေပါသည်။

ဖျားကို ထည်နဲ့လက်မထပ်ဖြစ်ခဲ့ပေမယ့် မိဘချင်းမှာ ဘယ်လိုစိတ်ခုစရာ အပြောင်းအလဲမှ ဖြစ်မသွားခဲ့ပေ။

ဖျားရဲ့မင်္ဂလာကိစ္စအဝဝကိုတောင် ဒေါ်မေကျော့တို့ ကူညီနေပါသေးသည်။

ဒေါ်ကေမီလည်း မျက်နှာ မသာမယာ။

ဦးညီမင်းလည်း ပြုံးပြုံးရယ်ရယ် မရှိ။

အခု ဖျား ရှိုက်ကြီးတငင် ငိုနေပြန်ပြီ။

ဘာတွေဖြစ်နေကြတာလဲ။

နားမလည်နိုင်တော့ပေမယ့် ဒေါ်မေကျော့ မျက်ရည်ဝဲ လာမိသည်။

ဒီသမီးလေးကို မရခဲ့ပေမယ့်လည်း မငြိုးရက်အောင် ချစ်ခဲ့ရတာပါ။

သစ္စာမွန်စာပေ



သြော်…

ချစ်ခြင်းမေတ္တာတရားဟာ တိုင်းတာတွက်ဆလို့မရ တတ်ပါလား။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ›› ၂၃ ‹‹

"ဘာလုပ်နေတာလဲ၊ အဲဒါ..."

ဖျားကိုယ်လေး တောင့်သွား၏။

နောက်ထပ် စကားသံထွက်ပေါ်လာသော်လည်း မာမီ အခန်းထဲဝင်မလာဘူးဆိုတာကို သိသည်။

မင်္ဂလာကိစ္စအတွက် နှစ်ဖက်မိဘ ရောထွေးနေရသည်။

အန်တီမေတို့လင်မယားလည်း ပါသည်။

သို့သော်...

ဒယ်ဒီ၊ မာမီတို့နဲ့ ဖျားကတော့ ဟိုတုန်းကလို နွေးထွေးကြင်နာစွာ မရင်းနှီးကြတော့ပါ။

ချက်ချင်းကြီး ထစီစဉ်တာမို့ အလုပ်တွေ ရှုပ်နေသည်။





အချိန်ကုန်မှ ပြန်ရောက်တတ်ပြီး မာမီ အိပ်ရာစောစော ဝင်သွား၏။

ဒယ်ဒီကတော့ ဖျားနှင့် မျက်နှာချင်းဆိုင်မိလျှင်

"သမီး ထမင်းစားပြီးပြီလား"

"ရေမချိုးရသေးဘူးလား"

စသဖြင့် မေးမြန်းနှုတ်ဆက်ဖော်ရသည်။

မာမီကတော့ သိသာစွာ အေးစက်သွားခဲ့သည်။ ဒါကို ဒယ်ဒီနဲ့ ပြောဖြစ်ကြသည် ထင်ပါသည်။

"မတတ်နိုင်ဘူး ကိုမင်း၊ စိတ်ထဲမှာနောက်နေတာ တော့ နောက်တာပဲ၊ လုံးဝ ဟန်ဆောင်လို့မရဘူး"

"ဒါ မင်းစီစဉ်တာပဲ၊ သမီးကလည်း ခေါင်းညိတ်တာပဲ မို့လား"

"ညိတ်ရမှာပေါ့၊ ထည့်ကလွှဲရင် သူယူနိုင်တယ်ဆိုတာ ပြချင်တာလေ၊ မိကလည်း ထည့်နဲ့ပဲ လက်ထပ်ပေးချင်တာ၊ သမီးကို မေတို့လက်ထဲကိုပဲ ထည့်ချင်တာ၊ ဒါပေမယ့် သူက ရှေ့ဆက် စိတ်ချလို့မရတော့ဘူး၊ စဉ်းစားခွင့်လုံးဝမပေးနိုင်တော့ ဘူး၊ ဘာပဲဖြစ်ဖြစ် အိမ်ထောင်ရေးကို သူ့သဘောနဲ့ ဆုံးဖြတ်ခွင့် မပေးနိုင်ဘူး၊ မိလုပ်တာ အဲဒါပဲ"

"သမီးက သူငယ်ချင်းဆီထွက်ဖို့ကြိုးစားတာပါ မိရယ်၊ သူရှင်းပြသားပဲ၊ ပြီးတော့ ခုချိန်ထိရော သူ မနှစ်သက်လို့



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာမှာ ငိုနေရှာတာပဲရှိတယ်၊ မင်းမကြိုက်တာကို ထပ်လုပ်ဖို့ ကြိုးစားခဲ့လို့လား''

''ကြိုးစားလို့လည်းမရဘူး၊ မိက ဆုံးဖြတ်ပြီးသား ကိုမင်း၊ သင်း နောက်ထပ်ထွက်ပေါက်ရှာကြည့်၊ အခု မိ အရမ်းစိတ်ညစ်နေရတယ်၊ နောက်ထပ် စိတ်ညစ်မခံနိုင်တော့ဘူး၊ သူ့ကိုလည်း ပြောပြီးသား၊ ထွက်ဖို့စိတ်ကူးတာနဲ့ ငါ့ကို သတ်ပြီးမှသွားလို့''

ကွယ်ရာမှာ မာမီပြောနေသံကို ဖျား ကြားခဲ့ရသည်။ ဒယ်ဒီကတော့ ပွဲကြည့်ပရိသတ်လိုပါပဲ။

မာမီဆုံးဖြတ်လိုက်တဲ့အတိုင်း ကူညီပေးရသည်။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် သမီးကိုလည်း သနားသည်။ ဇနီးကိုလည်း စိတ်ချမ်းသာစေချင်သူ။

''မင်းလုပ်နေတာ ရှဲ့နေတာနဲ့တူတယ် မိ၊ မင်းလည်း စိတ်မချမ်းသာဘူး၊ သမီးလေးက တစ်ဘဝလုံး ပုံပေးရမှာ၊ မိဘကြောင့် သားသမီးနစ်မွန်းသွားတာ ကောင်းပါ့မလား''

''ဘာလို့နစ်မွန်းရမှာလဲ၊ မိလိုချင်တာ သူ့အပေါ် စေတနာ မေတ္တာတွေ ပြသနိုင်ဖို့မဟုတ်တော့ဘူး၊ သူဟာ မိဘမနိုင်တဲ့ သမီးမဖြစ်ဖို့ [illegible] သမီးတစ်ယောက်ကိုတောင် နိုင်နင်းစွာ မအုပ်ချုပ်နိုင်တဲ့မိဘမျိုး ဖြစ်မကျန်ခဲ့ဖို့၊ ဒါပဲ''

ထည်ကတော့ သားလိမ္မာလို့ မာမီမြင်သွားပြီဖြစ်သည်။

သစ္စာမွန်စာပေ



လက်ထပ်ဖို့ကိုငြင်းကြတာ နှစ်ယောက်အတူ…

ဒါပေမယ့် ဖျားက ပိုခဲ့သည်။

လှလေးဆီထွက်ဖို့ ကြိုးစားခဲ့တာက ပို၍အထင်ဆိုးသွားခဲ့၏။ ထို့ပြင် အန်တီမေတို့က ဆက်ဆံရေးမပျက် ရှိနေခဲ့သည်။

ဖျားကို တွေးပွေ့ယုယမပျက်ခဲ့ကြ။

အန်တီမေတို့က သည်းခံလေ၊ ဖျားကို မာမီ အေးစက်လာခဲ့လေ…

ဒီနေ့မင်္ဂလာဆွေ့ခံပွဲဖြစ်မြောက်ခဲ့သည်အထိ မာမီက ဖျားကို ဂရုတစိုက် နွေးထွေးဆက်ဆံခဲ့တာ မရှိတော့။

ဖျားထင်ရာ ရှုတ်လုပ်ဖို့လည်း စိတ်ကူးမရှိခဲ့ပါ။

ဒါပေမယ့် မာမီအေးစက်နေတာကိုတော့ ဘယ်လိုမှ မခံစားနိုင်ပေ။

ပြီးတော့ ကိုယ့်ကိုသိထား၍ အငြိုးနှင့်တုံ့ပြန်လိုသော ယောကျ်ားနှင့် လက်ထပ်ရဦးမည်။

ဒေါက်တာ သက်တန့်ကို သူများတွေက ချောလှသည် တဲ့။

ဒေါက်တာဆိုသော ဘွဲ့ထူးကို တမက်တမော။

ဖျားကတော့ လူကိုရော ဘွဲ့ကိုပါ ဘယ်လိုမှအထင် ကြီး မက်မောကြည့်လို့မရ။

ညအိပ်ရာဝင်တိုင်း မျက်ရည်ကျခဲ့ရတာဟာ ဒီယောကျ်ား

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှင့် လက်မထပ်ဖြစ်ဘဲ လွဲပါစေဟု ဆုတောင်းရင်းနဲ့ ဖြစ်၏။

ဒါပေမယ့် မာမီစေ့စပ်စွာ စီစဉ်နေသည့်ဘက်မှာ ဘာ ယိုပေါက်မှမရှိ။

ဒေါက်တာသက်တန့်ကလည်း အမြန်ဆုံးစီစဉ်ပေးဖို့ တောင် ပြောနေသည်တဲ့။

ဒီလူ ညစ်ပတ်ဖို့အစီအစဉ်တွေနဲ့ပါ။

ဖျားမှာ ရင်ဖွင့်တိုင်ပင်ဖို့ ဘယ်သူမှမရှိ။

ပြောသမျှကို နားလည်လက်ခံပေးတတ်သည့် အန်တီမေ့ကိုကျတော့ရော၊ သူ့သားကိုတော့ မယူနိုင်ပါဘူးလို့ ငြင်းပြီး ဒီလူ့အကြောင်း ရင်ဖွင့်ပြလို့ ဖြစ်ပါ့မလား။

မျက်ရည် မလွယ်တတ်ခဲ့ပေမယ့် ဖျားမျက်ဝန်းမှာ မျက်ရည်မိုးစွေနေခဲ့တာ ကြာပါပြီ။

အကြာကြီး တိတ်ကျသွားပြီးမှ မာမီ့ထံက နောက်ထပ် စကားသံ ထွက်ပေါ်လာ၏။

"ခြောက်နာရီခွဲ အပြီးလုပ်ထားရမှာ၊ ရေချိုးတော့"

ဘယ်တုန်းကမှ ခြေသံမထွက်ခဲ့သော မာမီ့ခြေသံကို ကြားလိုက်ရသည်။

ဖျားမျက်ရည်တွေ ဝိုင်းတက်နေတာကို မျက်တောင် ရှည်များနှင့် ပုတ်ခတ်ဖယ်ရှားပစ်၍ ထိုင်နေရာမှ ထလိုက်သည်။

ထိုစဉ် အခန်းထဲသို့ မိစံဝင်လာကာ...

သစ္စာမွန်စာပေ



"မမလေး... တော်ကြာ မိတ်ကပ်ဆရာမရောက် တော့မှာ၊ ရေချိုးထားပါတဲ့"

ပြောပြီး ကိုင်လာသည့်ပန်းတွေကို မှန်တင်ခုံပေါ်မှာ ကလေးချသိပ်သလို တယုတယ ချသွား၏။

အလွန်လှသော သစ်ခွပန်းတွေ အရောင်လေးမျိုး လောက် ရှိသည်။

ပြီးတော့ ပါကင်နှင့် ထုပ်ထားသော တစ်ပွင့်တည်း ဒီဇိုင်းလှလှထုပ်ထားသည့် ရင်ထိုးတွေလည်း ပါ၏။

ဝတ်မှာက ကိုးရိုးယားဒီဇိုင်းနှင့် နို့နှစ်ရောင်ဝတ်စုံဖြစ် သည်။

ခေါင်းဆောင်းမတပ်ဘဲ စိန်သရဖူဆောင်းဖို့ စီစဉ်သူက ဒေါက်တာသက်တန့်၏ မိခင်။

လက်အိတ်နှင့် ကိုင်ဖို့ပန်းစည်းကို မာမီစီစဉ်နေသည်။

ဖျား ဒီနေ့ သတို့သမီး ဖြစ်ရပါပြီ။

နေ့စဉ် ဆုတောင်းခဲ့ရသော လွဲပါစေဆိုသည့်အဖြစ်ကို ဒီနေ့ ပိုင်ဆိုင်ရပါတော့မည်။

ထိုင်နေရာမှ ထအရပ်မှာ မျက်လုံးတို့က တစ်ဖက်တိုက် မြင့်ကြီးဆီ ဖျတ်ခနဲ ရောက်သွားသည်။

မျက်ဝန်းနှင့်တည့်တည့်မှာ ထည့်အိပ်ခန်းရှိနေသည်။ ဒီနားမှာ ထည်တို့တိုက်ကြီးက အမြင့်ဆုံး။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကြားထဲကခြံမှာ တိုက်ကလေးက ပုပုလေးမို့ အပြိုင်းအရိုင်းဖြစ်နေသော ဖျားနဲ့ထည်တို့၏တိုက်တွေက တစ်ဖက်နှင့်တစ်ဖက် မြင်နေရသည်။

ထည့်အိပ်ခန်းမှာလည်း ညတိုင်း မီးရောင်မြင်နေရသည်။

တစ်ခါတစ်ရံ တံခါးပါပွင့်နေတတ်ပြီး လူမတွေ့။

အပြင်မှာလည်း မဆုံဖြစ်ကြပါ။

မနေ့ညနေခင်းကတော့ ထည် ဂစ်တာတီးနေသံ ကြားသည်။

သူကတော့ သူငယ်ချင်းတွေခေါ်၍ ကစားမပျက်၊ အစားမပျက်။

ကိုယ့်မှာသာ…

ဖျား နှုတ်ခမ်းလေးကို ဖိကိုက်ပစ်လိုက်မိပြီး မျက်ရည်သုတ်ပစ်သည်။

နင် ရှောင်လွှဲလို့မရတော့ဘူး ဖျား…

ရင်ဆိုင်လိုက်တော့၊ ငိုမနေနဲ့၊ ရင်ဆိုင်လိုက်တော့။ ကိုယ့်ကိုယ်ကို အားတင်း၍ ရေချိုးပစ်လိုက်သည်။

အထူးသဖြင့် တိုက်ရှေ့မျက်နှာစာဘက်ကို မကြည့်ဖြစ်အောင် နေသည်။ ဘာသံမှမကြားဖြစ်အောင် နားကြပ်တပ်ထားလိုက်မိ၏။





ခုလောက်ဆို ခြံထဲမှာ ရောင်စုံမီးတွေလည်း ဝေနေပြီ။

တခမ်းတနား ပြင်ဆင်ထားမည်ဖြစ်သည့် ညည့်ခံပွဲကြီးကလည်း ပြီးပြည့်စုံနေလောက်ပြီ။

“မမလေးရယ်… ခဏလောက်ထွက်ကြည့်ပါလား၊ ဒေါက်တာသက်တန့်နဲ့ မမလေးနာမည်တွေရေးထားတဲ့ စာလုံးကြီးတွေက အရမ်းလှတာပဲ၊ မီးတွေဆင်ထားလိုက်တာ ညဘက်ဆို တအားလှမှာ သိလား”

မိစံ မနက်က သတင်းဝင်ပေးလို့ အော်ထုတ်လိုက်မိသေးသည်။

ညနေ ငါးနာရီခွဲပြီးတော့ အရေးတကြီး ဖုန်းဝင်လာသည်။

မိတ်ကပ်ဆရာမက နောက်ကျမည်တဲ့။

“နာရီဝက်ဆိုတာ နည်းသလား၊ ဒီမှာ ကြိုပြီးပြင်ဆင်ထားရမှာ၊ နောက်ထပ်တစ်ယောက် အမြန်ရှာ”

မာမီ ဒေါသထွက်နေသည်။

မိတ်ကပ်ဆရာမက သူ့အမေ ဆေးရုံတင်လိုက်ရလို့ နာရီဝက်လောက်စောင့်ဖို့ ဖုန်းဆက်သည်။

နောက်တစ်ယောက်ခေါ်ဆိုရင်လည်း သူယူထားသည့်ငွေအတွက် ပြန်လျော်ပေးမည်ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



" ငွေက ပြဿနာမဟုတ်ဘူး မီ၊ ဒီအချိန်ကျမှ မိတ်ကပ်ဆရာကောင်းကောင်းရှာဖို့က လွယ်တာမဟုတ်ဘူး"

ဒေါ်မေကျော်က အကြံပေးသည်။

"ဟုတ်တယ်၊ ဆိုင်ကိုပဲ ခေါ်သွားပြီး လုပ်လိုက်မလား"

အပြင်ထွက်ဖို့ဖြစ်လာတော့ ဖျား ခေါင်းခါပစ်လိုက်၏။ ဒီလောက်တော့ ဘလန်ကဆန် လုပ်လိုက်ချင်သေးသည်။

အဆင်မပြေဖြစ်လေ ကောင်းလေပါပဲ။

"ဖျား မထွက်ချင်ဘူး မာမီ၊ မိတ်ကပ်ဆရာမ လာတဲ့အထိ ဒီကပဲစောင့်မယ်၊ နောက်ဆုံး ဖျားဘာသာပဲ ပြင်မယ်"

"အို… မဟုတ်တာ သမီးရယ်"

ဒေါ်မေကျော်က ထပ်၍ချော့မော့လိုဟန်ရှိသော်လည်း ဒေါ်ကေမီကတော့ စိမ်းစိမ်းကြီးကြည့်ကာ ခေါင်းညိတ်၏။

ထပ်ပြောလည်း တမင် အဆင်မပြေဖြစ်ဖို့ ရည်ရွယ်ထားပြီးဖြစ်သော သမီးဖြစ်သူနှင့် သူမ ငြိမ်းချမ်းမှုရမှာ မဟုတ်တာကို သိသည်။

"ပြီးတာပဲ၊ မင်္ဂလာပွဲထွက်မှ ညည်းမျက်နှာကျက်သရေမရှိဖြစ်နေရင်း ညည်းကုသိုလ်လို့မှတ်၊ တစ်ခုသိထားဖို့က ဒီမင်္ဂလာပွဲကစပြီး ညည်းကိုယ်ညည်း မပိုင်တော့ဘူး၊ သက်တန့်တို့ဘက်မှာ မျက်နှာပျက် အရှက်ရအောင်ဖြစ်လာရင်





ညည်းကိုပဲထိမှာ၊ ကိုယ်ကျေနပ်အောင် ကိုယ်လုပ်ချင်လား၊ သူများကျေနပ်စေဖို့လိုသလား၊ ဘယ်သူ့အတွက် အဆင်ပြေမှ ကိုယ်ခံရ သက်သာတယ်ဆိုတာ စဉ်းစား"

မာမီ့စကားများက နားထဲမှာ မိုးခြိမ်းသံကျယ်ကြီးများသို့ တုန်ဟီးကျန်ခဲ့၏။

"ဒီထက်မက မင်း အများကြီး ပြန်ပေးဆပ်ရမယ်၊ အဲဒါ မှတ်ထား"

သက်တန့်၏ ကြိမ်းဝါးသံ…

"ဒီမင်္ဂလာပွဲကစပြီး ညည်းကိုယ်ညည်း မပိုင်တော့ဘူး၊ သက်တန့်တို့ဘက်မှာ မျက်ရည်ပျက် အရှက်ရအောင်လုပ်ရအောင်ဖြစ်လာရင် ညည်းကိုပဲထိမှာ"

တဲ့။

မာမီရယ်…. ဒါတွေကို သိလျက်နဲ့ များ။

ဘယ်လိုပဲတားဆီးထားထား ဖျား မျက်ရည်ကျခဲ့ပြန်သည်။

နေပါစေ…

ဘယ်လိုပဲဖြစ်လာလာ၊ ဒီမင်္ဂလာပွဲ ဖြစ်မြောက်ဖို့အတွက် ဖျား ဘာမှစွမ်းဆောင်မပေးနိုင်။

လူကြီးတွေက အလှပြင်ဆိုင်သွားဖို့ စီစဉ်နေသည်။ ဖျားက ခေါင်းခါ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ်… သမီးမာမီ စိတ်ဆိုးနေပြီ"

ဒယ်ဒီ ရောက်လာပြန်သည်။ ဖျား မျက်နှာလွှဲနေလိုက်မိ၏။

နောက်တော့ မိတ်ကပ်ဆရာမရောက်လာမှခေါ်ပါဟု ပြောပြီး ဖျား တံခါးပိတ်နေခဲ့သည်။

"မမလေး… ဖုန်း"

ဖျား ဖုန်းကိုင်လိုက်သည်။

"ဦးဦးဖျား"

သက်တန့်အသံကြောင့် ဖုန်းကိုင်သည့်လက်က တင်းခနဲ ဖြစ်သွား၏။

"အခု ဘာလုပ်နေသလဲ"

"ရှိုက်ဖုန်းမှုန်းမသိလို့ ကိုင်ထားမိတာနဲ့ နားထောင်နေတယ်"

"ဟား ဟား"

ရယ်သံသဲ့သဲ့ ထွက်လာသည်။

"မင်းမှာ ချစ်ဖို့ကောင်းတာလေးတွေလည်း ရှိနေတာပဲနော်၊ တကယ်ပြောရတယ်၊ အဟွန်း… ဘာပဲဖြစ်ဖြစ် မင်းဟာ ဒီည ကိုယ့်ဇနီးဖြစ်ရတော့မယ်၊ အပြောအဆို ဆင်ခြင်ဖို့ သတိထားဦး"

ဖျားအပြောကို သူ ခဏစောင့်သည်။ ပြီးမှ…





"မိတ်ကပ်ပြင်နေတာမို့လား၊ လှလှလေး ပြင်ထား၊ မင်းကိုပဲ သတိရနေလို့ ဖုန်းကောက်ဆက်လိုက်တာ၊ ခုလောက်ဆို သူ ဘာလုပ်နေမလဲလို့ တွေးနေမိတဲ့အထိ မင်း ကိုယ့်ကို ဖြားယောင်းနိုင်တယ်၊ တကယ်… ဒါပေမယ့် မင်းကိုပေးမှာတွေရော ကိုယ်ယူချင်တာတွေရော ရင်ထဲမှာ သပ်သပ်စီထားဖို့ ကိုယ် ကြိုးစားမှာ၊ အဲဒါ ပြောမလို့…"

ပြောပြီးတော့ ဂွက်ခနဲ ချပစ်လိုက်တာ တမင်လုပ်ပြတာလား။

မိစံ လာပေးသွားတာက ဒယ်ဒီ့ဟန်းဖုန်း။

ဖျား ဖုန်းကို မွေ့ယာပေါ် ပစ်တင်လိုက်မိသည်။

မင်္ဂလာဆောင်ပြီးတာနဲ့ ရှင် အနိုင်ရပြီလို့ ထင်နေသလား။

"ဒေါက်… ဒေါက်…"

"ဘယ်သူလဲ"

"မမလေး… မိစံပါ"

"တွန်းဝင်ခဲ့"

မိစံ ကုတ်ချောင်းချောင်းလေး ဝင်လာသည်။

ပြီးတော့ အနားမှာရပ်ကာ…

"မမလေး… မိတ်ကပ်လိမ်းဖို့ မေမေကြီးက ပြောခိုင်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



“ခေါင်းတွေမူးလို့ မလိမ်းချင်သေးဘူးလို့ ပြောလိုက်”

မိစံက ရုတ်တရက်ထွက်အသွား ဖျားမျက်နှာကို မရဲဘရဲ မော့ကြည့်၏။

“မမလေး… မိုးတောင်ချုပ်နေပြီလေ၊ တော်ကြာ…”

“မိစံ… အဲဒါ နင့်ကိစ္စလား၊ သွားတော့”

အပြင်မှာ ကမ္ဘာပြိုနေတာ မမလေး မသိဘူးလား။

မိစံ ဘာမှမပြောရဲဘဲ ထွက်သွားရှာပေမယ့် ပြောချင်သေးတယ်ဆိုတာ ဖျားသိသည်။

သို့သော်…

ဘယ်သူမှမရှိခင် အခန်းထဲက လှစ်ခနဲထွက်ကာ နောက်ဖေးသံလှေကားလေးကနေ ခြံထဲဆင်းလိုက်သည်။

“မမလေး”

ခိုးကြောင်ခိုးဝှက်လုပ်တာမို့ မိစံအသံကြောင့် ထိတ်ခနဲဖြစ်သွားမိ၏။

“မမလေး… ဘယ်ကိုလဲဟင်၊ ဟို… မေမေကြီးက…”

ဖျားက မိစံကို သမင်လည်ပြန်ကြည့်၍

“ခြောက်နာရီခွဲရင် နောက်ဖေးခြံထဲမှာ ငါ့ကို လာခေါ်”

သစ္စာမွန်စာပေ



မိတ်ကပ်ဆရာမ ရောက်မည်ဆို ခြောက်နာရီခွဲပဲ ဖြစ်မည်။ တကယ်လို့ ဒီအချိန်ထိရောက်မလာတော့မှ မှန်ရှေ့မှာ ခဏလေးထိုင်လိုက်ရင် ပြီးပြီ။

ဒီမင်္ဂလာပွဲမှာ သူ့အတွက် ဖျား သိပ်လှအောင် ပြင်ဖို့လိုသလား။

ဒီအချိန်ထိ ရှော့ပင်အနီရဲရဲ၊ တီရှပ်အဖြူကျပ်ကျပ်လေးနှင့် မျက်နှာလည်းအပြောင်သားဖြစ်နေသော သတို့သမီးကို လူတွေမြင်လျှင် ဘယ်လိုပြောကြမလဲ။

သူများတွေ အလွန်လှသည်ဟုပြောကြသော ဆံနွယ်ပျော့ပျော့တွေက ဖားလျားကျလျက် ကျောပြင်လေးပေါ်မှာ နွဲ့ခါနေသည်။

လှည့်မကြည့်ခဲ့သော်လည်း ခြံရှေ့မှာ ခင်းကျင်းထားသော မင်္ဂလာပွဲကြီး၏ တောက်ပထည်ဝါမှုများကို မှုက်ဝန်းထောင့်မှာ မြင်နေရ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ›› ၂၄ ‹‹

နှစ်ည သုံးည ဆက်၍အိပ်ရေးပျက်ထားသဖြင့် ခေါင်းထဲမှာ မကြည်။

ဒီနေ့လည်း တစ်နေကုန် အိမ်ထဲက မထွက်ဖြစ်ခဲ့ပေ။

"သား မလိုက်လို့မရဘူးနော်၊ တစ်ယောက်နဲ့တစ်ယောက် ပဋိပက္ခဖြစ်ခဲ့ကြတာမဟုတ်ဘူး၊ သားရုပ်မပျက်နဲ့"

မာမီက မထွက်ခင်ကလေးကပဲ သတိပေးသွားခဲ့သည်။

ဘာပဲဖြစ်ဖြစ် သူသွားရမှာပဲဆိုတာကိုလည်း သိသည်။





ခုချိန်ထိ ရေချိုးဖို့ကို သူ အင်အားမဲ့နေခဲ့၏။ ထိုစဉ်မှာ ဖုန်းသံမြည်လာ၏။

တစ်အိမ်လုံးမှာ သူပဲရှိတာမို့ ကိုင်လိုက်ရ၏။

"ထည်… မင်း ဘယ်ရောက်နေလဲ၊ ဧည့်ခံပွဲမှာလား"

"အိပ်ခန်းထဲမှာ"

"ထင်သားပဲ"

မြေပုံက ခနဲ့ပြီး

"ဘာလဲ၊ လူးလိမ့်ငိုနေတာလား၊ လုပ်မနေနဲ့၊ မသနားဘူး"

"မင်းကို ဘယ်သူမှသနားပါလို့ မပြောဘူး၊ ဘာလဲပြော"

"ငါတို့ ဘယ်နှစ်နာရီလာခဲ့ရမလဲ"

"ဘယ်သူကဖိတ်လို့လဲ"

"ဖိတ်ဖိတ် မဖိတ်ဖိတ်ကွာ၊ မင်းနဲ့ ကပ်လိုက်မယ်၊ မင်းနဲ့ ဖျားရဲ့ နောက်ဆုံးနှုတ်ဆက်ကြည့်တွေကို ဝေဖန်မယ်"

"လုံးဝ မလာခဲ့နဲ့"

"ထည်… မင်း မညစ်နဲ့နော်၊ လုပ်ရဲရင် ခံရဲရတယ်၊ ဘာမှမဟုတ်ဘူးဆိုတဲ့ မင်းရဲ့ရင်ဘတ်ကြီးကို ဖွင့်မပြရဲဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုင်ရင်း ထည် ကျွတ်ခနဲ စုတ်သပ်သည်။

ကိုယ့်ကိုယ်ကိုတောင် ဘာကောင်ဖြစ်နေမှန်း မသိတော့သည့်အဖြစ်မှာ မြေပုံတို့ မကျေနပ်တာတွေကို သူ မရှင်းတတ်။

ဖျားကြောင့် သူ့ရင်ထဲမှာ ခံစားနေရတာတော့ သေချာသည်။

ဒါဟာ ဖျားငိုနေတာကို တွေ့လိုက်ရသည့်အချိန်က စခဲ့တာ ဖြစ်၏။

ဒါပေမယ့်...

သူတို့ပြောသလို ဟုတ်ခဲ့လို့လား။

"လုပ်မနေနဲ့ ဟိတ်ကောင်၊ မောင်နှမလို့ သံယောဇဉ်ထဲမှာ နှမလင်ယူမယ့်နေ့ နီးလာလို့ မျက်တွင်းဟောက်ပက်ဖြစ်အောင် မအိပ်နိုင်၊ မစားနိုင်ဖြစ်တဲ့ အစ်ကိုမျိုး မရှိဘူး"

"မစွန့်လွှတ်နိုင်တာနဲ့ သနားတာ တခြားစီပဲ"

လင်းနေကလည်း ကူညီဝေဖန်လိုက်သေးသည်။

ဖုန်းချပြီး သူ ထရပ်လိုက်မိ၏။

ဒီကောင်တွေရောက်လာလျှင် သွားရမည်။ ရေချိုးထားဖို့ ရည်ရွယ်လိုက်၏။

ခုတင်ခြေရင်းမှာ မာမီရွေးထုတ်ပေးသွားသည့်ဝတ်စုံကို တစ်ချက်ကြည့်၍ မြေပုံပြောသလို ကိုယ့်ရင်ဘတ်ကြီးကို ဖွင့်ပြဖို့မလွယ်တာ ပို၍သိလာခဲ့၏။

သစ္စာမွန်စာပေ



မျက်လုံးတွေက တစ်ဖက်ကခြံကြီးဆီ ရောက်သွားပြန်သည်။

ခြံရှေ့တစ်ပြင်လုံး လင်းနေတာ တွေ့ရ၏။

ဂီတသံငြိမ့်ငြိမ့်လေးကို ကြားနေရသည်။ တကယ်ဆို ဒီပွဲဟာ ဖျားနဲ့ သူ့ရဲ့ လက်ထပ်ပွဲ။

ခေါင်းကို ဆတ်ခနဲ ခါထုတ်ပစ်လိုက်ပြီး ရေဝင်ချိုးသည်။

မာမီပေးခဲ့သော ဝတ်စုံကိုဝတ်လိုက်ပြီး ခေါင်းကို ကရင်မ် လူးဖို့ ပုလင်းကို ကိုင်လိုက်ပြီးမှ

"ကရင်မ်လူးတာ ဆံပင်ဖြောင့်တဲ့သူမှ လှတာဟ၊ နင့်ဆံပင်က လှိုင်းတွန့်နည်းနည်းရှိတယ်၊ ပြီးတော့ အရမ်းပြောင်သွားရင် လှအောင် တမင်လုပ်ထားမှန်း သိသာတယ်၊ မလိမ်းနဲ့"

ဖျားပြောခဲ့ဖူးတာကို သတိရကာ ပုလင်းလေးကို ပြန်ထားလိုက်သည်။

ခုလောက်ဆို မင်္ဂလာပွဲမှာ အလှဆုံးကျဲဖို့ ဖျား မှန်ရှေ့မှာ ကျကျနန ပြင်နေပြီထင်သည်။

စိတ်ကူးထဲတွင် ညွှေ့ခံပွဲမှာ မျက်နှာချင်းဆိုင်ဆုံကြတော့ နတ်သမီးလေးလိုလှနေသော ဖျားသည် သူ့ကို မဲ့ပြုံး၍ နှုတ်ဆက်သည်တဲ့။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါ ချစ်ချစ် မချစ်ချစ် နင်ကလွဲရင်ပြီးရော"

ဆိုပါလား။

ကိုယ့်အတွေးနဲ့ကိုယ် ရင်ထဲမှာ နင့်ခနဲ ဖြစ်၏။

ဖျားနဲ့သူ အနီးဆုံးရှိခဲ့ဖူးကြပြီး ဘာဖြစ်လို့ မုန်းခဲ့ကြတာလဲ။

ခေါင်းကို တစ်ချက် နှစ်ချက်ပဲ သပ်ချဖြီးဖြစ်ပြီး သူ့ခြေလှမ်းတွေ ခြံထဲရောက်လာသည်။

မီးတိုင်တွေ အမြဲရှိနေခဲ့သည့်ခြံထဲမှာ မှောင်မိုက်မနေခဲ့ပါ။ ဒီမှာကျတော့ ဇွည့်ခံပွဲကိုလည်း မမြင်ရတော့။

ဘာသံမှလည်းမကြားရဘဲ ဖျားတို့အငွေ့အသက်များနှင့် ဝေ ကွာသွားသလို ခံစားလိုက်ရသည်။

မြေပုံတို့မရောက်သေးတာကို တစ်ချက်မျှော်ကြည့်ရင်း ကွေ့ပတ်ထွက်ခဲ့မိသည်က ခြံ၏ခေါင်းရင်းထောင့်က စကားပင်နှစ်ပင်ဆီသို့။

ထိုစကားပင်များမှာ ဖျားနဲ့သူ အတူဆော့ဖူးသည်။

စာအတူကျက်ဖူးသည်။

တစ်ခါတစ်ခါ အပင်ပေါ်တက်၍လည်း စာကျက်ကြဖူးသည်။

အခြားအပင်များနှင့်မတူဘဲ ခပ်ပုပု ပင်စည်တုတ်သော စကားပင်ကြီးက ကဗျာဆန်အောင် လှသည်။

သစ္စာမွန်စာပေ



ပန်းပန်တာ ဝါသနာမပါတတ်သည့်ဖျားက လှသောပန်းတိုင်းကို ချစ်တတ်သည်။

ပန်းတိုင်း၏မွှေးရနံ့ကို သူမ သဘောကျ၏။ ဘယ်အနံ့က စူးလို့၊ ဘယ်ပန်းနံ့က သင်းလို့။

ပန်းတို့အပေါ် ဖျား ဘယ်တော့မှ မဝေဖန်ပေ။ ထို့ကြောင့် အပင်နှစ်ပင်ကြားမှာ ဒယ်ဒီကိုယ်တိုင် စာကျက်စားပွဲနှင့်၊ ခုံတန်းလှလှလေးတွေ ဖန်တီးပေးထားသေးသည်။

မီးအလင်းရောင်၏ အစွန်အဖျားများဖြစ်သွားသော စကားပင်တွေအောက်မှာ ထည် ရပ်လိုက်သည်။

ဘာရယ်မဟုတ်ဘဲ နောက်ဖေးမလွယ်ပေါက်လေးဆီ လှမ်းကြည့်မိပြန်သည်။

ဟိုခြံ ဒီခြံကူးဖို့အတွက် ဖျားက နောက်ဖေးပေါက်ကနေပဲ အသုံးပြုခဲ့တာဖြစ်သည်။

ဤနေ့မှအစပြု၍ သူနဲ့ဖျားတို့၏ ဆက်နွယ်ပတ်သက်မှုအားလုံး အဆုံးသတ်ခဲ့လေပြီ။

ရင်ထဲမှာ ခြေလွတ်လက်လွတ်ကြီး ပြုတ်ကျမည့်လူလို ဆုပ်ဖမ်းစရာမရှိဘဲ ကတုန်ကယင်ကြီး ဖြစ်လာ၏။

ဖျားနဲ့ သူ့အတွက်ဟု ဒယ်ဒီသတ်မှတ်ပေးထားသည့် ခုံတန်းနှစ်ခုကြားမှာ ထည် မုဆိုးဒူးထောက် ထိုင်လိုက်မိသည်။

ပန်းတွေကောက်မို့ မရည်ရွယ်ပါ။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေကုန် အခန်းအောင်းနေခဲ့သည့် သူ့မှာ ညောင်းညာနေလို့ ထိုင်တာလည်းမဟုတ်။

ခေါင်းစဉ်တပ်စရာမရှိ။

ဘာသာမဲ့နေခဲ့သော လှိုက်မောနေသည့် ရင်ထဲမှာ ပူလောင်နေခဲ့၍ ဖြစ်သည်။

ဖွေးလွသော ပန်းတစ်ပွင့်ကို ကောက်ယူလိုက်မိစဉ် သူ့လက်ခုံအောက်သို့ ပန်းကလေးတစ်ပွင့် ကြွေကျလာသည်။

သူ ကောက်ယူလိုက်မိသည်။

နောက်ထပ် မျက်စိရှေ့သို့ ပန်းသုံးပွင့် နေရာမမှန် ကြွေကျလာပြန်သည်။

ထည့်မျက်လုံးတွေ အပင်ပေါ်သို့ ဖျတ်ခနဲ ရောက်သွား၏။

တီရှပ်အဖြူရောင်လေးကို မြင်လိုက်သည်။

အပင်ပေါ်မှ နိုတွဲဆင်းလာနေသော ဆံနွယ်ရှည်များက ဝဲခါနေ၏။

"ဖျား"

သူ တအံ့တသြနှင့် ထရပ်လိုက်မိသည်။

မှန်ရှေ့မှာထိုင်လျက် စိန်ရွှေရတနာတွေ ဆင်နေမည်။ အလှဆုံးဖြစ်အောင် ပြင်နေမည်ဟု သူ ထင်ခဲ့သော ဖျားသည် ရှော့ပင်ရဲရဲလေးနှင့် တီရှပ်အဖြူရောင်လေးနဲ့ အိမ်နေရင်းအတိုင်း





သူ့ရှေ့မှာရှိနေသဖြင့် ဘယ်လိုမှနားမလည်နိုင်။

ဖျားက သူရောက်လာတာမြင်လို့ ကိုင်ထားသည့်ပန်းတွေကို ပစ်ချကာ အပင်ပေါ်မှဆင်းလာတာ ဖြစ်မည်။

အနည်းငယ် ကော့ကိုင်းနေသော ပင်စည်ထက်မှ မြေပြင်သို့ လွှားခနဲ ခုန်ချ၍ ဘယ်မှမကြည့်ဘဲ နောက်ဖေးဘက်သို့ လှည့်ထွက်သွားသည်။

"ဖျား"

ထည် လွှားခနဲ ပြေးပိတ်လိုက်၏။

"နှင် ဒီထဲမှာ ဘယ်လိုရောက်နေတာလဲဟင်၊ ညှော့ခံပွဲ..."

သူ့စကားမဆုံးခင် ဖျားမျက်နှာလေး မော့လာ၏။

"ဘာလဲ၊ နင့်ကို လာကြည့်တယ်လို့ ထင်နေလား"

ဖျားရန်တွေ့သံက အရင်အတိုင်းပဲ ဖြစ်သည်။

သို့သော် အဖျားခတ်မှာ ကွဲရှတုန်ယင်သွားသည်က ဖျား ငိုနေခဲ့မှန်း သိသာနေ၏။

ဖျား ဒီအပင်ပေါ်မှာ လာငိုနေတာမှန်းသိလိုက်ကာ မီးပုံထဲပစ်ကျသွားသည့် ဖယောင်းတိုင်လို ထည့်ရင်ထဲမှာ ဘာမှမရှိတော့အောင် ပျော်ဆင်းသွားလေသည်။

"ဖျား"

သူ ရှေ့တိုးလိုက်တော့ ဖျားက နောက်ဆုတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"နင် အရမ်းစိတ်ဆင်းရဲနေလား"

"ဟွန်း… လက်ခုပ်တီးပြီး ရယ်မလို့လား၊ ရယ်ပါ၊ နင် ရယ်နိုင်ပါပြီ"

ဖျားက ပြောရင်း ဟီးခနဲ ငိုချလိုက်သည်။

"ငါ… ငါက အဲဒီလိုရယ်ဖို့ကြိုးစားတာ၊ ဒါပေမယ့် မရတော့ဘူး၊ ငါ အရှုံးမပေးချင်ပေမယ့် နင် နိုင်တာပဲ၊ ရယ် ပစ်လိုက်ပါ"

မျက်ရည်ကိုမနိုင်ဘဲ သုတ်ပစ်ရင်း ရှိုက်ငိုရင်းနှင့် ဖျား သူ့ကို ရှောင်၍ ပြေးထွက်သွားသည်။

"ဖျား… နေဦး"

သူ ဖျားလက်ကလေးကို မိမိရရ ဖမ်းဆွဲကာ ပခုံးလေး နှစ်ဖက်ကို ဖိဆုပ်ထားလိုက်၏။

"ငါ့ရင်ထဲမှာ နင်ပြောသလို အငြိုးတကြီး ဘာမှမရှိခဲ့ ဘူး၊ အဲဒါကို နင်ယုံပါ၊ ငါ ဒေါသဖြစ်တတ်သလောက် ငါဖြစ်ခဲ့တယ်၊ နင် အနိုင်ယူချင်တာကို ငါ အရှုံးမပေးနိုင်ဘူး အဲဒီထဲမှာ နင့်ကို သပ်သပ်ကြီး အနိုင်ယူချင်တဲ့စိတ်မျိုး လုံးဝ မရှိခဲ့ဘူးဆိုတာ ငါ ကျိန်ပြောရဲတယ်"

"မပြောနဲ့၊ မသိဘူး၊ ဖယ်"

"ဖျား… နင် ဒေါက်တာသက်တန့်ကို လုံးဝလက်မခံ နိုင်ဘူး မို့လား"





အလင်းရောင်မရှိပေမယ့် တစ်ယောက်မျက်နှာ ပုံ တစ်ယောက် မြင်နေရသည်။

ဖျား တောင့်တောင့်လေးရပ်ရင်း မျက်နှာလွှဲပစ်လိုက် ပြီး

"အဲဒါ နင်နဲ့မဆိုင်ပါဘူး"

"မဆိုင်ဘူးဆိုပြီး ငါနေတာ၊ ဘယ်လိုမှမရဘူး၊ ငါ… ငါ နင့်ကို မစွန့်လွှတ်နိုင်ဘူးဆိုတဲ့အဖြေမရဖို့ ဘယ်လို ဖော်မြူလာပဲသုံးသုံး အဖြေက ဒါပဲဖြစ်နေတယ်။ အခု နင့်ကို မြင်လိုက်တော့… ငါ…"

သူ ဆုပ်ကိုင်ထားသည့်လက်တို့ကို ဖြေချကာ ဆံပင် တွေကို ဖိသပ်လိုက်မိသည်။

ပြီးတော့ လည်ကုပ်ကို ပွတ်၏။

တစ်သက်လုံး ငြိမ်သက်နေခဲ့သည့် ရင်ဘတ်ကြီးတစ်ခု လုံးက ဖုတ်လိုက် ဖုတ်လိုက် တုန်ခါလာခဲ့သည်။

"မမလေး… မမလေး ဘယ်မှာလဲဟင်"

"သြော်… ဝင်ပါဆိုမှ၊ သမီး ဒီထဲပဲ လာရောက်ရှိတာ"

မိစံနဲ့ ဒယ်ဒီ့အသံ…

ဖျားနဲ့ထည် နှစ်ယောက်လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား ၏။

ဖျားက အားတင်းလိုက်ဟန်နှင့် မျက်နှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ မော့၍ သူ့ရှေ့က ကွေ့ရှောင်သည်။

"မသွားနဲ့ ဖျား"

ထည် ဖျားလက်ကို ဆုပ်ကိုင်လိုက်သည်။

"ဖြစ်ချင်တာ ဖြစ်ပစေတော့၊ ငါတို့နှစ်ယောက်လုံး ဆန့်ကျင်ဘက်အရပ်မျက်နှာတွေကို လျှောက်လို့ လုံးဝမဖြစ်ဘူး၊ လာ... ပြေးကြမယ်"

"ဘာ"

ဖျား အံ့သြချိန်ပင်မရလိုက်ဘဲ ထည်ဆွဲပြေးသည့်နောက်ကို ပါသွားခဲ့သည်။

"ဟာ... ဖိုးထည်"

"ဟင်... ဖျား"

တိုက်ရှေ့ရောက်တော့ ကားပေါ်ကဆင်းလာကြသည့် မြေပုံနဲ့ လင်းနေက တအံ့တသြ။

"မင်း... မင်းတို့ ဘယ်လိုဖြစ်..."

"ငါတို့ ခိုးပြေးမှဖြစ်မယ်၊ ဘယ်ကိုပြေးရင်ကောင်း မလဲ"

တစ်စုံတစ်ရာပြောမည်ကြံပြီးမှ နောက်ဖေးဘက်က ဓာတ်မီးရောင်တွေကို လင်းနေက လှမ်းကြည့်လိုက်၏။

"ဟင်... နောက်မှ လူတွေလိုက်လာသလား"

"ဟုတ်တယ်"





ဖြေပြီး ထည်က ကားထုတ်ချိန်မရသဖြင့် မြေပုံတို့ ကားပေါ် ဖျားကို ဆွဲတက်၏။

"ဟာ... မင်းတို့ ဒီလိုပြေးလို့ ခုမှလွတ်မလားကွ၊ သွား အထဲမှာ လုံလုံခြုံခြုံ ဝင်ပုန်း၊ အဲဒါ ဘယ်သူမှမထင်တဲ့ နေရာ၊ ငါတို့ အဆင်ပြေသလို ကြည့်လုပ်မယ်"

"ဟုတ်တယ် ဖိုးထည်၊ သွား... မြန်မြန်"

ထည် ခေါင်းညိတ်ပြီး ဖျားလက်ကလေးကိုဆွဲကာ တိုက်ထဲပဲ ဝင်ပြေးခဲ့၏။

သိပ်မကြာလိုက်ဘဲ ဦးညီမင်းက တိုက်ပုံအင်္ကျီနှင့် ပွဲထိုင်အဝတ်အစားခန့်ခန့်ကြီးဝတ်လို့ လက်ထဲမှာ ဓာတ်မီးနှင့် ရောက်လာသည်။

နောက်မှာ ကောင်မလေးတစ်ယောက်။ မိစံကို မြေပုံတို့ မသိပါ။

"ဟော... မင်းတို့က..."

"ဟဲ ဟဲ... အန်ကယ်"

မြေပုံ ဖင်ကုတ် ခေါင်းကုတ် ပြောရခက်သောပုံစံနှင့် ရယ်သည်။

ဖျားတို့အိမ်ကို မရောက်ဖူးပေမယ့် ဦးညီမင်းနဲ့တော့ မျက်မှန်းတန်းမိကြပြီး ဖြစ်သည်။

ဦးညီမင်းကလည်း မြေပုံတို့ကို သိနေသဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မင်္ဂလာပွဲလာကြတာလား"

"ဟုတ်ပါတယ် အန်ကယ်၊ ဟို… ထည်တစ်ယောက် စိတ်ညစ်နေမှန်းသိလို့ အားပေးဖို့ စောစောလာကြတာပါ"

"ထည်က စိတ်ညစ်တယ်၊ ဟုတ်လား… ဘာဖြစ်လို့လဲ"

သမီးရှာဖို့လာသည့် ဦးညီမင်း ထည်စိတ်ညစ်သည်ဆိုသည့် စကားကို စိတ်ဝင်စားသွားခဲ့၏။

"ဒီလိုပါ အန်ကယ်၊ သူတို့ချင်းက ပါးစပ်ချင်းမတည့်ကြပေမယ့် ရင်ထဲကတွယ်တာနေကြတော့ ခုလိုမထင်တာတွေလည်း ဖြစ်ကုန်ရော"

"ဒါ သူတို့သဘောကျ လူကြီးတွေက စီစဉ်ခဲ့တာပါ၊ ဒီအခြေအနေရောက်မှ တွယ်တာနေတယ်ဆိုတော့ရော ဘာ တတ်နိုင်မှာလဲ"

မြေပုံက လင်းနေကို တစ်ချက်ကြည့်ကာ…

"မတတ်နိုင်တော့မှန်းသိလို့ သူတို့လည်း လူကြီးတွေကို မပြောရဲတော့ဘဲ ထွက်ပြေးသွားကြပါပြီ"

"ဟင်… ဘာ… ဘယ်လို…"

✂ ✂ ✂



# အခန်း ⏩ ၂၅ ⏪

"ဒေါက်… ဒေါက်"

တံခါးခေါက်သံ ခပ်အုပ်အုပ် ထွက်လာသည်။

"ဖိုးထည်… မင်းတို့ ဒီထဲမှာလား"

ဘယ်သူမှ ထင်ကြမည်မဟုတ်သော စတိုခန်း ကျဉ်းကျဉ်းလေးထဲမှာ

"ဟုတ်တယ်၊ ဘာတွေဖြစ်ကုန်ပြီလဲ"

ထည်က တံခါးနားကပ်၍ တိုးတိုးလေးပြန်မေးသည်။

"အားလုံး အိုကေတယ်၊ ဟိတ်ကောင်… အဲဒီထဲမှာ ခြေဆန့်လက်ဆန့် အိပ်သာရဲ့လား၊ မအိပ်သာလည်း ဒီညတော့ ဒီတိုင်းပဲနေလိုက်ဦး၊ မိုးလင်းတာနဲ့ ဖျားကို မင်းပိုင်ပါပြီ၊ လူကြီးချင်းက သဘောတူပြီးသားပဲ၊ ကျန်တဲ့ပြဿနာတော့ ရင်ဆိုင်ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါသိတယ်၊ မာမီတို့ရော"

"မင်းမာမီတို့တော့ ပြန်မလာသေးဘူး၊ ဖျားတို့ဘက်ကတော့ မင်းတို့ပြေးတယ်ဆိုတဲ့နောက်ကို လိုက်ကုန်ကြပြီ၊ မင်္ဂလာပွဲအမီ ဖျားကိုပြန်ရဖို့ ကြိုးစားမှာပေါ့၊ ဟိုဘက်က ဒေါက်တာသက်တန့်တို့ မျက်နှာရှိသေးတာကိုး၊ ဘာမှမပူနဲ့ကွာ၊ ကိုယ်ဖြစ်ချင်တာဖြစ်ရဖို့ အဓိကပဲ၊ လူကြီးတွေ သူတို့ကိစ္စ သူတို့ရှင်းလိမ့်မယ်၊ ငါတို့လစ်ပြီနော်၊ မင်းတို့ အပြင်လုံးဝ မထွက်ကြနဲ့"

တံခါးတစ်ချပ်ခြားပြီး လင်းနေကလည်း ကပ်မှာနေသည်။

"ဒီည မင်းလုံအောင်ပုန်းနိုင်ရင် ပြီးပြီ၊ ဖိုးထည်··· ညီစေနော်"

"ညီစေ"

သူတို့ချင်း ပြေလည်မှုယူပြီးသည်နှင့် မြေပုံတို့ နှုတ်ဆက်သွားကြသည်။

"ဘာ ညီစေလဲ"

ဖျားက နဖူးက ဆံပင်လေးသပ်တင်ပြီး တစ်ဖက်လှည့်ရပ်၏။

ထည်က ဖျားပခုံးလေးနှစ်ဖက်ကို ဆတ်ခနဲ ဆွဲယူကာ "ခင်ဗျားကို ခိုးမိထားဖို့လေ၊ ခုနေ လူကြီးတွေရောက်





လာလည်း ခါးနဲ့မိုးထားရင်တောင် ပြန်မပေးနိုင်တော့ဘူး"

ဖျား ရယ်ချင်တာကို နှုတ်ခမ်းလေးကိုက်၍ မျိုသိပ်ထားမိသည်။

တစ်ဖျက်က ထမင်းစားခန်းနှင့် စတိုခန်းကြားထဲမှာ မီးလုံးလေး ထွန်းထားသည်။

အလင်းရောင်က ဝါကျင်ကျင် ခပ်မှုန်မှုန်ပေမယ့် မြင်ကွင်းအားလုံးကို ထင်ရှားစွာ မြင်နေရ၏။

မီးခိုးရောင် ဘောင်းဘီရှည်၊ ရှပ်လက်ရှည်ဝတ်စုံနှင့် အဝါရောင်နှင့် မီးခိုးရောင်ရောသော နက်ခ်တိုင်ကို စည်းထားသည့် ထည့်ပုံစံကိုလည်း မြင်နေရသည်။

ဤယောက်ျားဟာ ဒီနေ့ ဖျား မခွဲနိုင်အောင် တွယ်တာ မြတ်နိုးမိခဲ့သည့် ခင်ပွန်းတစ်ယောက်ဖြစ်လာမည်လို့ ဘယ်တုန်းကမှ မတွေးခဲ့ဖူးပါ။

အမြဲတမ်း ရိုးသားစွာ ဂရုမစိုက်မိခဲ့သော ရူးရဲသည့် မျက်ဝန်းတို့ရှေ့မှာ ဖျားလက်ဖျားလေးတွေ စိမ့်အေးလာသည်။

"ဖျား"

ထည်က ဖျားမျက်နှာလေးငုံ့နေလို့မရအောင် ပခုံးနှစ်ဖက်ကို အတင်းအကျပ် ဆွဲပင့်၍ လှုပ်ပစ်သည်။

"နင်ရော ငါ့လိုပဲလား၊ ဟင်··· ပြောစမ်းပါ"

"မဟုတ်ဘူးဆိုရင် ယုံလား"



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝမယုံဘူး၊ နှင်နဲ့ငါ ထပ်တူခံစားနေရတာ၊ ငါ့လိုပဲ ခံစားနေရလို့ နှင် စကားပင်ပေါ်ရောက်လာတာ၊ ငါလည်း အဲဒီအပင်အောက်ရောက်လာတာ၊ ဒါတွေဟာ စိတ်ချင်း ဆက်သွယ်ချက်တွေပဲ"

ဖျားက နီးကပ်စွာငုံ့မိုးနေသော မျက်နှာကို မော့ကြည့်၏။

"ဘာလဲ… နှင်က တစ်ဖက်သပ်ဖြစ်နေရမှာကို ကြောက်လို့လား၊ ဒါဆို…"

"ဖျား… တော်ပြီ၊ အဲဒီပြိုင်တာ ဆိုင်တာတွေ လုံးဝ မပါဘူး၊ တစ်ဖက်သပ်ပဲချစ်ရချစ်ရ၊ ချော့မော့တောင်းပန်နေရ လည်း မတတ်နိုင်ဘူး၊ ငါ နှင့်ကိုချစ်တယ်"

ချစ်တယ်ဆိုသော စကားတစ်ခွန်းကို ကြားလိုက်စဉ်မှာ နှလုံးသွေးက ဒိတ်ခနဲ ဆောင့်ခုန်၏။

လွန်စွာကြည်နူးမေ့မူးဖွယ်ကောင်းသော ချစ်ခြင်းတရား၊ ချစ်သည့်စကားတွေ ကြားဖူးခဲ့သမျှ ဖျား ရင်ခုန်တတ်ခဲ့တာ ဒါ ပထမဆုံး။

သို့သော်…

ရှက်ရွံ့ခြင်းများနှင့် ဖျား ထည့်လက်တွေကို ဖယ်ချပစ် မိသည်။

ကြမ်းတမ်းစပြုလာသော ရင်ခုန်သံတို့ကို ရှောင်လွှဲ





ရင်း၊ ရှန်းဖယ်ရင်း ဖျားကိုယ်လုံးလေး ထည့်ရင်ခွင်ထဲသို့ လုံးလုံးလျားလျား ရောက်သွားလေသည်။

"ငြိမ်ငြိမ်လေးနေ၊ ဒီအခန်းထဲမှာ ဖုန်တွေချည်းပဲ၊ ခင်ဗျားကို ပေကုန်မှာစိုးလို့"

မချိုမချဉ်မျက်နှာနှင့် တိုးတိုးလေးကပ်ပြောရင်း ထည့် မျက်နှာ ငုံ့ကျလာသည်။

"ထည်နော်… လူလည်မကျနဲ့၊ သွား"

"ဘယ်က လူလည်ကျရမှာလဲ၊ မြေပုံပြောသွားလို့"

"ဘာလဲ"

"ဒီည ပိုင်အောင်လုပ်ထားတဲ့"

"မဟုတ်ဘဲနဲ့၊ ထည်နော်… ငါလည်းကြားတာကို"

"တကယ်ပြောတာ၊ တိုးတိုးလေး ကပ်ပြောသွားတာ၊ ကောင်မလေးကို လုံးဝမလွှတ်နဲ့တဲ့၊ ပြီးတော့… ဟို…"

"ဟာ… ဟင့်အင်း… သွား"

"ဖုန်တွေ ပေမှာစိုးလို့ပါဆို"

ရယ်နေသည့်မျက်နှာကို ဖျား မျက်စောင်းလေးရွယ်၍ မော့ကြည့်သည်။

နဖူးပြင်လေးထက်သို့ အနမ်းတစ်ပွင့် ကြွေဆင်းလာ၏။ ပြီးတော့…

ည၏ ဖြားယောင်းမှုနောက်မှာ အတိတ်မေ့သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် ဘယ်လိုရင်ဆိုင်ကြမလဲဆိုသော အနာဂတ်ကိုလည်း သတိမရ။

အချစ်အတွက်ဆို အားလုံးအဆင်သင့်ဖြစ်နေတတ်သော အချစ်ဖြင့် သာယာစေခြင်းကို ဖျား နားလည်သွားခဲ့၏။

ခန့်ညားထည်ဆိုသည့် ယောကျ်ားတစ်ယောက်ဟာ ဦးဦးဖျားရင်ထဲမှာ ပထမဆုံး ချစ်တတ်ခဲ့သော…

*ပရိသတ်အတွက် အမြဲထာဝရ*
*သျှင်မ*

BURMESE CLASSIC .com

www.burmeseclassic.com